# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကာမဂုဏ်၌ မတပ်မက်၊ မငြီးတွယ်**

ပန်းခူးသောသူသည် ကောင်းနိုးရာရာပန်းများကို ခူးသကဲ့သို့ ကာမဂုဏ်တရားတို့ကို ရယူသိမ်းပိုက်တတ်ကြ၏။ ထိုသူတို့သည် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာသောစိတ်ဖြင့် မည်သည့်အခါမျှ မရောင့်ရဲနိုင်သောကြောင့် သေမင်းနိုင်ငံသို့ လိုက်ရသည်သာဖြစ်၏။ ကာမဂုဏ်တို့ကို မတောင့်တ၊ မငြီးတွယ်ဘဲ ရောင့်ရဲတတ်သူကား သေမင်း၏လက်မှ လွတ်မြောက်ရ၏။ ကာမဂုဏ်တို့၌ မတပ်မက်၊ မငြီးတွယ်ဘဲ နေနိုင်အောင် ကြိုးစားရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၄၈)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၂၁)




# အင်အားသုံးခုကို စုစည်းပြီး ရခိုင်ပြည်နယ် ပြည်ထောင်စုစီမံကိန်း အောင်အောင်မြင်မြင် လုပ်ခြင်းဖြင့် အနာဂတ်ပြည်ထောင်စုအတွက် ခိုင်မာသည့် အုတ်မြစ်ချသောလုပ်ငန်းဟု ယူဆ

**နေပြည်တော် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

UEHRD ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မည်သည့်အလုပ်မျိုးလုပ်လုပ် နိုင်ငံတစ်နိုင်ငံတွင်ကိုယ့်အချင်းချင်း စည်းစည်းလုံးလုံးလုပ်ပါက အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ပြည်တွင်းအင်အားကို ယှဉ်နိုင်သည့် ပြည်ပအင်အားဆိုတာ ဘာမှမရှိဘူးဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းပံ့ပိုးချင်သည့် စိတ်ရှိခြင်းအတွက် ဝမ်းသာပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက အခမ်းအနားမစခင်တွင် တင်ပြထားတာအချို့ရှိသည်ဟု နားလည်ပါကြောင်း၊ တင်ပြထားသည်များကို မိမိအနေဖြင့် စိတ်လည်းဝင်စားပါကြောင်း၊ ကောင်းလည်း ကောင်းသည်ဟု ထင်ပါကြောင်း၊ ဥပမာ ရခိုင်ပြည်နယ် ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များရှိပါကြောင်း၊ ယင်းမှာ အလွန်ကောင်းသည့် အကြံပြုချက်ဖြစ်ပါကြောင်း၊ အသေးစိတ်ကို မိမိတို့ဆွေးနွေးပြီး အစီအစဉ်ချရမည် ဖြစ်ပါကြောင်း။


*စာမျက်နှာ ၄ ကော်လံ ၁* ●


**အမှာစကားပြောကြား**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်

(သတင်းစဉ်)






မြန်မာ့အလင်း

# ဆက်နွယ်မှုတို့၏ သရုပ်သကန်

ရခိုင်ပြည်နယ်အရေးကိစ္စသည် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ တချို့သောနိုင်ငံတို့နှင့် နိုင်ငံတကာ သတင်းမီဒီယာ အတော်များများသည် ရခိုင်ပြည်နယ်အရေးကို လူ့အခွင့်အရေးရှုထောင့် သက်သက်မှသာ ရှုမြင်သုံးသပ် ပြောဆိုရေးသားနေကြပါသည်။ အဆိုပါ ပုဂ္ဂိုလ်၊ နိုင်ငံ၊ အဖွဲ့အစည်းတို့သည် ရခိုင်ပြည်နယ်၏ သိမ်မွေ့သောပထဝီဝင် အနေအထားနှင့် သမိုင်းကြောင်းတို့ကို သိလည်းမသိသကဲ့သို့ သိမြင်နားလည်ရန် ကြိုးပမ်းအားထုတ်ခြင်းမရှိပါ။ ရခိုင်ပြည်နယ်ပြဿနာသည် သိမ်မွေ့သောသမိုင်းအချက်အလက်တို့ကို လိုသလိုပုံဖျက်ဆွဲသုံး၍ တိုင်းရင်းသားမျိုးနွယ်စုအသွင် ပုံပေါ်လာစေရန် ကြိုးပမ်းအားထုတ်မှု ဖြစ်ပါသည်။ ပထဝီဝင်အနေအထားအပေါ်မူတည်၍ အချုပ်အခြာအာဏာပိုင်နယ်မြေကို ဖဲ့ထုတ်ရယူရန် ကြိုးပမ်းမှုဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုအပေါ်အခြေခံ၍ ရခိုင်လူမျိုးအတော်များများ ပြည်နယ်ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေရခြင်းနှင့်လည်း ဆက်စပ်ပတ်သက်နေပါသည်။ ရခိုင်ပြည်နယ်ရှိ သယံဇာတတို့ကို ပြည်နယ်အတွင်းနေထိုင်ကြသောလူမှုအသိုင်းအဝိုင်းတို့ကြား ခွဲဝေသုံးစွဲရေးနှင့် ဆက်နွယ်နေပါသည်။ တိုင်းပြည်အတွင်း ခေတ်မီစီမံခန့်ခွဲမှုနှင့် ခေတ်မီယန္တရားတို့ အသုံးပြုနိုင်စွမ်းအားနည်းနေခြင်းအပေါ်၌လည်း အတိုင်းအတာတစ်ခုအထိ နှီးနွယ်နေပါသည်။

ဤကဲ့သို့ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ရမည့် ရခိုင်ပြည်နယ်အရေးကို လူ့အခွင့်အရေးရှုထောင့်တစ်ခုတည်းမှ ရှုမြင်သုံးသပ် ဆောင်ရွက်ခြင်းသည် ပြဿနာ၏အဖြေရှာဖွေရေးကို လမ်းပြောင်းစေ၍ ပြဿနာကို ပိုမိုနက်ရှိုင်းခက်ခဲစေပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ်အခြေခံ၍ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအတွက် လျာထားပြီးဖြစ်သော ဒေါ်လာသန်းနှစ်ရာကို ဆိုင်းငံ့လိုက်ကြောင်း အောက်တိုဘာလ ၁၂ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ ဒေါ်လာသန်းနှစ်ရာချေးငွေသည် နိုင်ငံတော်၏ ဘတ်ဂျက်ထဲသို့ တိုက်ရိုက်ထည့်ဝင်မည့် ချေးငွေအမျိုးအစားဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် အဆိုပါချေးငွေကို လွတ်လပ်စွာ သုံးစွဲပိုင်ခွင့် ရှိပါသည်။ ဤဒေါ်လာသန်းနှစ်ရာ ချေးငွေကိုသုံးစွဲရာ၌ နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာရန်မလိုကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။ တိုင်းပြည်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဒေါ်လာသန်းနှစ်ရာချေးငွေကို နိုင်ငံတော်အစိုးရကသုံးစွဲပိုင်ခွင့်ရရှိခဲ့ပါသည်။ သို့သော် ကမ္ဘာ့ဘဏ်က ဤဒေါ်လာသန်းနှစ်ရာ ချေးငွေကို ဆိုင်းငံ့လိုက်သည့်အတွက် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်သည် အနိမ့်ဆုံးယာယီအားဖြင့် ပိတ်ဆို့ခံလိုက်ရပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ပြဿနာကြောင့် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၌ ကျန်သောပြဿနာများ မရှိလေဟန်(သို့မဟုတ်) အရေးမပါလေဟန် ပြုမူနေခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးမရှိသကဲ့သို့ ကမ္ဘာကြီးအတွက်လည်း မည်ကဲ့သို့သော အကျိုးကျေးဇူးကိုမှ ဖန်တီးဖော်ဆောင်ပေးနိုင်မည်မဟုတ်ပါ။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ ကမ္ဘာ့ဘဏ်အနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေးအား မြန်မာနိုင်ငံ၏ ကျန်ရှိသော ပြဿနာရပ်တို့ဖြေရှင်းရေးနှင့်ပါ ခြုံငုံဆက်စပ်သုံးသပ်၍ အပြုသဘောတိုးတက်မှုတစ်ရပ်ကို ပုံဖော်ဖန်တီးရယူရန်သာဖြစ်ပါသည်။ ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူတို့အား ကွန်ပျူတာစနစ်အခြေခံ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကဲ့သို့သော လုပ်ငန်းတို့အား ကမ္ဘာ့ဘဏ်က ကူညီခြင်းသည် ရခိုင်ပြည်နယ်အရေးဖြေရှင်းရေးကို အပြုသဘောတိုးတက်ဖြစ်ထွန်းစေခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးအပေါ် မူတည်၍ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအတွက် လျာထားသည့်ချေးငွေတို့ကို ဆိုင်းငံ့လိုက်ခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အရေးကို လျစ်လျူရှုလိုက်ခြင်းသာဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို အမှန်တကယ်လိုလားပါက ရခိုင်ပြည်နယ်အရေးကို မြန်မာနိုင်ငံ၏ ကျန်သောပြဿနာတို့ ဖြေရှင်းရေးနှင့်အတူ ဆက်စပ်သုံးသပ်ကိုင်တွယ်ပံ့ပိုးကူညီပေးရမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre )၌ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ပြည်ကြီးတံခွန် မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး Dr. ထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာစာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မိုးထစ်ချုန်း

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

## မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၀**



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ၊ ဒူမားလွှတ်တော် (State Duma) ဥက္ကဋ္ဌနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဥက္ကဋ္ဌတို့၏ ဖိတ်ကြားမှုအရ(၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံ (137th Assembly of Inter-Parliamentary Union)သို့ တက်ရောက်ရန် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ Pulkovo လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ရုရှားနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကိုကိုရှိန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၁၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Expo Forum ၌ ကျင်းပသည့် (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်၊ ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ၊ ဒူမားလွှတ်တော် ဥက္ကဋ္ဌနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ ဥက္ကဋ္ဌတို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သည် အောက်တိုဘာ၁၄ ရက်မှ ၁၈ ရက်အထိကျင်းပသော ညီလာခံ၌ "Promoting cultural puuralism and peace though inter-faith and inter-ethric dialogue" ခေါင်းစဉ်ဖြင့် ပြုလုပ်သော အထွေထွေဆွေးနွေးပွဲတွင် မူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအပြင် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော အရေးပေါ်အကြောင်းအရာ ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ ဖြစ်ပေါ်နေသည့် အခြေအနေမှန်များနှင့် လွှတ်တော်နှင့် အစိုးရတို့ဘက်မှ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေမှန်များသိရှိစေရန် ထည့်သွင်း ပြောကြားခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညီလာခံအပြင် ဆက်စပ်အစည်းအဝေးများသို့လည်းကောင်း၊ ပါလီမန်အထွေထွေအတွင်းရေးမှူးချုပ်များအဖွဲ့ (ASGP) အစည်းအဝေးသို့လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (၁၃၇) ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံသို့ နိုင်ငံတကာ ပါလီမန်များအဖွဲ့၊ အဖွဲ့ဝင် ၁၇၃ နိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၂၃၀၀ ကျော် တက်ရောက်ခဲ့သည်။**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၀-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၅/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ . ၇၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ အောက်တွင် လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၈/၂၀၁၇ ဖြင့် ဥက္ကဋ္ဌအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါ ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ခြောက်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီကို အထောက်အပံ့ဖြစ်စေရန်နှင့် လုပ်ငန်းများ လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီနှင့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုထရန်စပွန်ဒါ ငှားရမ်းရေးဆပ်ကော်မတီစသည့် ဆပ်ကော်မတီသုံးခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

**အကောင်အထည်ဖော်**

ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၈ ရက်တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် လေးခုချမှတ်ခဲ့ပါကြောင်းနှင့် ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ခြောက်ခု ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက် ၁၀ ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပိုင်ဂြိုဟ်တုစနစ် တည်ထောင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ယခင်အစည်းအဝေးများတွင် တင်ပြခဲ့သည့် နည်းလမ်းသုံးခုရှိပါကြောင်း၊ နည်းလမ်း(၁) မှာ အခြားနိုင်ငံကပိုင်သည့် ဂြိုဟ်တုထရန်စပွန်ဒါကို ငှားပြီး ငွေပေးချေသောစနစ် (Condosat)၊ နည်းလမ်း(၂)မှာ အချိုးကျပူးတွဲပိုင်ဆိုင်သည့်စနစ် (Joint)၊ နည်းလမ်း(၃)မှာ အလုံးစုံပိုင်ဆိုင်သည့်စနစ်တို့ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်ပြသည့် နည်းလမ်း(၂)ဖြစ်သော အချိုးကျပူးတွဲပိုင်ဆိုင်သည့်စနစ်ကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် Myanmar Sat - 1 ကို ငှားရမ်းသုံးစွဲနေပါကြောင်း၊ နောက်ထပ် Myanmar Sat - 2 ကို လွှတ်တင်နိုင်ရေးနှင့် အချိုးကျပူးတွဲ ပိုင်ဆိုင်နိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းရှိပြီး ၁၀ ရစ် ပေးချေရမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလများတွင် ပေးသွင်းရန် ညှိနှိုင်းထားပါကြောင်း၊ Myanmar Sat-2 ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုင်ရာ ညှိနှိုင်းရမည့်ကိစ္စများကိုလည်း ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီအဖွဲ့က မိမိဘက်မှ နစ်နာမှုမရှိအောင် သေချာစွာစစ်ဆေးပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့သုံးစွဲမည့် ထရန်စပွန်ဒါများတွင် Indefensible Right of Use (IRU) အသုံးပြုမှုအခွင့်အလမ်းကို ပယ်ဖျက်၍မရအောင်ထည့်သွင်းချုပ်ဆိုရမည်ဖြစ်ပါကြောင်း။

ဆပ်ကော်မတီများအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုထရန်စပွန်ဒါ ငှားရမ်းရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လက်ရှိဆောင်ရွက်နေသည့် အခြားနိုင်ငံပိုင်ဂြိုဟ်တု ထရန်စပွန်ဒါကို ငှားရမ်းပြီး ငွေပေးချေသည့်စနစ် (Condosat) စနစ်၏ ထရန်စပွန်ဒါများအနက် C-band ထရန်စပွန်ဒါ 252 MHz အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အပြည့်အဝငှားရမ်းနိုင်ခဲ့သည့်အပြင် နောက်ထပ် 72 MHz ကိုပါ MPT က ထပ်မံငှားရမ်းနိုင်ရေး အဆိုပြုထားသည်ဟု သိရပါကြောင်း၊ သို့သော်လည်း Ku-band ထရန်စပွန်ဒါကို ငှားရမ်းသုံးစွဲမှု နည်းပါးသေးကြောင်း၊ ငှားရမ်းနိုင်ရေးအတွက် ဆက်လက် စည်းရုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ဈေးကွက်ရှာဖွေ**

Myanmar Sat -2 မှ ထရန်စပွန်ဒါ C-band ခြောက်ခုနှင့် Ku-band ခြောက်ခုကို ရရှိမည်ဖြစ်ပါကြောင်း၊ C-band မှ 432 MHz နှင့် Ku-band 432 MHz စုစုပေါင်း 864 MHz ရရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ MHz အားလုံးကို အသုံးပြုနိုင်မှသာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ အသုံးပြုနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိက ကဏ္ဍများနှင့် တွေ့ဆုံဆွေးနွေး ဈေးကွက် ရှာဖွေသွားရမည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စာချုပ်ပါအတိုင်း ငွေပေးချေနိုင်ရေးအတွက် နှစ်အလိုက် လျာထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

၂၀၁၉ ခုနှစ် ဇွန်လတွင် Myanmar Sat-2 ကို စတင်သုံးစွဲနိုင်ပါက ဝန်ကြီးဌာနများအနေဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ပြီး အသေးစိတ်ညှိနှိုင်းထားကြရမည်ဖြစ်ပါကြောင်း၊ နည်းပညာဆပ်ကော်မတီအနေဖြင့်လည်း Migration ကိစ္စအား မည်သို့ဆောင်ရွက်ကြမည်ကို ဆွေးနွေးညှိနှိုင်းထားကြရန် လိုပါကြောင်း။

**ရှင်းလင်းပြရန် လိုအပ်**

ဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့နှင့်ဆက်စပ်သည့် Company များကို Myanmar Sat-2 အား ငှားရမ်းသုံးစွဲနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း၊ ထိုသို့စည်းရုံးဆောင်ရွက်ရာတွင် မိမိတို့ဘက်က ပေးနိုင်မည့် ဝန်ဆောင်မှုများကို သေချာစွာ ရှင်းလင်းပြရန် လိုအပ်ပါကြောင်း၊ လိုအပ်ပါက ဝန်ကြီးဌာနနှင့် ကုမ္ပဏီများ၏ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး Work Shop ပြုလုပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဦးဆောင် ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ခုနစ်ချက်အနက် အပိုဒ်(င)တွင် "နိုင်ငံတော်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂြိုဟ်တုစနစ်ဖြင့် အသုံးချစနစ်များဖော်ဆောင်ရန်"ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနတွင် အသုံးမပြုဖူးသည့် ဂြိုဟ်တုအသုံးချနည်းပညာများကို နိုင်ငံခြားတိုင်းပြည်များတွင် မည်သို့သုံးကြသည်ကို လေ့လာပြီး မိမိတို့တိုင်းပြည်တွင် အကျိုးရှိအောင်သုံးစွဲကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားမှ ဂြိုဟ်တုထရန်စပွန်ဒါ ငှားရမ်းသုံးစွဲသည့် ဝန်ကြီးဌာနများအနေဖြင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းများ ပြည့်သွားသည့်အခါ Myanmar Sat-2 ကို ပြောင်းလဲသုံးစွဲသွားနိုင်ရန်အတွက် နည်းပညာဆပ်ကော်မတီအနေဖြင့် အသေးစိတ်ဆွေးနွေးတိုင်ပင်ကြရန်လိုပါကြောင်း၊ အခက်အခဲများကို ပူးပေါင်းဆွေးနွေးတိုင်ပင်၍ ဖြေရှင်းပါက ကျော်လွှားသွားနိုင်မည်ဟု ယူဆပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အတွက် အကျိုးရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ကျစေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍများတွင်လည်း ပြည်သူလူထုအတွက် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ကြိုးစားဆောင်ရွက်**

ယခု တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် မိမိတို့၏ ဝန်ကြီးဌာန အဆင့်မြင့်တိုးတက်လာအောင် ဂြိုဟ်တုအသုံးချနည်းလမ်းများကိုလေ့လာကြပြီး အချိုးကျပူးတွဲပိုင်ဆိုင်သည့်စနစ်ဖြစ်သည့် Myanmar Sat -2 ကို အောင်မြင်စွာ လည်ပတ်နိုင်ရန်နှင့် တစ်ချိန်တည်း မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်နိုင်မည့် နည်းလမ်းများကိုပါ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ ကြိုတင်ပြင်ဆင်ရမည့်ကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဂြိုဟ်တုအသုံးပြုနေမှုအခြေ အနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်ကြီး၌ ကျင်းပမည့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားတို့အတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သံဃာတော် အပါး ၁၀၀၀၀ ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် အဆိုပါအခမ်းအနားများတွင် ကုသိုလ်ယူပါဝင်လှူဒါန်းရေးအတွက် ဦးစိန်မော်(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၆၆၅၅၂၉၊ ၀၉-၈၆၀၂၁၆၃၊ ဒေါ်ခင်လှမြင့် (ဒုတိယညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၂၃၀၂၁၇၅၊ ၀၉-၅၀၆၅၁၃၅၊ ဒေါ်သွယ်သွယ်ထွန်း(ဒုတိယညွှန်ကြားရေးမှူး) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ မြို့တော်ခန်းမ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဖုန်း- ၀၉-၄၅၃၇၇၁၇၈၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းလမ်းညွှန်စာအုပ် မိတ်ဆက်ပွဲနှင့် ဖွားသေစာရင်းအင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNICEF (မြန်မာ)တို့ ပူးပေါင်းကျင်းပသည့် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်း လုပ်ငန်းလမ်းညွှန် စာအုပ်မိတ်ဆက်ပွဲနှင့် ဖွားသေစာရင်းအင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မိမိတို့ လုပ်သမျှအလုပ်အားလုံးသည် မိမိတို့နိုင်ငံအတွက်ဖြစ်သော်လည်း ရရှိလာသည့်ရလဒ်သည် တစ်ကမ္ဘာလုံးကို အကျိုးသက်ရောက်ပြီး လွှမ်းခြုံနိုင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ မျှော်မှန်းချက် ကြီးကြီးမားမားဖြင့် လုပ်ဆောင်နေသမျှကာလပတ်လုံး မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် အမြဲတမ်း အလံတလူလူ လွင့်ထူနိုင်မည်ဖြစ်ပါကြောင်း၊ ဆွေးနွေးကြမည့်သူများအနေဖြင့် ယနေ့မိမိတို့ လုပ်ဆောင်သည့် လုပ်ငန်းသည် ဒီအခမ်းအနားတွင် ပြီးဆုံးသွားသည့် ပုံစံမျိုးမဟုတ်ဘဲ သမိုင်း၌ ဖြစ်တည်နေမည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်စေရန်ဆိုသည့်သဘောမျိုးဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ကိန်းဂဏန်းများ တိကျမှန်ကန်မှုအားနည်းခဲ့သောကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရန်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ဆောင်ရွက်မည်ဆိုလျှင် သေချာမှတ်ယူထားရမည်မှာ အချက်အလက်များ၊ ကိန်းဂဏန်းစာရင်းဇယားများကို မည်သည့်အခါမျှ မမေ့ဘဲ အမြဲ တမ်းတန်ဖိုးထားနိုင်မှသာလျှင် မိမိတို့ နိုင်ငံတိုးတက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ သိရှိနားလည်ထားကြသည့် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ကြပြီး မြန်မာနိုင်ငံ၏ အနာဂတ်ကို အထင်ကရဖြစ်စေ ရန်၊ အမှတ်တရဖြစ်စေရန် ပုံရိပ်ကောင်းစွာဖြင့် ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းလမ်းညွှန်စာအုပ်သည် ဝန်ကြီးဌာနအားလုံးအတွက် အရေးကြီးပါကြောင်း၊ ယခုလမ်းညွှန်စာအုပ်သည် မြန်မာနိုင်ငံအတွက် မှတ်တိုင်အဖြစ် ကျန်ရှိနေမည်ဖြစ်ပြီး လူမှုစီးပွားမူဝါဒများ၊ လူဦးရေဆိုင်ရာ မူဝါဒများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာမူဝါဒများ၊ ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင်လည်း များစွာအရေးပါကြောင်း ပြောကြားသည်။

ယင်းနောက် UNICEF (မြန်မာ) ခေတ္တဌာနေကိုယ်စားလှယ် Mr. Paul Edwards က အမှာစကားပြောကြားပြီး ဖွားသေစာရင်းအင်း အကောင်အထည်ဖော်မှုဆိုင်ရာ ဗီဒီယိုမှတ်တမ်းနှင့် ကမ္ဘာ့စာရင်းအင်းနေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ဝါဝါမောင်က မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်စနစ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ UNICEF (မြန်မာ)မှ အရာရှိ ဒေါ်ဂျေလီယံ စမ်းစမ်းအေးက မွေးဖွားမှုမှတ်ပုံတင်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်က သေဆုံးမှုမှတ်ပုံတင်ခြင်းလုပ်ငန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က Community engagement and participation ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့် ဖွားသေစာရင်းအင်း ဆက်နွှယ်မှုအကြောင်းအရာများကို ဆွေးနွေးပြီး ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများက အကူအညီပေးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

သိုလှောင်ထိန်းသိမ်းထားခဲ့ရပြီး အောက်တိုဘာ ၁၄ရက်တွင် ကုန်သည်များကို အသိပေးကာ ကုန်စည်စီးဆင်းမှုကို ပုံမှန်အတိုင်း ပြန်လည်တင်ပို့လျက်ရှိကြောင်း သိရသည်။

"ဒီကုန်သွယ်မှုစခန်းက ပို့ကုန် တစ်နှစ်လုံးလျာထားချက်ဟာ အမေရိကန်ဒေါ်လာ ခြောက်သန်းပါ၊ အကြမ်းဖက်ဖြစ်စဉ်မဖြစ်ပွားမီ ဩဂုတ် ၂၄ ရက်အထိ ကုန်သွယ်မှုအားလုံးပေါင်း အမေရိကန်ဒေါ်လာငါးသန်းကျော်သွားပြီမို့ လျာထားချက်ပြည့်ဖို့ သိန်းဂဏန်းအောက်ပဲ လိုတော့မယ်၊ အခုပြန်ဖွင့်လိုက်ပြီး နိုဝင်ဘာလလောက်ဆို လျာထားတဲ့ဒေါ်လာခြောက်သန်းတောင် ကျော်သွားမယ့်အနေအထားမှာ ရှိပါတယ်"ဟု မောင်တောကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးချို့ထွေးက ပြောသည်။

မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ အဓိကပို့ဆောင်လျက်ရှိသည့် ကုန်စည်များမှာ ဧည့်မထဆန်၊ ပဲကြီး၊ မတ်ပဲ၊ ဆီးသီးခြောက်၊ ကြက်သွန်ဖြူ၊ တညင်းသီး၊ လဲမှို့အစေ့၊ ချင်း(အစို)၊ ငါးသလောက်၊ ငါးမြစ်ချင်း၊ ရေငန်ပုစွန်နှင့် ရေထွက်ကုန်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ် (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ် (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

မြန်မြန်ဆန်ဆန် တိုးတက်မှုရရန် လိုအပ်ပါကြောင်း၊ စိတ်တက်ကြွစွာ လုပ်စေချင်ပါကြောင်း၊ နောက်တစ်ခုက မိမိတို့နိုင်ငံ၏ကိစ္စကို အားလုံးဝိုင်းလုပ်နိုင်သည်ဆိုသည်ကို သိစေချင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ မချမ်းသာသော်လည်း တခြားအင်အားများရှိသည်ကို ရှင်းရှင်းလင်းလင်းပြနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “အင်အားရဲ့ အဓိကအင်အားကတော့ ပူးပေါင်းဆောင်ရွက်ခြင်းပါ၊ ကျွန်မတို့စီစဉ်တဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ပွင့်ပွင့်လင်းလင်းနဲ့ အကြံဉာဏ်ပေးစေချင်ပါတယ်။ အကြံပြုချက်အားလုံးဆိုတာကတော့ အကောင်အထည်ဖော်ဖို့ လက်တွေ့ကျမှာ မဟုတ်ဘူး။ ဒါပေမယ့် အသင့်တော်ဆုံးတွေကို ရွေးပြီးတော့လုပ်ရမှာပါ။ နောက်တစ်ခုက ဦးစားပေးလုပ်ငန်းတွေ ဘာတွေဖြစ်မလဲဆိုတာ အားလုံးသိအောင် ရှင်းပြသွားပါမယ်။ ဦးစားပေးလုပ်ငန်းတွေဆိုတာဟာ ရေတိုမှာလည်း အသီးအပွင့်တွေကို မြင်နိုင်တဲ့ဟာတွေကို ရွေးရမယ်။ တချို့ကလည်း ဆက်ပြီးတော့ ရေရှည်သွားနိုင်ဖို့ အခုကတည်းက စရမယ့်ဟာတွေလည်းရှိပါတယ်။ ဒါတွေကို ကျွန်မတို့အားလုံးဟာ လူမှုရေးဘက်ကရော၊ စီးပွားရေးဘက်ကရော၊ နိုင်ငံရေးဘက်ကရော သုံးဖက်စလုံးကနေကြည့်ပြီးတော့ ကျွန်မတို့ရွေးရမယ်။

“ဥပမာအားဖြင့်ဆိုရင် ပြန်လည်ထူထောင်ရေးဆိုတာဟာ ပျက်စီးသွားတဲ့အရာတွေ ပြန်လည်တည်ဆောက်မယ်ဆိုတာ ဒီဟာက လူမှုရေးအရ လိုအပ်တယ်၊ နိုင်ငံရေးအရလည်း လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ဒီလိုပျက်စီးမှုတွေကို မကြိုက်ဘူး။ နိုင်ငံမှာ ဥပဒေမဲ့လုပ်ရပ်တွေရှိရင် ဥပဒေရဲ့ အကျိုးဆက်တွေကို ခံရမှာဖြစ်သလို ကျွန်မတို့က တာဝန်ယူတယ်ဆိုတာကိုလည်း ပြဖို့လိုပါတယ်။ နိုင်ငံရေးအရ ပြန်လည်ပြီးတော့ ပြုပြင်သွားဖို့ရှိပါတယ်။ စီးပွားရေးအရ လိုအပ်ချက်တွေလည်း ရှိပါတယ်။

“ပုံမှန်အလုပ်တွေ ပြန်လုပ်နိုင်မှသာ စီးပွားရေးယန္တရား လည်ပတ်မှာဖြစ်ပါတယ်။ စီးပွားရေးယန္တရားလည်တဲ့နေရာမှာလည်း အရင်ယန္တရားအဟောင်းကြီးကိုပဲ ပြန်လည်လုပ်ဖို့ မလိုပါဘူး။ ယန္တရားအသစ်တွေကိုလည်း စီးပွားရေးလုပ်ငန်းရှင်တွေ အတွေးအခေါ်နဲ့ ပြုပြင်နိုင်မယ်လို့ ထင်ပါတယ်။ အနာဂတ်ကို ကြည့်ပြီးတော့ ဘယ်လိုဘက်ကို ဖြည့်ဆည်းပေးဖို့ လိုမလဲဆိုတာကို အားလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းပြီးတော့ ဆွေးနွေးစေချင်တယ်”ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အတွက် ဘယ်ဒေသမှာ ဘယ်လုပ်ငန်းရှင်များ ပါဝင်မလဲဆိုပြီး ကောင်းသည့်ပြိုင်ဆိုင်မှုကို အားပေးမည်ဖြစ်ပါကြောင်း၊ မြန်မြန်ဆန်ဆန် ကူညီပြီး မြန်မြန်ဆန်ဆန် အောင်မြင်စေချင်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက်၊ ဒေသအတွက်သာမက လုပ်ငန်းရှင်များအတွက်လည်း ရေရှည်တွင် အများကြီး အကျိုးရှိနိုင်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ကူညီခြင်းအားဖြင့် အားလုံးအတွက် တိုးတက်မှုရှိမည်ဖြစ်ပါကြောင်း။

အားလုံးပါဝင်ပြီး အကောင်အထည်ဖော်မည့် စီမံကိန်းလိုပဲဖြစ်စေချင်ပါကြောင်း၊ ပိုက်ဆံက အရေးကြီးသည်ဆိုသော်လည်း ကျွမ်းကျင်မှုပိုလိုအပ်ပါကြောင်း၊ ပိုက်ဆံကို ကျွမ်းကျွမ်းကျင်ကျင် မသုံးနိုင်လျှင် အဟောသိကံ ဖြစ်သွားနိုင်ပါကြောင်း၊ မိမိတို့စီးပွားရေးလုပ်ငန်းရှင်များသည် အနာဂတ်ကို တွက်ချက်နိုင်သော အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်သည် အနာဂတ်ဈေးကွက်ကို နားလည်ရပါကြောင်း၊ ဤစီမံကိန်းသည် ပထမဦးဆုံး စမ်းသပ်သော စီမံကိန်းဟုလည်း ယူဆလို့ရပါကြောင်း၊ ဘာဖြစ်လို့လဲဆိုလျှင် တိုးတက်အောင်မြင်အောင်လုပ်ရန် ကိစ္စအများကြီးရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုကိုတွဲပြီး အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ယခုအခြေအနေတွင် အခက်အခဲဆုံးနေရာဖြစ်ပါကြောင်း၊ နိုင်ငံတကာ၏ အာရုံစိုက်မှု အင်မတန်မှများပါကြောင်း၊ များသည့်အတွက်လည်း ပိုပြီးလုပ်ရကိုင်ရခက်ခဲသည့် အခြေအနေရှိပါကြောင်း။

မိမိတို့အကူအညီတောင်းသည်မှာ ငွေရေးကြေးရေးအရ ရုပ်ပိုင်းဆိုင်ရာ အကူအညီထက် စိတ်ပိုင်းဆိုင်ရာ အကြံဉာဏ်၊ စေတနာ၊ ဉာဏ်ပညာနှင့် နောင်အနာဂတ်ကို မှန်းဆပြီး အရည်အချင်းများနှင့် လုပ်တာပဲဖြစ်စေချင်ပါကြောင်း၊ ပူးပေါင်းပြီးဆောင်ရွက်စေချင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်သူနှင့် အစိုးရနှင့် ချမ်းသာသည့်လုပ်ငန်းရှင်ကြီးများကြားတွင် ရှိသင့်သလောက် စည်းလုံးညီညွတ်မှု မရှိခဲ့ပါကြောင်း၊ စည်းလုံးညီညွတ်မှုကိုလည်း ဖြစ်စေချင်ပါကြောင်း၊ အင်အားသုံးခုကို စုစည်းပြီး ရခိုင်ပြည်နယ်အတွက် ပြည်ထောင်စုစီမံကိန်း အောင်အောင်မြင်မြင်လုပ်ခြင်းအားဖြင့် အနာဂတ်ပြည်ထောင်စုအတွက် ခိုင်မာသည့်အုတ်မြစ်ချသောလုပ်ငန်းဟု ယူဆပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် ကမ္ဘောဇကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ငွေကျပ် သိန်း ၃၀၀၀၀၊ Mandalay Business Capital City Development (MBCCD) နှင့် စေပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ဝိတ်က ငွေကျပ် သိန်း ၁၅၀၀၀၊ အေဒင်အုပ်စု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ငွေကျပ် သိန်း ၁၀၀၀၀(ငွေကျပ် သိန်း ၅၀၀၀ နှင့် ငွေကျပ် သိန်း ၅၀၀၀ တန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ)၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ငွေကျပ် သိန်း ၁၀၀၀၀၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ် သိန်း ၁၀၀၀၀၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးခင်ရွှေက ငွေကျပ်သိန်း ၁၀၀၀၀၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ် သိန်း ၁၀၀၀၀၊ IBTC မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ငွေကျပ် သိန်း ၁၀၀၀၀ (IBTC ကုမ္ပဏီက ငွေကျပ် သိန်း ၅၀၀၀ နှင့် ဦးအောင်မိုးကျော် မိသားစုက ငွေကျပ် သိန်း ၅၀၀၀)၊ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် သိန်း ၁၀၀၀၀၊ မက်စ်အုပ်စုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဇော်က ငွေကျပ် သိန်း ၁၀၀၀၀၊ ယူနိုက်တက်အမရာဘဏ်ဥက္ကဋ္ဌ ဦးနေအောင်က ငွေကျပ် သိန်း ၁၀၀၀၀၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ် သိန်း ၅၀၀၀၊ အောင်မြင်သူကုမ္ပဏီများအုပ်စု အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမျိုးက ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ်များနှင့် Auspicious Millennium Trading Co.,Ltd ဥက္ကဋ္ဌ ဦးစောငြိမ်းက ငွေကျပ် သိန်း ၃၀၀၀၊ Alpine ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိုင်းဆမ်ထွန်းက ငွေကျပ် သိန်း ၃၀၀၀၊ ဦးဇေသီဟ- ဒေါ်နန္ဒာလှိုင် မိသားစုက ငွေကျပ် သိန်း ၃၀၀၀၊ ဦးတိုးနိုင်မန်း-ဒေါ်ဇေဇင်လတ် မိသားစု က ငွေကျပ် သိန်း ၃၀၀၀၊ Yangon Crown Co.,Ltd က ငွေကျပ် သိန်း ၃၀၀၀၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ဦးဇော်ဝင်းရိုန် က ငွေကျပ် သိန်း ၃၀၀၀၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ငွေကျပ် သိန်း ၂၀၀၀၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) က ငွေကျပ် သိန်း ၁၀၀၀၊ ရွှေတောင်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ငွေကျပ် သိန်း ၁၀၀၀ ၊ Myanmar Agri Business in Public Corporation မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်က ငွေကျပ် သိန်း ၅၀၀ နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းက ငွေကျပ် သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ အလှူငွေလှူဒါန်းကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် အလှူရှင် ၂၃ ဦးနှင့် ကုမ္ပဏီနှစ်ခုတို့က ငွေကျပ် သိန်းပေါင်း ၁၆၇၀၀၀ ကို လှူဒါန်းခဲ့ကြသည်။

အလှူငွေပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်၊ UEHRD မှ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD မှ သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ ဦးကျော်မြိုင်၊ တာဝန်ရှိသူများနှင့် အလှူရှင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ယနေ့တွင် ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးတေဇကလည်း ငွေကျပ် သိန်း ၁၀၀၀၀ ကို သီးခြားလှူဒါန်းခဲ့သည်။ သို့ဖြစ်၍ ယနေ့လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၁၇၇၀၀၀ ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD ) အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ် EDU 600002 (US$ Account: Myanma Economic Bank, Bank Branch: Naypyitaw, Account Number: EDU 600002) နှင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ် CF-003434 (Myanmar Kyat Account: Myanma Economic Bank, Bank Branch: Naypyitaw, Account Number: CF-003434) တို့ ဖွင့်လှစ်ထားသည်။

၎င်းအပြင် အများပြည်သူများ အလွယ်တကူ ဆက်သွယ်လှူဒါန်းနိုင်ရန်အတွက် ရေဝတီဘဏ်၊ ကမ္ဘောဇဘဏ်နှင့် CB ဘဏ်တို့တွင် လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ငွေစာရင်းအမှတ်များကို ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၂၀

**နည်းပညာခေတ် မြန်မာမိန်းကလေးများအတွက် ခေါင်းဆောင်မှုဆိုင်ရာ ဆွေးနွေးပွဲနှင့် Beyond Access ဆန်းသစ်တီထွင်မှုဆိုင်ရာ စာကြည့်တိုက်ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)




အခမ်းအနားတွင် အဆိုပါ ပရောဂျက်ကို အကောင်အထည်ဖော်သည့် Myanmar Book Aid & Preservation Foundation အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းက ဖောင်ဒေးရှင်း၏ သမိုင်းကြောင်းနှင့်Tech Age Girls Myanmar ပရောဂျက်ပေါ်ပေါက်လာပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာဖတ်သူဦးရေ တိုးပွားရေးအတွက် ဆောင်ရွက်လျက်ရှိရာ Myanmar Book Aid & Preservation Foundation နှင့် စာအုပ်စာပေဖတ်ရှုရေး၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ သတင်းအချက်အလက်ဆိုင်ရာ အကူအညီများရရှိရေး၊ စာကြည့်တိုက်မှူးများ စာကြည့်တိုက်ဝန်ဆောင်မှု အတတ်ပညာရရှိရေး၊ ပြည်သူ့စာကြည့်တိုက်များတွင် သတင်းအချက်အလက် ပြည့်ပြည့်စုံစုံရရှိရန် အင်တာနက်ရရှိရေးတို့အတွက် MoU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်များကို Community Center များအဖြစ် လုပ်ငန်းပုံသဏ္ဌာန်များကို ပြောင်းလဲလျက်ရှိပြီး ဆွေးနွေးပွဲစကားဝိုင်းများကို စီစဉ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်လွှတ်တော်ဘက်မှ တာဝန်ရှိသူတစ်ဦး၊ အစိုးရအဖွဲ့မှတစ်ဦး၊ ကျွမ်းကျင်ပညာရှင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပညာရှင်တစ်ဦးနှင့် ရပ်ရွာလူထုတို့ တွေ့ဆုံသည့် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပရန် စီစဉ်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်များကိုလည်း အများပြည်သူ ဝင်ထွက်သွားလာသည့် နေရာများဖြစ်ရန်၊ တိုင်းပြည်၏ အရေးကိစ္စများကို ရပ်ရွာမှ အများပြည်သူနှင့် ထိုအရေးကိစ္စများကို တာဝန်ယူထားသည့် ပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးဝေဖန်ငြင်းခုံသည့် အလေ့အထများ ထွန်းကားလာစေရန် ရည်ရွယ်ချက်ဖြင့် ဆောက်ရွက်နေခြင်းဖြစ်ပါကြောင်း၊ စာကြည့်တိုက်များကို ခေတ်မီတိုးတက်သည့် စာကြည့်တိုက်များ၊ လူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် စာကြည့်တိုက်များဖြစ်ရန် Myanmar Book Aid နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ စာကြည့်တိုက်မှူးများ တွေ့ဆုံနှီးနှောဖလှယ်ပွဲ၊ ICT for Librarian သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ မိုဘိုင်းသတင်းအချက်အလက်ဆိုင်ရာ သုတပညာကျွမ်းကျင်မှု သင်တန်းများစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုပေါင်း (၄၅)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများရှိ ပြည်သူ့စာကြည့်တိုက်များကို အများပြည်သူအတွက် အသိပညာဖြန့်ဖြူးပေးရာ နေရာများသာမက ရပ်ရွာလူထု ဝင်ထွက်သွားလာ နှီးနှောဖလှယ်မည့် Community Center များဖြစ်ရန် Myanmar Book Aid နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စာကြည့်တိုက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့် ရည်ရွယ်ချက်ချင်းတူညီသည့် အဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးနှင့် ပရောဂျက်အတွက် ဝိုင်းဝန်းကူညီခဲ့ကြသည့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော IREX၊ Microsoft နှင့် အူရီဒူးမြန်မာတို့မှ တာဝန်ရှိသူများက ဂုဏ်ပြု အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ Beyond Acess Myanmar Project မန်နေဂျာ (MBAPF) ဒေါ်မြတ်ဆန်းငြိမ်းက ဆုရရှိသူများစာရင်းကိုကြေညာပြီး ဆုရရှိသည့် စာကြည့်တိုက် (၁၃)ခုမှ စာကြည့်တိုက်မှူးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုး၊ ဒေါက်တာသန့်သော်ကောင်းနှင့် ဒေါ်မြတ်ဆန်းငြိမ်းတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် Tech Age Girls Myanmar ပရောဂျက်မန်နေဂျာ (MBAPF)ဒေါ်စန္ဒြာချစ်ဖို့က ပရောဂျက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နည်းပညာအသုံးပြုမှု၊ ဆန်းသစ်တီထွင်မှုတို့ပေါ် မူတည်၍ အထူးချွန်ဆုံးဆုရရှိသူ သုံးဦးကို ဆုများပေးအပ်ချီးမြှင့်ပြီး ရရှိသူ မအိအိဖြူက Tech Age Girls Program မှ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပရောဂျက်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများကို ပရောဂျက် အမှုဆောင် ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းက အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

စာကြည့်တိုက်များကို Community Library မှ Community Center များအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ အင်တာနက်၊ Device ၊ Training စသည့် နည်းပညာများ လိုအပ်လာမှုကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာခေတ်တွင် ရပ်ရွာများ၌ အမျိုးသမီး ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာရေး စသည့်ရည်ရွယ်ချက်များနှင့် Tech Age Girls Programကို ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ရာ ယခု ဒုတိယအကြိမ် မြောက်ရှိပြီဖြစ်သည်။

Tech Age Girls Program သည် စာကြည့်တိုက်များကို အခြေခံသည့် ကိုးလတာ သင်တန်းဖြစ်သည်။ လူမှုအခြေပြုသည့် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်လာရေးအတွက် ကနဦးအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် ၁၆နှစ်မှ ၂၀ နှစ်ကြား တက္ကသိုလ်ဝင်တန်းအောင် မိန်းကလေးငယ် အယောက် ၁၀၀ ကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် မိန်းကလေးငယ် ၆၀ နှင့် နောက်ဆုံးအဆင့်တွင် ၂၀ ကို လည်းကောင်း အဆင့်ဆင့်ရွေးချယ်၍ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံရေးနယ်ပယ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အမျိုးသမီးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ပညာတော်သင်ဆုရွေးချယ်ချီးမြှင့်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်စီမံချက်များရေးဆွဲပြီးပါက ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၀

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။**(အောက်ပုံ)

အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လှိုင်မြို့နယ် အမှတ် (၆) ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသော ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံကို ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယင်းအဆောက်အအုံမှာ ကိုလိုနီလက်ထက် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်အစီအစဉ်ရှိပါကြောင်း၊ ရှေးမူလက်ရာများအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ရန် ဗိသုကာပညာရှင်များဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး က အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး၏ **နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို မည်ကဲ့သို့ စီမံခန့်ခွဲပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ပတ်သက်၍ သိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ပညာသင်ဆုကို၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်ပေးအပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ပညာသင်ဆု ၁၁၇ ဦးရှိခဲ့ပါကြောင်း၊ အဆိုပါ ၁၁၇ ဦးမှ ၃၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစီအစဉ်ဖြင့် ပေးအပ်သည့်ပညာသင်ဆုများပေးအပ်ခဲ့ပြီး ကျန် ၈၄ ဦးကို နိုင်ငံတော်သမ္မတပညာသင်ဆုအဖြစ် ရွေးချယ်ခဲ့ပါကြောင်း၊ ဘွဲ့ကြိုသင်တန်းအတွက် ဝင်ခွင့်မရရှိသူ ၁ ဦးရှိသည့်အတွက် ၈၃ ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့ပါကြောင်း၊ ပညာသင်ဆုရွေးချယ်ရာတွင် နိုင်ငံတော်သမ္မတပညာသင်ဆု လုပ်ငန်းအဖွဲ့မှ ပညာသင်ဆုများကို ကျောင်းသား ကျောင်းသူများ အမှန်ပေးသွင်းရမည့် Tution Fees၊ နိုင်ငံအလိုက်နေထိုင်စားသောက်စရိတ်နှင့် ကျန်းမာရေးအာမခံကြေးများကို စိစစ်ပေးချေခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃ ဒသမ ၄၈၆ ဘီလီယံပေးချေခဲ့ရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ ကျောင်းသားကျောင်းသူများကို ဆက်လက်ချီးမြှင့်ခဲ့ရာ မဟာတန်းနှင့် ပါရဂူတန်းများတွင် ၇၉ ဦး သာကျန်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တက်ရောက်ဆဲကျောင်းသား ကျောင်းသူ ၇၉ ဦးအတွက် ပညာသင်တစ်နှစ်လျှင် စုစုပေါင်းခန့်မှန်း ကုန်ကျစရိတ်အဖြစ် ငွေကျပ် ၄ ဒသမ ၈၈၈ ဘီလီယံ ခန့်မှန်းလျာထားပါကြောင်း၊ နိုင်ငံတော်မှ လတ်တလောလိုအပ်နေသည့် ဘာသာရပ်အတွက် ဘွဲ့လွန်မဟာတန်းနှင့် ဘွဲ့လွန်ပါရဂူတန်းများကို ထူးချွန်သည့် ဆရာ ဆရာမများနှင့် ဝန်ထမ်း ၈၀ ကို နိုင်ငံတော်သမ္မတပညာသင်ဆုပေးအပ်ရန် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၆ ဒသမ ၅၁၇ ဘီလီယံလျာထားပါကြောင်း၊

နိုင်ငံတော်သမ္မတပညာသင်ဆုရွေးချယ်မှုနှင့်ပတ်သက်ပြီး ယခုအခါ နိုင်ငံတော် ပညာတော်သင်ဆုအမည်ပြောင်းလဲပြီး ပညာတော်သင်ဆုစိစစ်ရေးကော်မတီကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံတော်ပညာတော်သင်ဆုရွေးချယ်ချီးမြှင့်ရာတွင် နိုင်ငံတော်တည်ဆောက်ရေးအတွက်ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရည်အချင်းရှိသည့် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွန်းလာစေရေးရည်ရွယ်ပြီး သက်ဆိုင်ရာ နိုင်ငံတကာတက္ကသိုလ်များနှင့် ညှိနှိုင်း၍ MoU နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ပညာတော်သင်ဆုအဖြစ် မဟာတန်းနှင့် ပါရဂူသင်တန်းများသို့ စာချုပ်ဖြင့် ဆက်လက်စေလွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

နိုင်ငံတော်ပညာတော်သင်ဆု ရွေးချယ်ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်စီမံချက်များ ရေးဆွဲဆောင်ရွက်ပြီးပါက လျှောက်ထားသူများအတွက် သတ်မှတ်ချက်များနှင့် ရွေးချယ်ရေးမူများကို ပညာရေးဝန်ကြီးဌာန၏ Official Website နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်း၊ ရွေးချယ်ခံရသူများ၏ အမည်စာရင်းများကို ကြေညာပေးခြင်း စသည်တို့ကို ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော သရုပ်ပြအဆင့်မှ လက်ထောက်ကထိက၊ ကထိကနှင့် ပါမောက္ခအဆင့်ရာထူးတိုးမြှင့်ပေးရာတွင် ဌာနတွင်းလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမှုတစ္စာဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း** နှင့် စပ်လျဉ်း၍ တက္ကသိုလ်၊ ကောလိပ်များရှိ ဆရာ ဆရာမများ၏ ရာထူးတိုးကိစ္စရပ်များဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လက်ရှိရာထူးလုပ်သက်၊ စုစုပေါင်းလုပ်သက်စသည်တို့ကို အခြေခံ၍ အဆင့်မြင့်ပညာဦးစီးဌာန၏ သတ်မှတ်ချက်မူများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာထူးအဆင့်အလိုက်ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်မူများနှင့်အညီ နှစ်စဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ရာထူးတစ်ခုတိုးမြှင့်ပေးရန် ဖွဲ့စည်းပုံလစ်လပ်မှု၊ ရာထူးတူ ဆရာ ဆရာမများ အားလုံးအတွက် သတ်မှတ်မူများနှင့် ကိုက်ညီပါက အခွင့်အရေးသာတူညီမျှရှိစေရေးနှင့် တန်းစီဇယားပါအတိုင်း ဘက်မလိုက်ဘဲ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက်ကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမှန်တကယ်တာဝန်ထမ်းဆောင်ခြင်းမရှိ၊ ဌာနလည်းမရှိသည့် ပြည်နယ်ကျောင်းများတွင် အမည်ရာထူးတိုးပေးခြင်းနှင့် စပ်လျဉ်း၍ တက္ကသိုလ်များတွင် လက်ရှိရာထူးသတ် မှတ်ချက်ကိုက်ညီသူများကို တက္ကသိုလ်များ၏ ဖွဲ့စည်းပုံအင်အားအလိုက် တစ်ဆင့်မြင့် ရာထူးပေးအပ်ခြင်းများဆောင်ရွက်ပြီး ဖွဲ့စည်းပုံလုံလောက်ခြင်းမရှိသည့် တက္ကသိုလ်များတွင် ၎င်းတို့နှင့် ဘာသာရပ်တူ အခြားတက္ကသိုလ်များ၏ ဖွဲ့စည်းပုံရယူကာ အဆိုပါ ဘာသာရပ်အတွက် သင်တန်းသားအင်အားများပြားစွာဖြင့် သင်တန်းဖွင့်လှစ်ထားရှိသည့် တက္ကသိုလ်များ၌ တွဲဖက်တာဝန်ထမ်းဆောင်စေခြင်းများကို စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၏ **ပြင်ဦးလွင်မြို့ မော်တော်ယာဉ် နည်းပညာသင် သုတေသနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာ သင်တန်းကျောင်းဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**၊ တံ့တေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **သမိုင်းဘာသာရပ်ကို စာသင်ကျောင်းများတွင် မူလတန်းမှသည် ပါရဂူဘွဲ့အထိ မသင်မနေရ (compulsory) ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့် လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၏ **လဟယ်မြို့နယ်ရှိ ကားရော်အိုဒေါက်၊ တွေးထွေနောက်ကျော့၊ တွေးထွေနောက်အင်း၊ ဆပ္ပလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အံ့ပေါ်ကျေးရွာများရှိ လက်ရှိကျောင်းဆောင်များကို ဆောလျင်စွာ အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် မေးခွန်းများ**နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်က **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်း**ကို တင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မူဆယ်မဲဆန္ဒနယ်မှ စိုင်းဖိုးမြတ်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဥပဒေကြမ်း၏ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိကျစွာ ဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့်ပတ်သက်၍ အသိပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများလာရောက်ပြီး "နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇)"အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့ သုခမလမ်း မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း) စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းက " နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇ )"နှင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထည့်သွင်းထိုးနှံမည့်အကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကျော်မိုးက " နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) " အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အသင်းဝင်စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အထွေထွေဆွေးနွေးခြင်းများပြုလုပ်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းအတည်ပြုပြီးပါက လာရောက်မှတ်ပုံတင်ခြင်းမပြုလုပ်သော ပရဟိတဂေဟာများကို အရေးယူမည်

**ဘားအံ အောက်တိုဘာ ၂၀**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးပါက လူမှုဝန်ထမ်းဦးစီးဌာနသို့ လာရောက်မှတ်ပုံတင်ခြင်း မပြုလုပ်သော ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှာတင်ထားပြီးပါပြီ မကြာမီ အတည်ပြုပြီးလို့ရှိရင် ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ ကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်နေတဲ့ လူမှုအဖွဲ့အစည်း၊ ပရဟိတအဖွဲ့အစည်းတွေအနေနဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှာ လာရောက်မှတ်ပုံတင်ခြင်းမလုပ်လို့ရှိရင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းပါ ပြစ်မှုနှင့် ပြစ်ဒဏ်တွေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်တယ်"ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

"ပရဟိတဂေဟာ လူမှုအဖွဲ့အစည်းတွေအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လာရောက်မှတ်ပုံတင်ခြင်း လုပ်ငန်းတွေဆောင်ရွက်စေလိုပြီး ယာယီမှတ်ပုံတင်ပြီးပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ ခွဲဝေချထားပေးသော ရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ယင်းဂေဟာများသို့ စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှူး၏ လစာနှင့် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသွားမှာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ ကရင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့ တောင်တန်းသာသနာပြုပရဟိတဂေဟာ၊ ဇောတိကရာမပရဟိတဂေဟာ၊ အေးသုခပရဟိတဂေဟာ၊ ကော့ဝန်းပရဟိတဂေဟာ၊ မိကြောင့်ပရဟိတဂေဟာ ၊ စေတနာညကျောင်းများ လာရောက် မှတ်ပုံတင်ထားရှိပြီး ဖာပွန်မြို့ရှိ အေးသုခပရဟိတဂေဟာသို့ အောက်တိုဘာ ၂၀ ရက်က ဂေဟာရှိ ကလေးသူငယ် ၇၆ ဦး တစ်နှစ်စာအတွက် စားစရိတ်ငွေကျပ် ၁၆၂၀၀၀၀၊ ဝတ်စရိတ်ငွေကျပ် ၄၅၅၀၀၀၊ ဂေဟာမှူးလစာအတွက် ငွေကျပ် ၃၆၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် မှတ်ပုံတင်ထားရှိသော ဂေဟာများကိုလည်း ဂေဟာနေ ကလေးသူငယ်ဦးရေအလိုက် တစ်နှစ်စာထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဂေဟာသင်တန်းကျောင်းတွင် အနိမ့်ဆုံးရရှိမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းစာအုပ်ကို သိရှိအောင် ဖြန့်ဝေပေးသွားဖို့ ရှိပါတယ်။ လူမှုကာကွယ် စောင့်ရှောက်ရေးစီမံချက်အရ လူမှုရေးလိုအပ်ချက်ရှိနေတဲ့သူတွေကို နိုင်ငံတော်အစိုးရကနေ မူဝါဒချမှတ်ပြီး ပရဟိတဂေဟာတွေကို ယခုလို ရည်ရွယ်ချက်နဲ့ ကူညီထောက်ပံ့ပေးအပ်တာဖြစ်တယ်"ဟု ဆက်လက် ရှင်းပြသည်။

ဥပဒေကြမ်း အတည်ပြုပြီးနောက် ပရဟိတဂေဟာများ၊ ကလေးသူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မဖြစ်မနေချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်ပြုလုပ်နိုင်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာ့ရေသယံဇာတများကို ထိန်းသိမ်းနိုင်ရန် ပြည်ထောင်စုအစိုးရအနေဖြင့် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၀

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။**



စောယှားဖောင်အွာ
ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)



ဦးတက်ထွန်းအောင်
ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့်မီအားကစားကွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့်မီ အားကစားကွင်းဆောက်လုပ်ပေးရန်နှင့် ပတ်သက်၍ လောက်ကိုင်ခရိုင်တွင် မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် ၂၁၁ ဒသမ ၂၃၅ သန်းအား ခွင့်ပြုရန်ပုံငွေရရှိခဲ့သော်လည်း နယ်မြေဒေသငြိမ်းချမ်းခြင်းမရှိသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက်ဖြင့် လောက်ကိုင်ခရိုင် မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းအစား ရပ်စောက်မြို့နယ် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ပါကြောင်း။

လောက်ကိုင်မြို့နယ် အားကစားကွင်းသည် နှစ် ၃၀ သက်တမ်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနအမည်ပေါက် မြေငှားဂရန်ရရှိပြီးဖြစ်သော်လည်း ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအဖြစ် သတ်မှတ်ရရှိသည့် အထိမ်းအမှတ်အား ဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်ကျောက်တိုင်ငယ်နှင့် ဒေသခံပြည်သူများ သက်ကြီးရွယ်အိုများ အပန်းဖြေအနားယူနိုင်ရေးနှင့် မြို့လှပရေးအတွက် ပန်းခြံအဖြစ် တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါမြေနေရာအစား မူလကွင်းနှင့် တစ်မိုင်ခန့်သာကွာဝေးပြီး လက်ရှိ လောက်ကိုင်မြို့နယ်တွင် ပါဝင်သော ဂေါက်ကွင်းအဟောင်းကို အားကစားရုံတည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစားထိုးပြန်လည်ပေးအပ်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ အစားထိုးပြန်လည် ပေးအပ်မည့်မြေနေရာအား အားကစားနှင့် ကာယပညာဦးစီးဌာန အမည်ပေါက် မြေဂရန်ရရှိမည်ဆိုပါက အားကစားနည်းများ ကျင်းပနိုင်မည့် အဆင့်မီ မိုးလုံလေလုံ အားကစားကွင်းတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၄၀၀ နှင့် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၃၀ တို့အတွက် ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရမည်ဆိုပါက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အနောက်ဖရုံကာကျွန်း(ခေါ်) မြေငူကျွန်း၊ ပြိုင်းတောင်ကျေးရွာအုပ်စု ပြိုင်းတောင်ကျေးရွာတွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ဆင်တက်မော်ကျေးလက် ကျန်းမာရေးဌာနအောက်တွင် ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖြစ်ပါကြောင်း၊ ဆင်တက်မော်ကျေးလက်ကျန်းမာရေးဌာနတွင် (ယာတိုက်၊ ချီဝေ၊ ဝါးလန်း၊ ပြိုင်းတောင်နှင့် စိုင်းမဲကျီ) ကျေးလက်ကျန်းမာရေးဌာနခွဲများရှိပါကြောင်း။

ပြိုင်းတောင်ကျေးရွာကို ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပေးရန် သင့်၊ မသင့် စိစစ်ရာတွင် ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်မည့်ကျေးရွာသည် လုံခြုံမှု ရှိ၊ မရှိ၊ ကျေးရွာအုပ်စု အနည်းဆုံး ၁၀ အုပ်စုမှ ၁၅ အုပ်စုအထိ သွားလာနိုင်သော နေရာဖြစ်ရမည်၊ သာမန်အားဖြင့် လူဦးရေ တစ်သောင်းမှ တစ်သောင်းခွဲအထိ ရှိရမည်၊ အနီးနားကျေးရွာများမှ ကျေးရွာများသို့ သွားလာရလွယ်ကူ၍ ဗဟိုအချက်အချာကျပြီး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံများသို့ လူနာများ သယ်ပို့ရာတွင် လွယ်ကူသည့်နေရာဖြစ်ရမည်၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိရမည်ဆိုသည့် အချက် (၅)ချက် ပါဝင်ပါကြောင်း၊ ယင်းအချက်များထဲတွင် ပြိုင်းတောင်ကျေးရွာသည် ကျေးရွာအုပ်စု ငါးခုသာရှိကြောင်း၊ လူဦးရေ ရှစ်ထောင်သာရှိပြီး မြေပြင်အနေအထားအရ အခြားကျေးရွာများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါကြောင်း၊ ယာတိုက်ကျေးလက် ကျန်းမာရေးဌာနခွဲသည် အထက်ပါ (၅) ချက်နှင့် ကိုက်ညီသောကြောင့် ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ပါက ပြိုင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲအား ယာတိုက်ကျေးလက်ကျန်းမာရေးဌာနက လွှမ်းခြုံမှုပေးနိုင်သောကြောင့် ပြိုင်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ရန် လတ်တလော အစီအစဉ် မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ ကျိုင်းတုံမြို့နယ်တွင် H1N1 ကာကွယ်ဆေး ထိုးနှံပေးရန်မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် သယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်၊ ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက ကမ်းဝေးငါးဖမ်းရေယာဉ်အများစုသည် မြန်မာနိုင်ငံသားအမည်ခံပြီး အများအားဖြင့် နိုင်ငံခြားသားပိုင်များဖြစ်ပါကြောင်း၊ ကမ်းဝေးငါးဖမ်းလှေများတွင် ရေလုပ်သားများမှာ လုပ်ခလစာအပြင် ဖမ်းဆီးရမိသော ငါးများလျာထားချက်ထက် ပိုမိုဖမ်းဆီးမိပါက ပိုစင်ဟူ၍ သီးသန့်ဘောက်ဆူးဖြင့် ထပ်မံခံစားရသည့်အတွက် ငါးမဖမ်းရနယ်မြေ၊ စည်းကမ်းဟူ၍ နားမလည်ဘဲ ငါးပိုမိုဖမ်းမိရေးကိုသာ အာရုံစိုက်နေပြီး ဖမ်းမြဲတိုင်းဖမ်းနေပါကြောင်း၊ ကမ်းဝေးငါးဖမ်းလှေများ ကမ်းနီးရေပြင်သို့ အကန့်သတ်မဲ့၊ စည်းကမ်းမဲ့ ဖမ်းဆီးခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ငါးသယံဇာတများ ပိုမိုရှားပါးလာနေပြီ ဖြစ်ပါကြောင်း၊ ယင်းအကျိုးဆက်များကို အဓိကခံစားနေရသည်မှာ အမှန်တကယ် ရေလုပ်ငန်းဖြင့် အသက်မွေးနေရသည့် ကျွန်းစုများရှိ ပင်လယ်ရွာများမှ ဒေသခံများဖြစ်ပါကြောင်း၊ ကမ်းဝေးငါးဖမ်းလှေများ၏ တစ်နှစ်ဖမ်းဆီးရရှိမှု ကုန်ချိန်ကို ကန့်သတ်သင့်ပြီး လျာထားချက်ပြည့်မီပါက ငါးဖမ်းခွင့်ရပ်နားသင့်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး(မြိတ်မြို့) စီမံကိန်းကို ဥပဒေအတိုင်း အကောင်အထည်ဖော်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးဆိပ်ကမ်း၌ ငါးတင်ချ ပြုလုပ်ပြီး စစ်ဆေးပြီးမှသာ နိုင်ငံခြားသို့တင်ပို့ရောင်းချမည်ဆိုပါက နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အတိအကျရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ငါးတင်ချ ဆိပ်ကမ်းပေါ်တွင် မတင်မစစ်ဆေးသည့်အတွက် နောင်တွင် ကကူရံ (ခေါ်) ကျွဲရင်နှင့် ကျောက်ငါးများကဲ့သို့ ငါးကြီးငါးကောင်းများအား အကောင်သေးများကအစဖမ်းဆီးပြီး ပြည်ပသို့ပို့ဆောင်နေသည့်အတွက် မကြာမီ ငါးမျိုးသုဉ်းမှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ စောယှားဖောင်အွာက မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းကို ပြည်တွင်းစားနပ်ရိက္ခာအတွက်သော်လည်းကောင်း၊ နိုင်ငံခြား တင်ပို့နိုင်ရန်အတွက်သော်လည်းကောင်း၊ ပိုမိုဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရေချို၊ ရေငန် တစ်နိုင်ငံလုံးတွင်ရှိသည့် လုပ်ငန်းအားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအတွက် မွေးမြူရန် အရင်းအနှီးထုတ်ပေးခြင်း၊ ဥပဒေအရ အကာအကွယ်ပေးခြင်း၊ ဈေးကွက်ဖန်တီးပေးခြင်းတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် သားပေါက်စခန်းများတွင် ဓာတ်ခွဲခန်းများ စီမံပေးရန်၊ စီးပွားဖြစ် မွေးမြူရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်တို့လည်း လိုအပ်ပါကြောင်း။

ရေသယံဇာတကို ထိန်းသိမ်းနိုင်ရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး ရရှိလာသည့်အချက်အလက်များကို အလျင်အမြန်အကောင်အထည် ဖော်မှသာလျှင် ရေသယံဇာတများကို အချိန်တိုအတွင်း ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ငါးဖမ်းသင်္ဘောများ၊ ငါးဖမ်းလှေများ၊ နိုင်ငံခြား ငါးခိုးလှေများအပေါ်ထားရှိသည့် မူဝါဒများမှာလည်း ပြတ်သားရမည်ဖြစ်ပါကြောင်း၊ ငါးဖမ်းပိုက်များကို ဘယ်လိုပုံစံဖြင့် ဖမ်းသည်၊ ဘယ်အရွယ်အစားနှင့် ဖမ်းသည်၊ ဘယ်သူ့ခွင့်ပြုချက်နှင့်ဖမ်းသည် စသည်ဖြင့် သေချာစစ်ဆေးရမည်ဖြစ်ပြီး အစစ်ဆေးမခံနိုင်လျှင် အရေးယူရမည်ဖြစ်ပါကြောင်း၊ ငါးနှင့်ငါးလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်သယံဇာတမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် မြန်မာ့ရေသယံဇာတများကို ထိန်းသိမ်းနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) မှ ဦးခင်ဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆွေးနွေးကြသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်မှုအရည်အသွေးများအတွက် မြန်မာလူငယ် ၃၁ ဦး သွားရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်များ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရေးနှင့် ဦးဆောင်နိုင်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ကျင်းပသည့် Young Southeast Asian Leaders Initiative Summit ကို မနီလာမြို့၌ စတင်ကျင်းပနေပြီဖြစ်သည်။




အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြပြီး ခေါင်းဆောင်ပိုင်းနှင့် ကိုယ်ရည်ကိုယ်သွေးလုပ်ငန်းများ၊ ဦးဆောင်ဖန်တီးနိုင်မည့် စွမ်းအားများအတွက် အသင့်ရှိနေသည့် မြန်မာလူငယ် ပညာတော်သင် ၃၁ ဦးသည် အခြား အရှေ့တောင်အာရှနိုင်ငံများမှ YSEALI များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မြန်မာလူငယ်များအနေဖြင့် မြန်မာနိုင်ငံအတွင်း လူမှုရေးလုပ်ငန်း စီမံကိန်းများနှင့် ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများမှ အခြားလူငယ်များနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ရေးဆွေးကြမည်ဖြစ်ကြောင်း သိရပြီး ယင်းဆွေးနွေးပွဲမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်ခေါင်းဆောင် ၂၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ နိုင်ငံအသီးသီးအတွက် လိုအပ်သည့် အတွေးအခေါ်များ၊ နည်းစနစ်များနှင့် နည်းလမ်းများကို မျှဝေတိုင်ပင်ကာ စီမံကိန်းများရေးဆွဲလျက်ရှိသည်။

**ခင်ရတနာ**
**ဓာတ်ပုံ- YSEALI**

❊ *ကျောဖုံးမှ*

ရန်ကုန်အသင်းသည် ပြိုင်ပွဲမှ ထုတ်ပယ်ခံထားရသည့် နေပြည်တော်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ပွဲမကစားရဘဲ သုံးဂိုး၊ သုံးမှတ်ဖြင့် အနိုင်ရမည်ဖြစ်သည်။ ပွဲစဉ် (၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၆ မှတ်၊ ရတနာပုံအသင်းက ၄၄ မှတ်၊ ရောဝတီအသင်းက ၃၃ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ မကွေးအသင်းက ၂၈ မှတ် Southern အသင်းနှင့် ဇွဲကပင်အသင်းက ၂၃ မှတ်စီ၊ ဟံသာဝတီအသင်းက ရမှတ် ၂၀၊ GFA အသင်းက ၁၃ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ် ရထားသည်။

ယခုတစ်ပတ်ပွဲစဉ်များတွင် ပွဲတိုင်း၌ အဆင့်ရပ်တည်ချက်အတွက် နိုင်ပွဲရယူနိုင်ရန်ကြိုးပမ်းရမည်ဖြစ်ပြီး ယင်းပွဲများအနက် ချန်ပီယံဆုအတွက် အရေးပါသည့် ရတနာပုံနှင့် ရှမ်းယူနိုက်တက်၊ တန်းဆင်းတစ်နေရာအတွက် အရေးပါသည့် ချင်းယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ပွဲများမှာ ပိုမိုစိတ်ဝင်စားဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရသော်လည်း မဖြစ်မနေနိုင်ပွဲရယူနိုင်မှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ ရတနာပုံနှင့် အဝေးကွင်းပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့ပါက ထိပ်ဆုံးနေရာကို ရန်ကုန်အသင်းထံ လွှဲပေးရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် ယခုရာသီတွင် ဖလားနှစ်လုံးလမ်းကြောင်းပေါ်တွင် ရပ်တည်နေပြီး လက်ကျန်ပွဲတိုင်းက အသက်ဝင်နေမည်ဖြစ်သည်။ တန်းဆင်းဇုန်အတွက် အရေးပါသည့် ချင်းဒါဘီပွဲဖြစ်သော ချင်းယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ပွဲမှာလည်း အကြိတ်အနယ်ပွဲကောင်းဖြစ်လာနိုင်ပြီး GFA အသင်းသည် သရေကစားနိုင်ရုံဖြင့် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းမည်ဖြစ်သည်။

# (၁၇)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၀**
(၁၇)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အာဆီယံမျှော်မှန်းချက်များနှင့် ဒေသတွင်းစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အကြီးအကဲများက သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများတွင် ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ပြောကြားထားပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ ပိုမိုပေါင်းစည်းရေးနှင့် တီထွင်ဆန်းသစ်မှုများ တိုးမြှင့်နိုင်ရန်အတွက် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရာ၌ မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ Ministry of Industry and Handicraft မှ Senior Minister H.E.Dr.CHAM Prasidh က ဂုဏ်ပြုစကားပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများက လက်ခံကျင့်သုံးမည့် အာဆီယံတီထွင်ဆန်းသစ်မှု ကြေညာချက်၏ နောက်ဆုံးမူကြမ်းကို အတည်ပြုခြင်း၊ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုရန်ပုံငွေမှ ကျခံသုံးစွဲမည့် အဆိုပြုလွှာ ၁၂ ခုအား အတည်ပြုခဲ့ခြင်း၊ အာဆီယံနျူကလီးယားနှင့် ဆင်ခရိုထရွန်ကွန်ရက်၊ နျူကလီးယားစွမ်းအင် ဘေးအန္တရာယ် ကင်းရှင်းရေး သုတေသနဆိုင်ရာ အာဆီယံကွန်ရက် တည်ထောင်ခြင်း၊ အာဆီယံ ရေနှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်စင်တာကို အတည်ပြုခြင်း၊ အားလုံးပါဝင်ရေးနှင့် တန်းတူဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် ပံ့ပိုးဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် အာဆီယံ - အိန္ဒိယ သုတေသနဆိုင်ရာ လေ့ကျင့်သင်ကြားမှုအစီအစဉ်နှင့် အာဆီယံ - အိန္ဒိယ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ် စတင်ဆောင်ရွက်ခြင်း၊ အာဆီယံ - အိန္ဒိယ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို အမေရိကန်ဒေါ်လာ တစ်သန်းမှ ငါးသန်းသို့ တိုးမြှင့်ခဲ့ခြင်း၊ အာဆီယံ - ရုရှား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု စီမံချက် (၂၀၁၆ - ၂၀၂၅) ကို အတည်ပြုခြင်း၊ အာဆီယံ-အမေရိကန် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာသင်အစီအစဉ်ကို အာဆီယံဖောင်ဒေးရှင်းမှ စီမံခန့်ခွဲမှုနှင့်အတူ ဆက်လက်ဆောင်ရွက်ခြင်း၊ အာဆီယံလူငယ် သိပ္ပံနှင့် နည်းပညာရှင်များဆု၊ အာဆီယံသိပ္ပံနှင့် နည်းပညာထူးချွန်ဆု၊ အာဆီယံ ဝန်ဆောင်မှုဆိုင်ရာဆု၊ အာဆီယံအပေါင်း(၃)၏ သိပ္ပံပညာ ထူးချွန်သူများအတွက် စင်တာ၏ Da Vinci ဆုနှင့် ပညာသင်ဆု၊ အမျိုးသမီးများအတွက် အာဆီယံ-အမေရိကန်သိပ္ပံဆုများ လက်ခံသူများကို အစည်းအဝေးတက်ရောက်လာကြသူများက အသိအမှတ်ပြုခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ကျင်းပလျက်ရှိသည့် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများကို အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အလားတူ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက အာဆီယံ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ထူးချွန်ဆုပေးအပ်ပွဲကို နေပြည်တော်ရှိ Lake Garden Hotel ၌ ကျင်းပရာ ASEAN Outstanding Scientist and Technologist Award အား မလေးရှားနိုင်ငံမှ Ir. Dr. Hefizal MoHamad၊ ASEAN Young Scientist and Technologist Award အား အင်ဒိုနီးရှားနိုင်ငံမှ Dr.Chairul Hudaya, ASEAN Meritorious Service Award အတွက် ကမ္ဘောဒီးယားနိုင်ငံမှ Mr.Keahak VEN၊ အင်ဒိုနီးရှားနိုင်ငံမှ Prof. Gede Wenten၊ လာအိုနိုင်ငံမှ Mr.Kongsaysy PHOM-MASAY၊ မလေးရှားနိုင်ငံမှ Dr.Wai Yie Leong၊ မြန်မာနိုင်ငံမှ ဒေါက်တာသဇင်ဟန်၊ ဗီယက်နမ်နိုင်ငံမှ Nguyen Quang Liem နှင့် စင်ကာပူနိုင်ငံမှ Dr. Juay Choy IIO၊ ASEAN Plus Three Centre for the Gifted in Science's Da Vinci Award အတွက် ဗီယက်နိုင်ငံမှ Mr.Dinh Viet Thi နှင့် ကိုရီးယားသမ္မတနိုင်ငံမှ Ms.Lee You Min၊ အမျိုးသမီးများအတွက် အာဆီယံ - အမေရိကန် သိပ္ပံဆုအတွက် မလေးရှားနိုင်ငံမှ Ms.MEI Fong Chong နှင့် ဗီယက်နမ်နိုင်ငံမှ Ms. NGUYEN THI Hiep တို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆုများပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဆုရရှိကြသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ သိပ္ပံ နှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးနှင့်အတူ အာဆီယံသိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှုညီလာခံ၊ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲ၊ (၅၁)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့် နည်းပညာ အခြေခံအဆောက်အအုံနှင့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အစည်းအဝေး၊ (၄)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့် နည်းပညာကော်မတီအကြံပေးဘုတ်အဖွဲ့အစည်းအဝေး၊ (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီ အစည်းအဝေး၊ (၈)ကြိမ်မြောက်အာဆီယံ -ရုရှားသိပ္ပံနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး၊ (၇)ကြိမ်မြောက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အာဆီယံ - ဥရောပသမဂ္ဂ၊ အာဆီယံ - အမေရိကန် ဆွေးနွေးပွဲများကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။

**သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - ထိန်နန်နော်**

# စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**စစ်တွေ အောက်တိုဘာ ၂၀**
စစ်တွေမြို့ရှိ အလိုတော်ပြည့် ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေထိုင်နေကြသည့် နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက် ကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ရာတွင် ရင်ကျပ်၊ အနာပေါက်၊ အဆစ်နာခြင်း၊ ချောင်းဆိုးခြင်းနှင့် အရေပြားရောဂါများ အများဆုံးကုသပေးခဲ့ရကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုမတွေ့ရှိရကြောင်း၊ စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံနေထိုင်နေကြသည့် နေရပ်စွန့်ခွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း စစ်တွေမြို့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် စစ်တွေမြို့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသိန်းဌေးအောင်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းငါးဦးတို့မှ အလိုတော်ပြည့် ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ၄၇ ဦးနှင့် ဆရာတော်များကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စစ်တွေမြို့၌ ပထမဆုံးသော သရုပ်ဆောင်သင်တန်းဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၂၀**
ရခိုင်ပြည်နယ်မှ ရှက်ပုန်းသီးသရုပ်ဆောင် အနုပညာရှင်လူငယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်ချက်ဖြင့် စစ်တွေမြို့၌ ပထမဦးဆုံးသော သရုပ်ဆောင်သင်တန်း ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိသည်။



အဆိုပါ သရုပ်ဆောင်သင်တန်းကို အောက်တိုဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် သံဃရာဇာဝိဟာရ ကျောင်းတိုက် စာသင်ခန်းမ၌ သင်တန်းသားများအား သင်ကြားပို့ချလျက်ရှိသည်။

“ကျွန်တော်တို့ရခိုင်မှာ အနုပညာကို အမှန်တကယ်ဝါသနာပါတဲ့ ကလေးတွေဟာ ငွေရေးကြေးရေးအားဖြင့် သော်လည်းကောင်း၊ အလုပ်မအားလပ်ကြတဲ့အတွက်ကြောင့်သော်လည်းကောင်း နောက်ပြီး ရန်ကုန်မှာ နေတာထိုင်တာ စားတာသောက်တာ အခက်အခဲတွေစတဲ့ အကြောင်းကြောင်းတွေကြောင့် သရုပ်ဆောင်သင်တန်းတွေကို သွားမတက်နိုင်တဲ့ ကလေးတွေများပါတယ်။

“အနုပညာကို မသိဘဲနဲ့ လုပ်တာထက်စာရင် သိပြီးလုပ်တာက ပိုအောင်မြင်နိုင်လို့ ကျွန်တော် ဒီသင်တန်းကို လာပြီးဖွင့်တာပါ။ ပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ပြီး ကျွန်တော်ဖွင့်ဖြစ်တာ ဖြစ်ပါတယ်” ဟု သင်တန်းကို ဦးဆောင်ဖွင့်လှစ်သူ သရုပ်ဆောင် ကိုလင်းနေက ပြောသည်။

စစ်တွေမြို့ မောလိပ်ရပ်ကွက်မှ သရုပ်ဆောင်သင်တန်းကို တက်ရောက်နေသူ ကိုရဲနိုင်ကလည်း “ ကျွန်တော် ဒီသင်တန်း တက်ဖြစ်တာကတော့ ဒီသင်တန်းဟာ စစ်တွေမြို့မှာ ပထမဆုံးဖွင့်လှစ်တဲ့ သရုပ်ဆောင်သင်တန်းဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း သရုပ်ဆောင်အလုပ်ကို ငယ်ငယ်ကတည်းက ရူးသွပ်လို့လာတက်ရခြင်း ဖြစ်ပါတယ်” ဟု ပြောသည်။

ရခိုင်ဝါရင့်သရုပ်ဆောင် ဇဂျီးကျော်က “ ဘကြီးကတော့ သရုပ်ဆောင်လုပ်တဲ့ နှစ်ပေါင်း သုံးဆယ်ကာလအတွင်းမှာ ဒီလို သရုပ်ဆောင်သင်တန်းတွေ မရှိခဲ့ပါဘူး။ အခုလို ရန်ကုန်က သင်တန်းဆရာ အနုပညာရှင် ဆရာလင်းနေ လာရောက်ဖွင့်လှစ်ပေးတဲ့အတွက် သရုပ်ဆောင်ဝါသနာပါတဲ့ကလေးတွေဟာ ကုသိုလ်ကံသိပ်ကောင်းပါတယ်”ဟု ၎င်း၏ အတွေ့အကြုံကို ပြောသည်။

အဆိုပါ သရုပ်ဆောင်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းသို့ အနုပညာကို စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း၊ သင်တန်းကြေးအဖြစ် ငွေကျပ်ငါးသောင်း သတ်မှတ်ထားပြီး သင်တန်းအောင်မြင်မှုအပေါ်မူတည်ပြီး ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ ကိုယ်ပွား)**

# မောင်တောဒေသ ကိုင်းကြီးနှင့် ပန်းတောပြင်ကျေးရွာတို့တွင် နေအိမ်များဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားကျင်းပ

**မောင်တော အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ကိုင်းကြီးကျေးရွာနှင့် ပန်းတောပြင်ကျေးရွာတို့၌ ကျင်းပသည့် နေအိမ်များဆောက်လုပ်ခြင်း၊ ပန္နက်တင်အခမ်းအနားများသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကိုင်းကြီး(မြို)ကျေးရွာ သံဒါကွင်းကျေးရွာအုပ်စု၌ ဆောက်လုပ်မည့် နေအိမ်အလုံး ၅၀ ပန္နက်တင်ခြင်း အခမ်းအနားသို့ ရောက်ရှိကြပြီး ဒေသခံများနှင့် တွေ့ဆုံကာ ဒေသပြန်လည်တည်ငြိမ်လာပြီဖြစ်သည့်အတွက် ပြန်လည်တည်ဆောက်ရေးအပိုင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှုများကို ထိန်းသိမ်းကာ စိတ်သစ်လူသစ်ဖြင့် ဆက်လက်နေထိုင်သွားစေလိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် မောင်တောဒေသ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းကလည်း ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေအိမ်များဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်တိုင်များကို စိုက်ထူပေးသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့နယ်ရှိ ပန်းတောပြင်(ဘင်္ဂါလီ)ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံများနှင့်တွေ့ဆုံကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီးအပါအဝင် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိရာ အားလုံး ပူးပေါင်းပါဝင် လုပ်ကိုင်စေလိုကြောင်း၊ အေးအေးချမ်းချမ်း နေထိုင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ နေထိုင်သွားရန်လိုကြောင်းနှင့် အစိုးရပိုင်းကလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေအိမ် ၂၂ လုံးဆောက်လုပ်မည့် နေရာ၌ ပန္နက်တိုင်စိုက်ထူပေးသည်။ **(ယာပုံ)**

ယနေ့တွင် မောင်တောဒေသရှိ ကိုင်းကြီး(မြို)ကျေးရွာနှင့် ပန်းတောပြင်ကျေးရွာတို့တွင် စုစုပေါင်း နေအိမ် ၇၂ လုံး ဆောက်လုပ်ရန် ပန္နက်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ညနေပိုင်းတွင် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နယ်မြေတည်ငြိမ်လာပြီဖြစ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့၌ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ ဖွင့်လှစ်

စစ်တွေ အောက်တိုဘာ ၂၀

**ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ရည်ရွယ်၍ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်ရှိ အဆိုပါစက်ရုံမျက်နှာစာ၌ ကျင်းပသည်။**

ရှေးဦးစွာ ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံကို ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် GLORIOUS SAW Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်စောသီဂီထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အထည်ချုပ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာ ရခိုင်ပြည်နယ်တွင် ယခုကဲ့သို့ အထည်ချုပ်စက်ရုံတစ်ရုံ ထပ်မံဖွင့်လှစ်ပေးခြင်းအားဖြင့် စစ်တွေမြို့အပါအဝင် ပြည်နယ်အတွင်းရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်လာ မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း စက်ရုံအလုပ်ရုံများ ယခုထက်ပို၍ တိုးတက်များပြားလာအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် GLORIOUS SAW Co.,Ltd မန်နေဂျင်း ဒါရိုက်တာက အထည်ချုပ်စက်ရုံ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

“ရခိုင်ပြည်နယ်မှာရှိတဲ့ အမျိုးသမီးလေးတွေ အလုပ်ပိုမိုရရှိရေး၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဒီအထည်ချုပ်စက်ရုံကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ရခိုင်အမျိုးသမီးတွေ အလုပ်အကိုင်ရရှိဖို့၊ ပညာတွေ သင်ပေးဖို့အတွက် ရည်ရွယ်ချက်ရှိပါတယ်။ ဒါပေမယ့် ကျွန်မတစ်ယောက်တည်း ဒါတွေကို လုပ်ကိုင်လို့မရနိုင်တဲ့အတွက် ပြည်နယ်အစိုးရရဲ့ အားပေးကူညီမှုတွေ လိုပါတယ်။ ပြည်နယ်အစိုးရကလည်း ပံ့ပိုးကူညီပေးတဲ့အတွက် ကျွန်မ ဒီအထည်ချုပ်စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ဒီစက်ရုံကို ဝန်ထမ်း ၃၀ ကျော်နဲ့ စတင်လည်ပတ်နေပါတယ်”ဟု မန်နေဂျင်း ဒါရိုက်တာ ဒေါ်စောသီဂီထွန်းက ပြောသည်။

ဆက်လက်၍ “နောက်တစ်ခုက အခုကယ်ဆယ်ရေး စခန်းတွေမှာရှိတဲ့ အမျိုးသမီးလေးတွေနဲ့ ကျွန်မတွေ့ဆုံပြီး ပညာဒါနပေးမယ်။ ကျွန်မက ဒီဇိုင်နာ တစ်ယောက်ဆိုတော့ သူတို့လေးတွေကို ပညာသင်ပေးမယ်။ သူတို့ တတ်မြောက်သွားတဲ့အခါ ပညာတော်တဲ့ ကလေးတွေကို အပ်ချုပ်စက်တွေ အခမဲ့ပေးမယ်။ စက်ရုံမှာ ဝင်ရောက်လုပ်ကိုင်ချင်တဲ့ သူတွေကိုလည်း သင့်လျော်တဲ့ လစာပေးပြီး ဝင်ရောက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးမယ်”ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

“အရင်က ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံကစက်ရုံမှာ အလုပ်လုပ်ကိုင်ဖူးပါတယ်။ ရန်ကုန်က စက်ရုံတွေမှာတော့ လစာက ပိုကောင်းတာပေါ့။ ဒါပေမယ့် ကိုယ့်ဒေသမှာ ကိုယ့်မိသားစုတွေနဲ့ အတူနေပြီး အလုပ်လုပ်ရတော့ ပိုပြီးအဆင်ပြေပါတယ်။ အခုဆို ရန်ကုန်က စက်ရုံတွေမှာ အလုပ်လုပ်ဖူးတဲ့သူတွေ ဒီစက်ရုံမှာလာပြီး လုပ်ကိုင်နေကြပါပြီ။ စစ်တွေမြို့မှာလည်း အရင်က ဖွင့်လှစ်ခဲ့တဲ့ စမတ်အထည်ချုပ်စက်ရုံနဲ့ အခုစက်ရုံနဲ့ဆိုရင် စက်ရုံနှစ်ရုံဖြစ်နေပါပြီ။ ပြည်နယ်အစိုးရအနေနဲ့ အခုလိုအထည်ချုပ်စက်ရုံတွေ ရခိုင်ပြည်နယ်မှာ များများ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ပြည်ပမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ညီငယ်၊ ညီမငယ်တွေကိုလည်း ရခိုင်ပြည်နယ်မှာ စက်ရုံ၊ အလုပ်ရုံတွေ ဖွင့်လှစ်နေပါပြီလို့ အသိပေးချင်ပါတယ်”ဟု ကျောက်တော်မြို့နယ် ပေါက်တောကျေးရွာမှ လာရောက်အလုပ်လုပ်ကိုင်နေသည့် မတန်စိုးက ပြောသည်။

ယခုဖွင့်လှစ်လိုက်သည့် ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံသည် ရခိုင်ပြည်နယ်တွင် ဒုတိယမြောက် ဖွင့်လှစ်သည့် အထည်ချုပ်စက်ရုံဖြစ်ပြီး အထည်ချုပ်စက်အလုံး ၈၀ ကျော်ရှိသည့်အတွက် ဝန်ထမ်းအင်အား ၈၀ ကျော်သည်အထိ ဆက်လက် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထည်ချုပ်စက်ရုံဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်ထွန်း၊ဝင်းမင်းစိုး(ပြန်/ဆက်)၊**
**ဓာတ်ပုံ-ကံထွန်း**



# နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် မောင်တောမြို့နယ် ရွှေဇားမြောက်၊ အနောက်နှင့် အလယ်ရွာတို့မှ လူဦးရေ ၂၆၀၀ ကျော်အား NVC ကတ်များ ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များအပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များတွင်ပါဝင်သည့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card- NVC) များ ထုတ်ပေးနိုင်ရေးလုပ်ငန်းများကို ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးစီး၍ အောက်တိုဘာ ၁၂ ရက်ကစပြီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် အဖွဲ့များခွဲ၍ မောင်တောမြို့နယ်အတွင်းရှိ ရွှေဇားမြောက်ရွာ၊ ရွှေဇားအနောက်ရွာနှင့် ရွှေဇားအလယ်ရွာတို့မှ လူဦးရေ ၂၆၀၀ ကျော်အား NVC ကတ်များ ထုတ်ပေးနိုင်ရန် လက်ဗွေနှင့် မျက်လုံးတို့ကို စစ်ဆေးမှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်အထိ NVC ကတ်ထုတ်ပေးမှုမှာ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၂၇ ဦး၊ စုစုပေါင်း ၈၃ ဦးနှင့် NID အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၃၄ ဦး၊ စုစုပေါင်း ၁၀၀ သို့ NVC ကတ် စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား NVC ကတ်နှင့် NID (Biometric) လုပ်ငန်းများကို ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီသည့် နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို နည်းလမ်းအမျိုးမျိုးဖြင့်ရယူထားကြပြီး ယနေ့အထိ လုပ်ငန်းလုပ်ကိုင်အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့် နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်ခဲ့ကာ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေး၏အဆိုနှင့်ပတ်သက်၍ အောက်တိုဘာ ၁၉ ရက်က ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင်လွှတ်တော်ကိုယ်စားလှယ်ကိုးဦးတို့က ဆွေးနွေးခဲ့ကြသည်။

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဒေါ်ခိုင်မာဌေးက နိုင်ငံပိုင်မြေနှင့် အချို့အဆောက်အအုံများကို ရောင်းချ၊ ငှားရမ်း၊ ဂရန်များထုတ်ပေးရာတွင် နိုင်ငံတော်အတွက် နစ်နာမှုများစွာရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင်လည်း ရောင်းဝယ်ငှားရမ်းစဉ်က ချုပ်ဆိုခဲ့သော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရန်ကုန်တိုင်းအစိုးရအနေဖြင့် ကြပ်မတ်ထိန်းညှိစေလိုသည့် အပြုသဘောဆောင်သောအဆိုဟု မိမိအနေဖြင့်မြင်ကြောင်း၊ အစိုးရရသင့်ရထိုက်သော အခွန်အခများ၊ ဘဏ္ဍာငွေများရရှိရန် ကြိုးစားရာ၌ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကြားမြင်သိသမျှနှင့် လေလွင့်မှုမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို ယူထားသူများအနေဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်စေချင်ကြောင်း အကြံပြုဆွေးနွေးသည်။

တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက ယနေ့ မြန်မာနိုင်ငံသည် အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးမှုနိမ့်ကျနေကြောင်း၊ ပြည်သူ့အစိုးရတက်လာပြီး ဘက်ပေါင်းစုံမှနိမ့်ကျနေသော မြန်မာနိုင်ငံတော်ကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေသည့်ကာလတွင် နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေများကို နိုင်ငံဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီ ပြန်လည်ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ တစ်ချိန်က နိုင်ငံတော်ပိုင်အဆောက်အအုံများကို မိမိတို့ဘိုးဘွားပိုင်ပစ္စည်းများသဖွယ် မိမိတို့နှင့်အဆင်ပြေသော နီးစပ်သူများကို ဈေးပေါပေါနှင့် လုပ်ပိုင်ခွင့်ပေးခဲ့သည်မှာ နိုင်ငံအနှံ့အပြားတွင် မျက်ဝါးထင်ထင်မြင်တွေ့ရမှာဖြစ်ကြောင်း၊ အငှားချထားသောအခါတွင်လည်း အဆောက်အအုံနှင့်မြေ၏ဈေးနှုန်းများမှာ အံ့သြလောက်အောင် နည်းနေခြင်းကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယခုလို ပွင့်လင်းမြင်သာသော အစိုးရလက်ထက်တွင် ရသင့်ရထိုက်သော နိုင်ငံဘဏ္ဍာများရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အနာဂတ်ကို မျက်နှာမူ၍ ရဲရဲတွေးပြီး ရဲရဲလုပ်ကြဖို့သာ အထူးလိုအပ်ကြောင်း၊ တာမွေမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံနှင့် မြေများကိုလည်း နီးစပ်ရာသူများကို ဈေးပေါပေါနှင့် ချထားပြီး အချို့မှာ အသွင်သဏ္ဌာန်အားဖြင့် လေလံ၊ တင်ဒါစနစ်ဟုပြောပြီး လက်တွေ့ပိုင်းတွင် တင်ဒါမခေါ်ခင်ကပင် ပေးထားပြီးဖြစ်သည်ကိုလည်း လေ့လာချက်များအရ သိရှိရကြောင်း၊ နိုင်ငံပိုင်အဆောက်အအုံနှင့်မြေများကို ဈေးပေါပေါနှင့် ငှားရမ်းထားခြင်းများသည် နိုင်ငံတော်အနေနှင့် နစ်နာသောကြောင့် ငှားရမ်းမှုများကို ပြန်လည်စိစစ်၍ ဥပဒေနှင့်မညီညွတ်ပါက ပြန်သိမ်းသင့်ကြောင်း ထောက်ခံဆွေးနွေးခဲ့သည်။

မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက မိမိတို့တိုင်းပြည်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်း၌ရှိသော အဆောက်အအုံ၊ မြေကွက်အစရှိသည်တို့သည် လူတစ်ဦး၊ လူတစ်စု၏ အကျိုးစီးပွားအတွက် ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ အခွင့်ထူးရယူ၍ကောင်းအောင် ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် မည်သို့အကျိုးရှိစေမည်ဟု ဗန်းပြပြီး မြေကွက်နှင့် တိုက်တာအဆောက်အအုံများကို ယူထားကြသော်လည်း အမှန်တကယ်တွင် တင်ပြထားသောလုပ်ငန်းများကို အကောင်အထည်ဖော်ရန်၊ ရင်းနှီးမြှုပ်နှံရန် အခက်အခဲ အမျိုးမျိုးကြောင့်လည်းကောင်း၊ စိတ်တိုင်းကျအမြတ်စွန်း မရရှိနိုင်သေးသောကြောင့်လည်းကောင်း၊ နည်းမျိုးစုံ အကြောင်းပြချက်မျိုးစုံဖြင့် ဆိုင်းငံ့ထားသည်များကို တွေ့ရှိရကြောင်း၊ အခွင့်ထူးဖြင့်ရယူထားပြီး အကောင်အထည်ဖော်ရန်မဟုတ်ဘဲ အမြတ်ရက ပြန်ရောင်းရန် ရယူထားသည်များကိုလည်း တွေ့ရှိရကြောင်း၊ နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို နည်းအမျိုးမျိုးဖြင့် ရယူထားကြပြီး အကောင်အထည်မဖော်ဖြစ်သေးသည့် သက်ဆိုင်သူများကို ဦးစွာ အမြန်ဆုံးခေါ်ယူ သတိပေးညှိနှိုင်းကာ လုပ်ငန်းများကို အဆောလျင်ဆုံး စတင်ရန်နှင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် သင့်တော်မည့် အချိန်ကာလအပိုင်းအခြား သတ်မှတ်ပေးပြီး ၎င်းသတ်မှတ်ရက်အတိုင်း လုပ်ငန်းများ မစတင်နိုင်ပါကလည်းကောင်း၊ လုပ်ငန်းပြီးစီးအောင် အကောင်အထည်မဖော်နိုင်ပါကလည်းကောင်း၊ ခြွင်းချက်မရှိ ပြန်လည်သိမ်းဆည်းမည်ဆိုသော တိကျခိုင်မာသည့် စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်သွားသင့်ကြောင်း၊ ညှိနှိုင်းဆောင်ရွက်၍မရခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ နည်းမျိုးစုံအကြောင်းပြပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြန့်ကြာနေခြင်းတို့ကို ဆက်လက်တွေ့ရှိရပါက သက်ဆိုင်ရာမြေကွက်နှင့်အဆောက်အအုံများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းသွားသင့်ပြီဖြစ်ကြောင်း ထောက်ခံဆွေးနွေးခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညီညီ၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်မင်းအောင်၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင့်လွင်၊ ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဇေယျ၊ ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ထူးနှင့် ကျောက်တန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်သက်သက်မူတို့ကလည်း အဆိုကို ထောက်ခံဆွေးနွေးခဲ့ကြသည်။ အဆိုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က အောက်တိုဘာ ၂၆ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ထမံသီဘေးမဲ့တောကို အများပြည်သူ သဘာဝအတိုင်းလေ့လာနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိ

ချင်းတွင်းမြစ်အထက်ပိုင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်မျိုးစိတ်စာရင်းပြုစုခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းနှင့် သုတေသနနှင့် စွန့်စားခရီးသွားလိုသူများအတွက် ခရီးသွားနေရာသစ် ဖော်ထုတ်ရန်စီစဉ်ခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက သစ်တောဦးစီးဌာန အပါအဝင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ထမံသီဘေးမဲ့တောမှာ ကြောင်၊ ဆင်၊ ဝက်ဝံ၊ ကျားသစ်၊ ပြောင်၊ ဆတ်၊ တောခွေး၊ ဂျီ၊ တောဝက်၊ မျောက်စတဲ့ နို့တိုက်သတ္တဝါတွေ၊ အောက်ချင်းငှက်၊ ဒေါင်း၊ ရေဘဲစတဲ့ ငှက်မျိုးစိတ်တွေ၊ လိပ်ပြာနဲ့ အင်းဆက်မျိုးများစတဲ့ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၃၇ မျိုး နေထိုင်ကျက်စားနေတာ လေ့လာသိရှိရပါတယ်။ ထမံသီ ဘေးမဲ့တောထဲကို လာလေ့လာလိုသူတွေအနေနဲ့ ဘေးမဲ့တောထဲမှာ စက်လှေ၊ ကနူးလှေတွေနဲ့ ခရီးသွားတာ၊ တောတွင်းစခန်းချနေတာမျိုး၊ တောင်တက်လေ့ကျင့်တာမျိုး လုပ်နိုင်ပြီး ကံကောင်းရင် တောရိုင်းတိရစ္ဆာန်တွေကို ဓာတ်ပုံမှတ်တမ်းတင်နိုင်တာတွေကို တွေ့ကြုံနိုင်မှာဖြစ်ပါတယ်”ဟု လက်ရှိ ထမံသီတောအတွင်းတွင် ရောက်ရှိနေသော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးသန်းဌေးက



ပြောသည်။

လက်ရှိတွင်ပြောင်းလဲလာသောမူဝါဒများကြောင့် သစ်တောဦးစီးဌာန၊ Wildlife Conservation Society(WCS) တို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ထမံသီဘေးမဲ့တောကြီးမှာ ပြန်လည်အသက်ဝင်စပြုလာပြီဖြစ်ကြောင်း သိရသည်။

၅၃၁၄၅၆ ကေကျယ်ဝန်းသော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၇၇ ခုနှစ်တွင် ဘေးမဲ့တောအဖြစ်ကြေညာခဲ့သည်။ ထမံသီဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်း တည်ရှိပြီး ထိန်းသိမ်းရေးဇုန် လေးဇုန်ရှိကြောင်း သိရသည်။ ယခင်ကာလများက ထမံသီဘက်စုံရေလှောင်တမံစီမံကိန်းကြောင့် ဘေးမဲ့တော၏ အစိတ်အပိုင်းအချို့ ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။

ဘေးမဲ့တောအတွင်း ရေတံခွန်ငယ်များ၊ ရေတံခွန်ကြီးများနှင့် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအလှများ များစွာရှိပြီး ဘေးမဲ့တောနယ်နိမိတ် ပြင်ပအနီးတွင် ထမ်အီပန်းဟုခေါ်သော ငဖဲလိုဏ်ဂူနှင့် တောဆင်ရိုင်းများကျက်စားသည့် ငါးရံ့အင်းလည်း တည်ရှိကြောင်း သိရသည်။ ငဖဲလိုဏ်ဂူသည် သဘာဝထုံးကျောက်တောင် အမျိုးအစားဖြစ်ပြီး သဘာဝလိုဏ်ဂူဖြစ်ကာ လိုဏ်အတွင်း လင်းနို့အများအပြား ကျက်စားနေထိုင်ကြောင်း သိရသည်။ ငဖဲမြို့စားမင်းသားက မင်းတုန်းမင်းတရားကို ပုန်ကန်ရန် လူသူစုဆောင်းပြီး နောက်ပါအင်အား ၅၀၀ ခန့်နှင့် ပုန်းအောင်းခဲ့သည့် လှိုဏ်ဂူဖြစ်သောကြောင့် ဒေသခံများက ငဖဲလှိုဏ်ဂူဟုခေါ်ဆိုနေကြခြင်းဖြစ်ကြောင်း မှတ်သားရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ သစ်တောဦးစီးဌာနနှင့် WCS ပူးပေါင်းအဖွဲ့တို့သည် လက်ရှိအချိန် အောက်တိုဘာလလယ်ပိုင်းကာလတွင် ထမံသီဘေးမဲ့တောအတွင်း တောကောင်များ စစ်တမ်းကောက်ယူနိုင်ရန် ကင်မရာထောင်ချောက်များဆင်ခြင်းနှင့်အတူ တောရိုင်းတိရစ္ဆာန်များ၏ သွားလာနေထိုင်ကျက်စားပုံများကို အသေးစိတ် လေ့လာမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**သံတိုင်ထွန်း**

## မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့

**နေပြည်တော် အောက်တိုဘာ ၂၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ် (Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ လေဖိအားနည်း ရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း နေသည်။

(မိုး/ဇလ)

# စွန့်စားငြိမ်းသတ်ခဲ့သည့် မီးသတ်ဦးစီးအရာရှိတစ်ဦးအား ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက် နံနက်က ရန်ကုန်ကန်တော်ကြီးနန်းတော်ဟိုတယ် မီးလောင်မှုတွင် နိုင်ငံခြားသားအမျိုးသားတစ်ဦးနှင့် နိုင်ငံခြားသူတစ်ဦး စုစုပေါင်းနှစ်ဦးသေဆုံးခဲ့ရပြီး နိုင်ငံခြားသူတစ်ဦး ဟိုတယ်ပေါ်မှ ခုန်ချရာမှ ခါးတွင်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကာ မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိတစ်ဦး ဦးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိ၍ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး (ဦးနှောက်နှင့် အာရုံကြောဌာန)သို့ ပို့ ဆောင်ခဲ့ရသည်။

ဟိုတယ်ပေါ်မှ ခုန်ချသူ အမျိုးသမီးမှာ တရုတ်နိုင်ငံသူဖြစ်ပြီး ခါးတွင်ဒဏ်ရာ အနည်းငယ်သာရရှိခဲ့၍ မိမိဆန္ဒဖြင့်ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိသူ ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်စွာလင်းသည် ဟိုတယ်အတွင်း၌ မီးငြိမ်းသတ်နေစဉ် အပေါ်မှ ထုပ်တန်းပြုတ်ကျ၍ ဦးခေါင်းခွံကွဲအက်သွားခြင်းဖြစ်သည်ဟု သိရသည်။

မီးသတ်ဦးစီးအရာရှိအား ဦးနှောက်နှင့် အာရုံကြောကုသဆောင်တွင် တင်ပို့ထားရပြီး ဦးခေါင်းခွံကို လက်တစ်ဝါးခန့် ခွဲထုတ်၍ အတွင်း၌ ခဲနေသော သွေးများကို စုပ်ထုတ်ခဲ့ရကြောင်း၊ ခွဲထုတ်လိုက်ရသော ဦးခေါင်းခွံအစိတ်အပိုင်းအား ဝမ်းဗိုက်အတွင်းသို့ ခေတ္တထည့်၍ ပြန်လည် ချုပ်ထားရကြောင်း မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦး၏ ပြောပြချက်အရ သိရသည်။ ခွဲစိတ်ချိန်မှာ နှစ်နာရီခန့် ကြာမြင့်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လက်များ အနည်းငယ်ပြန်လည်လှုပ်စပြုလာပြီဟု မီးသတ်အရာရှိကြီး တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းတို့က စွန့်လွှတ်စွန့်စား မီးငြိမ်းသတ်ခဲ့သည့် ဦးစီးအရာရှိ ဦးကျော်စွာလင်း ဆေးကုသမှုခံယူရာ ဦးနှောက်နှင့် အာရုံကြောဌာနသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာ



ဝန်ကြီးက မီးသတ်ဦးစီးအရာရှိ၏ ဇနီးဖြစ်သူ ဒေါ်သူသူကျော်အား ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မီးလောင်မှုနောက်ဆက်တွဲ သတင်းအရ ဟိုတယ်တွင် သေဆုံးခဲ့သူ အမျိုးသားမှာ Mr. Tomita အသက်(၅၃နှစ်)ဖြစ်ကြောင်း မီးလောင်သည့်နေ့မှာပင် သက်ဆိုင်ရာသံရုံးက အတည်ပြုချက်ပေးခဲ့သည်။ ထပ်မံတွေ့ရှိရသည့်အလောင်းမှာ အခန်းအမှတ်(၅၂၇)တွင် တည်းခိုသူ ထိုင်းနိုင်ငံသူ Mrs. Hansa Khomsai ဖြစ်ပြီး ပျောက်ဆုံးနေသူဖြစ်နိုင်ကြောင်း၊ သို့သော် ၎င်းဟုတ်မဟုတ် အတည်ပြုရန်ခက်ခဲနေကြောင်း ထပ်မံသိရှိရသည်။

အရေးယူမှုအပိုင်း၌ ဟိုတယ်အဓိက စီမံခန့်ခွဲမှုပိုင်းတွင် တာဝန်ရှိသူ ညတာဝန်ခံမန်နေဂျာ ဦးသီဟ (၄၁ နှစ်) အား မီးပေါ့ဆမှု၊ လူသေမှုတို့ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှ တာဝန်ရှိသူ ရဲအရာရှိတစ်ဦးက “အခုအမှုက အခြားမီးလောင်မှုတွေလိုအာမခံပေးလို့ မရပါဘူး၊ ကြီးမားတဲ့ မီးလောင်မှုအပြင် လူသေမှုပါ ပါဝင်နေတဲ့အတွက်ပါ” ဟု ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းက “လက်ရှိလောလောဆယ်တော့ ဖြစ်တဲ့အကြောင်းအရာကို တိတိပပ မပြောနိုင်သေးပါဘူး၊ စိစစ်ဆဲပါ” ဟု ဆိုသည်။

ပြင်ပတွင် ပြောကြားနေသည့် မီးလောင်မှုအား ခုံရုံးဖွဲ့စစ်ဆေးမည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ယခုအချိန်အထိ ညွှန်ကြားချက်မရှိသေး၍ မပြောနိုင်သေးကြောင်း၊ အကယ်၍ ခုံရုံးဖွဲ့စစ်မည်ဆိုပါက သက်ဆိုင်ရာ မီးသတ်၊ ရဲ၊ ထွေ/အုပ်၊ လဝက၊ လျှပ်စစ်ဌာနတို့မှ တာဝန်ရှိသူများပါဝင်နိုင်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ကြီးမားသော ဟိုတယ်ကြီးဖြစ်၍ မီးငြိမ်းသတ်ရေးအတွက် အလိုအလျောက်မီးငြိမ်းသတ်နိုင်ရေး ကိရိယာများ ရှိ မရှိ မေးမြန်းမှုအပေါ် “အလိုအလျောက် မီးငြိမ်းပေးတဲ့ Sprinklen တွေ ထားရှိတာတော့ တွေ့ခဲ့ရပါတယ်။ အလုပ် တကယ်လုပ် မလုပ်ဆိုတာတော့ မသိနိုင်ဘူး။ ဒါပေမယ့် အဲဒီက မီးလုံးလေးတွေ ကွဲနေတဲ့ အစအနတွေတော့ တွေ့ရပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုကြီးတင်**

# မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လုပ်သေနတ်များသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့တွင်းနှင့် မြို့ဝင်တံတားဂိတ်တို့၌ ငွေကျပ်သိန်း ၂၈၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘူးသီးတောင်မြို့နယ် စာကိုင်းအလယ်ရွာမှ လုပ်သေနတ်လေးလက် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့ အမှတ်(၅)ရပ်ကွက် လမ်းမပေါ်၌ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ် မောင်တောမြို့နယ် ဝေသာလီကျေးရွာနေ ညီညီ(၂၂ နှစ်) မောင်းနှင်လာသော HIJET ယာဉ်အား တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ရှေ့ခန်းရှိ ဆာလာအိတ် နှစ်လုံးအတွင်းမှ ငွေကျပ်သိန်း ၉၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀၀ ကို တွေ့ရှိသိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မောင်တောမြို့ မြို့ဝင်တံတားဂိတ်၌ ဘူးသီးတောင်မြို့ဘက်မှ မောင်တောမြို့တွင်းသို့ ဘူးသီးတောင်မြို့နေ မင်းအောင်နိုင်(၃၀နှစ်)မောင်းနှင်လာသော NISSAN ပစ်ကပ်ယာဉ်အား စစ်ဆေးစဉ် ယာဉ်နောက်ခန်းကြမ်းခင်းအံဝှက်အတွင်းမှ ဆာလာအိတ်လေးအိတ်ဖြင့် ထည့်ထားသည့် ငွေကျပ် ၁၉၁၁၀ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၀၀ အား သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိသည့် စံထွန်း(ခ)စံထွန်းစိန်ပါ နှစ်ဦးနှင့် မင်းအောင်နိုင် (ဖမ်းမမိ)တို့အား မောင်တောမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဘူးသီးတောင်မြို့နယ် စာကိုင်းအလယ်ရွာအတွင်း သွားရောက်ရှာဖွေခဲ့ရာ သစ်သားဒင်၊ ဆိုင်ကယ်ရှော့ဘားတို့ဖြင့် ပြုလုပ်ထားသည့် အရှည် ၁၃ လက်မခန့်ရှိ လုပ်သေနတ် လေးလက်၊ အနက်ရောင် မျက်နှာဖုံးစွပ် တစ်ခုတို့အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ဘူးသီးတောင်မြို့နယ် စာကိုင်းအလယ်ရွာမှ သိမ်းဆည်းရမိသည့် လုပ်သေနတ်လေးလက်နှင့် မျက်နှာဖုံးစွပ်တစ်ခု

# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာ ဘင်္ဂါလီ ၇၀၀ ကျော် တစ်ဖက်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၀**

မောင်တောမြို့နယ် ပညောင်ပင်ကြီးကျေးရွာနှင့် ရွာသစ်ကေကျေးရွာအကြားနှင့် လေယာဉ်ပျံကွင်း ကမ်းခြေအနီး ရောက်ရှိလာသည့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာလာသူ ဘင်္ဂါလီ ၇၁၁ ဦးအား တာဝန်ရှိသူများက နေရပ်ပြန်ရန် စည်းရုံးပြောဆိုသော်လည်း ၎င်းတို့မှာ တစ်ဖက်နိုင်ငံသို့သာ သွားရောက်လိုကြောင်းပြောဆိုပြီး မှူဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝအကြား ပင်လယ်ကမ်းခြေသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက လေယာဉ်ပျံကွင်းကမ်းခြေအနီး ရောက်ရှိနေသည့် ဘူးသီးတောင်မြို့နယ် ဘော်လီရွာ၊ ပြိုင်းတောင်ရွာ၊ သိမ်တောင်ပြင်ကျေးရွာ၊ ဘုရားပြင်အောင်ပကျေးရွာ၊ ဖရုံချောင်းကျေးရွာတို့မှ ဘင်္ဂါလီ ၅၁၃ ဦး နှင့် မောင်တောမြို့နယ် ပညောင်ပင်ကြီးကျေးရွာနှင့် ရွာသစ်ကေ ကျေးရွာကြား၌ ရောက်ရှိနေသည့် စိမ်းညှင်းပြာကျေးရွာမှ ဘင်္ဂါလီ ၁၉၈ ဦး စုစုပေါင်း ၇၁၁ ဦးတို့အား တာဝန်ရှိသူတို့က တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့မှာ စားဝတ်နေရေးနှင့် ဆေးကုသရန် အခက်အခဲများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာလိုကြောင်း၊ ၎င်းတို့ရွာ၌ နေအိမ်များ မီးလောင်ကျွမ်းခြင်းမရှိကြောင်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှလည်း ခြိမ်းခြောက်ခြင်း မရှိကြောင်း၊ တစ်ဖက်နိုင်ငံရှိ ဆွေမျိုးများမှ လှေငှားပြီး ၎င်းတို့အား လာခေါ်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများမှ ၎င်းတို့ရွာအားနှောင့်ယှက်မည်ကို စိုးရိမ်သဖြင့် နေရပ်စွန့်ခွာလာခြင်း ဖြစ်သည်ဟု ပြောဆိုကြကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရပ်စွန့်ခွာ ဘင်္ဂါလီများအား ၎င်းတို့၏ကျေးရွာများသို့ ပြန်မည်ဆိုပါက မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများထောက်ပံ့မည်ဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့သော်လည်း ၎င်းတို့မှာ တစ်ဖက်နိုင်ငံသို့သာ သွားရောက်လိုကြောင်း ပြောဆိုပြီး မှူဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝအကြား ပင်လယ်ကမ်းခြေဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် တောင်ဘဒကားကျေးရွာသို့ ရောက်ရှိနေသည့် ဘူးသီးတောင်မြို့နယ် ကွန်တိုင်ကျေးရွာအုပ်စု မောင်နှမကျေးရွာနှင့် နန်းရာကုန်းကျေးရွာအုပ်စု မောင်နှမပုလဲတောင်ကျေးရွာတို့မှ အိမ်ထောင်စု ခြောက်စု၊ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၄၁ ဦးတို့အား အောက်တိုဘာ ၁၆ ရက်က ၎င်းတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဦးကိုနီလုပ်ကြံခံရမှု(၂၈)ကြိမ်မြောက်ရုံးထုတ်၊ ဇေယျာဖြိုးနေအိမ်ကို ရှာဖွေသိမ်းဆည်းမှုနှင့် ပတ်သက်၍ သက်သေခံထွက်ဆို

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးသို့(၂၈)ကြိမ်မြောက်ရုံးထုတ်၍ လိုပြသက်သေသုံးဦး စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယ ခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးရဲလွင်က "ဒီကနေ့မှာ တရားလိုပြသက်သေသုံးဦးစစ်ဆေးပါတယ်။ တာမွေမြို့နယ် တာမွေလေးရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ်(D/H)မှာ တရားခံ ကြည်လင်းနဲ့ ပါဝင်ပတ်သက်သူ ဇေယျာဖြိုးနေအိမ်ကို တာမွေမြို့မရဲစခန်း နယ်ထိန်းရဲအုပ်ဇော်ဇော်ထွန်းက ရှာဖွေသိမ်းဆည်းတာနဲ့ ပတ်သက်ပြီး သက်သေခံ ထွက်ဆိုသွားပါတယ်။ တာမွေလေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြသိန်းနဲ့ ရာအိမ်မှူး ဦးဝင်းသိန်းတို့ကလည်း ရှာဖွေပုံစံမှာ အသိသက်သေ အဖြစ် လက်မှတ်ရေးထိုးခဲ့တာကို သက်သေထွက်ဆိုခဲ့ပါတယ်။ နောက်တစ်ပတ်ရုံးချိန်းကိုတော့ အောက်တိုဘာ ၂၇ ရက်ကို ချိန်းဆိုလိုက်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

လုပ်ကြံခံရသူ ဦးကိုနီ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဌေးက "တာမွေမြို့မရဲစခန်း နယ်ထိန်းရဲအုပ် ဇော်ဇော်ထွန်းက ဇေယျာဖြိုးအိမ်မှာ ရဲတပ်ဖွဲ့ဝင်အရာရှိတွေနဲ့ ဗီယက်နမ်နိုင်ငံသွား အမှတ်တရဓာတ်ပုံတွေ၊ အဆင့်မြင့်ရဲအရာရှိတွေနဲ့ စားပွဲတက်စားသောက်ကြတဲ့ မှတ်တမ်းဓာတ်ပုံ ၂၀ ကို သိမ်းပါတယ်။ ကုမ္ပဏီလုပ်ငန်းဆက်သွယ်မှု လိပ်စာကတ် ၈၂ ခု သိမ်းပါတယ်။ အဲဒီအထဲက မှတ်ပုံတင်သုံးခုလည်း ပါတယ်။ အဲ့ဒီ မှတ်ပုံတင်တွေနဲ့ပတ်သက်ပြီး လဝက(အက်)နဲ့လည်း ဗဟန်းမြို့နယ်မှာ အမှုရင်ဆိုင်နေပါတယ်။ အိမ်ပိုင်ဆိုင်မှုရယ်၊ ကုမ္ပဏီလုပ်ငန်းရယ်၊ အဲဒီစာရွက် စာတမ်းတွေရယ်။ ဆေးကုသခံယူ တဲ့ မှတ်တမ်းတွေ၊ တစ်သောင်းတန်ငွေစက္ကူထုပ် ငါးထုပ်၊ တန်ဖိုးအားဖြင့် ငွေကျပ်သိန်းငါးဆယ် သိမ်းယူသွားတယ်လို့ ဇေယျာဖြိုး အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဒေါ်ပပဝင်းက အပြန်အလှန်မေးမြန်းတယ်။ ဒီအမှုဟာ နိုင်ငံသိ၊ ပြည်သိ အများက စိတ်ဝင်စားနေတဲ့အမှုဖြစ်လို့ တရားမျှတအောင် ဆောင်ရွက်ကြမယ်ဆိုရင် ကောင်းမယ်လို့ပဲ မြင်ပါတယ်"ဟု ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိုးများစွာရွာသွန်းမှုကြောင့် ငါးဆူကျောင်း ကန်ပေါင်ကျိုးပေါက်

**သာစည် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မိုးများစွာရွာသွန်းမှုကြောင့် မိုးရေဝင်ရောက်၍ ရွာပုလဲကျေးရွာအုပ်စု ကျီတိုင်ကုန်း(တောင်)ကျေးရွာ တောင်ဘက်ရှိ ငါးဆူကျောင်းကန်မှာ အောက်တိုဘာ ၂၀ ရက် နံနက် ၀၀း၃၀ နာရီက အရှေ့ဘက်မှ အလျား ပေ ၈၀၊ အနံ ပေ ၇၀၊ အမြင့် ၂၅ ပေခန့် ကျိုးပေါက်သွားကြောင်း သိရသည်။

အဆိုပါကျိုးပေါက်သွားသော နေရာသည် ၂၀၁၅ ခုနှစ်က ကျေးရွာရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သည့်နေရာဖြစ်ကြောင်းသိရပြီး ကန်ကျိုးပေါက်သွားသောနေရာသို့ ယင်းနေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာကန် ကော်မတီနှင့်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကန်ကျိုးပေါက်မှုကြောင့် လူနေအိမ်နှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိသော်လည်း သာစည်မြို့ အမှတ်(၁) ငါးဆူတိုးချဲ့ ရပ်ကွက်အနိမ့်ပိုင်း ရေစီးဆင်းရာ လမ်းတစ်လျှောက်ရှိ နေအိမ်အချို့တွင် ဝင်းထရံပြိုလဲခြင်း၊ ရေစီးနှင့်အတူ ပစ္စည်းအချို့ မျောပါခြင်းများရှိခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# ဝမ်းတွင်းမြို့နယ်၌ နေအိမ်များအတွင်း ရေဝင်ရောက်၊ လူနှင့်တိရစ္ဆာန်များ ရေလွတ်ရာသို့ပြောင်းရွှေ့

**ဝမ်းတွင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အောက်တိုဘာ ၁၉ ရက် ည ၉ နာရီက ရွာသွန်းသောမိုးကြောင့် လူနေအိမ်များရေဝင်ကာ လူနှင့် တိရစ္ဆာန်များ ရေလွတ်ရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

ဝမ်းတွင်းဆည်ရေများတိုး၍စီးဆင်းခဲ့ပြီး ရေအရင်းအမြစ်ပေါင်မိုင်နာ ၄ နှင့် မိုင်နာ ၅ အကြားတွင် ရေများဝင်ရောက်ပြီး ရေအရင်းအမြစ်မြောင်းပေါင်တစ်လျှောက် ရေများစီးဝင်၍ မိုင်နာ ၅ ၏ အတွင်းဘက်တွင် တူးပေါက် လေးပေါက်နှင့် မိုင်နာ ၅ အောက်ပိုင်းတွင် ၁၅ ပေခန့် မြောင်းပေါင်ကျိုးပေါက်၍ ညောင်အုပ်ဖီးကျေးရွာ တောင်ပိုင်းသို့ ရေနှစ်ပေခန့်ဝင်ရောက်ခဲ့ရာ အိမ်ခြေ ၁၀၇ အိမ်၊ ကန်သာကျေးရွာတွင် အိမ်ခြေ ၁၄ အိမ်၊ ဒုန်းကုန်းကျေးရွာတွင် ၁၇ အိမ်၊ စမုံချောင်းရေတက်ခဲ့ရာမှ ကိုင်းကျေးရွာအုပ်စုအတွင်းရှိ ရွာသစ်ကျေးရွာ၊ အောင်သာကျေးရွာ၊ မိုးကောင်းကျေးရွာတို့ရှိ အိမ်ခြေ ၂၆၅ အိမ်၊ လျှော်ပင်ကျေးရွာ အနောက်ဘက်ရှိ လျှော်ပင်ချောင်းမှ ရေတက်လာပြီး အိမ်ထောင်စုခြောက်စုတွင်ရေနှစ်ပေခန့်ဝင်၍ နီးစပ်ရာအိမ်များသို့ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

လိန်ပင်ကျေးရွာအုပ်စုအတွင်းရှိ နွားနန်းကျေးရွာ တောင်ပိုင်းနှင့် အရှေ့ပိုင်း ရေနှစ်ပေခန့်မြင့်တက်၍ အိမ်ခြေ ၇၃ အိမ်အား ရေများဝင်ရောက်ကာ လူနှင့် တိရစ္ဆာန်များ ရေလွတ်ရာသို့ ပြောင်းရွှေ့ထားရသည်။ ထီးလှိုင်ကန်ရေပိုလွှဲနှင့် နွားနန်းကန်ရေပိုလွှဲများ ရေစီးဝင်မှုကြောင့် ဝမ်းတွင်း-ပင်းတလဲလမ်းပေါ်ရှိ အလျား ပေ ၅၀ ရှိသော ချောင်းကူးတံတားအောက်ခြေရေတိုက်စား၍ တံတားယိုင်သွားခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်သည့်ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်း၍ ရေအရင်းအမြစ်မြောင်းပေါင် အမြန်ပြန်လည်ပြုပြင်နိုင်ရေး၊ ရေဝင်မိသားစုများ၏ သောက်သုံးရေနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**



# ပင်လည်ဘူးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများအား မူးယစ်ဆေးဝါးရောင်းဝယ်သူငါးဦးနှင့်အတူဖမ်းမိ

**ကသာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မန္တကျေးရွာအနီး တောအတွင်းရှိ တဲထဲမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ကို မူးယစ်ဆေးဝါးရောင်းဝယ်သူ ငါးဦးနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် နံနက် ၃ နာရီခန့်တွင် ပင်လည်ဘူးမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် မန္တကျေးရွာအနီး တောအတွင်းရှိ ဝင်းခင်(ခ)အီးယား နေသောတဲကို ဝင်ရောက်ရှာဖွေရာ ယင်းတဲထဲတွင် ဝင်းခင်နှင့်အတူ ဇော်မြင့်၊ အောင်စိုး(ခ)သဲဖား၊ နိုင်စိုးနှင့် ပွဲဖေတို့ လေးဦးအားတွေ့ရှိရှာဖွေစစ်ဆေးခဲ့ရာ တဲအနီး မီးဖိုချောင်အတွင်းနှင့် တဲအနီးရှိ ကျွန်းပင်အောက်တို့မှ ဘိန်းဖြူ ၃ ဒသမ ၃၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ နှင့် ငွေကျပ် ၅၉၀၀၀ တို့ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်သူ ပင်လည်ဘူးမြို့နယ် မန္တကျေးရွာသားများဖြစ်ကြသော ဝင်းခင်(ခ)အီးယား၊ ဇော်မြင့်၊ အောင်စိုး(ခ)သဲဖား၊ နိုင်စိုးနှင့် ပင်လည်ဘူးမြို့နယ် မြသန္တာကျေးရွာနေ ပွဲဖေတို့ ငါးဦးအား ပင်လည်ဘူးမြို့မ ရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လှုအောင်(ကသာ)**

# မိသားစုဘုရားဖူးထွက်လာသောဆိုင်ကယ်အား ကားဖြင့်ဝင်တိုက်မိ၍ တစ်ဦးသေဆုံး

**ပုသိမ် အောက်တိုဘာ ၂၀**

ပုသိမ်မြို့အမှတ်(၁)နယ်မြေ ပုသိမ်-ချောင်းသာကားလမ်း ရန်ကင်းတောင်ဘုရားအနီး၌ အောက်တိုဘာ ၁၈ ရက် ည ၈ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွား၍ ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၈ နာရီခွဲခန့်က ပုသိမ်မြို့ တာဝတိံသာလမ်းနေ ဦးခင်ဇော်လင်းနှင့်ဇနီး မမျိုးမျိုးအေးတို့သည် သမီးမတွယ်တာလင်း (၁၀နှစ်)နှင့် အတူ နီးဘုရားဖူးရန် ၄၄ယ/---- ဆိုင်ကယ်ဖြင့် ပုသိမ်-ချောင်းသာလမ်းအတိုင်း မောင်းနှင်လာစဉ် အမှတ်(၁)နယ်မြေ ရန်ကင်းတောင်ကုန်းအတက်တွင် မျက်နှာချင်းဆိုင်မှ ပုသိမ်မြို့ မင်းရပ်တန်းလမ်းနေသူ ယာဉ်မောင်း သက်မောင်(ခ)ကုလား (၃၃ နှစ်) မောင်းနှင်လာသော AYYBB/---- နှစ်ဆန်းယာဉ်နှင့် တိုက်မိခဲ့သည်။

ထို့နောက် အဆိုပါယာဉ်ကပင် ဆက်လက်၍ လမ်းဘေးချရပ်ထားသော ဦးတင်ကိုကို(၄၆နှစ်)၏ AYYBI/----စူပါကာစတန်ယာဉ်ကို ထပ်မံတိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် မတွယ်တာလင်းသည် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဦးခင်ဇော်လင်းနှင့် ဒေါ်မျိုးမျိုးအေးတို့နှစ်ဦးမှာ (စိုးရိမ်ရ)ဒဏ်ရာများ ရရှိသွားသဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာန၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း သက်မောင်(ခ)ကုလားအား ပုသိမ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှုကြည်**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး၅၁၀၊ သွင်းကုန် ၅၇၆စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၂၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၆၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၆၀ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၈ ရက်တွင် မန္တလေးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ် နှစ်စီးနှင့် Nissan ၂၂ ဘီးယာဉ်တစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်ရှိ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Two Door Wardrobe အခု၂၀၀ နှင့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# အမြန်လမ်းမကြီး၌ နိုင်ငံခြားသားမောင်းနှင်လာသော Pajero မော်တော်ယာဉ် မီးလောင်မှု ဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အုတ်တွင်းမြို့နယ် ဇောဓိကုန်းအမြန်လမ်းပိုင်း မိုင်တိုင်အမှတ် (၁၃၇/၁) နှင့် (၁၃၇/၂) ကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း Mr.SESHU REDDY (အိန္ဒိယနိုင်ငံသား) မောင်းနှင်လာသော Pajero ယာဉ်မှာ ယနေ့ နံနက် ၉ နာရီခန့်က အင်ဂျင်ခန်းမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ဇောဓိကုန်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းနှင့် မီးသတ်စခန်းတို့မှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပေးခဲ့ရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူ နှစ်ဦးမှာ ထိခိုက်မှုမရှိခဲ့ပေ။ သို့ဖြစ်၍ ယာဉ်ကိုပေါ့ဆစွာမောင်းနှင်သူအား သက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၂၅)၊ မာလကာခြံရပ်နေ မခိုင်သန္တာဦး ၉/မဟမ(နိုင်)၀၂၆၀၄၄၏ ဖခင် ဦးစိန်ခိုင် ၉/မရမ(နိုင်)၀၆၆၂၅၁နှင့် ဦးသောင်းတင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိန်ခိုင်(ခ)ဦးသောင်းတင်**

## ပျောက်ဆုံးကြောင်း

ဦးမြင့်နိုင်ဦး (၅/ရဘန(နိုင်)၁၄၇၀၇၁) ပိုင် စိုးနှင်းထက်ရေယာဉ်၏ ရေကြောင်းဦးစီးဌာနမှထုတ်ပေးထားသည့် L.S.A သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၀၉၄၄၀၆

## ကျေးဇူးဆပ်ပါမည်

ကိုစိန်သောင်း ၁၂/ဥကမ(နိုင်) ၀၆၃၉၉၈၏ ပထမတန်းရေယာဉ် အုပ်လက်မှတ်နှင့် သင်္ဘောသားစာအုပ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၀၄၀၉၉၀ အား ဆက်သွယ်ပါရန် ကျေးဇူးဆပ်ပါမည်**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၈၁၀၃ Nissan Diesel, Truck ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၂/စခန(နိုင်) ၀၂၇၀၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာ(၆)လမ်း၊ အမှတ် ၁၁၁၁ ရှိ ဦးငွေသိန်း ဂရန်အမည်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြေစီမံခန့်ခွဲရေးဌာန၊ မြို့မြေစာရင်းတွင် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ ဧရိယာအကျယ်အဝန်း အလျားပေ ၂၀×အနံပေ ၆၀ ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်၊သွပ်မိုး၊ ပျဉ်ခင်း၊ ထပ်ခိုးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ ၂၅-၁၀-၂၀၁၇ ရက်တွင် ငွေအကျေ ပေးချေမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ပြုံးပြုံးမြင့်၊ ၇/ရတန(နိုင်)၁၂၈၁၉၆ အမှတ် ၂/၁၂၂၇၊ သုဇီတာ ၁၄လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖြေဆိုခဲ့သည့် B.C.Sc/ B.C.Tech.ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ပညာသင်နှစ်များတွင် ဖြေဆိုခဲ့သည့် P.G.D.(Web Engineering) နှင့် P.G.D.(Network Engineering) ဘွဲ့လွန်ဒီပလိုမာသင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| ဘွဲ့အမည် | ဘွဲ့နှင်းသဘင်ရက်နှင့်အချိန် | အစမ်းလေ့ကျင့်ရက်နှင့်အချိန် |
|---|---|---|
| B.C.Sc. | ၁၂-၁၁-၂၀၁၇ | ၁၁-၁၁-၂၀၁၇ |
| B.C.Tech | တနင်္ဂနွေနေ့ | စနေနေ့ |
| P.G.D.(Web Engineering) | နံနက် ၉ နာရီ | နံနက် ၉ နာရီ |
| P.G.D.(Network Engineering) | | |

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော ၂"×၁½"အရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၁-၅၃၇၃၉၃သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေချီ)၊ ဦးပိုင်အမှတ်(၄၁ᵃ)၊ မြေဧရိယာ(သုည ဒသမ ၀၂၀)ဧကရှိ ဦးကြည်လှ(ဇနီး)ဒေါ်ခင်ပုအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးနောင်နောင်(ဘ)ဦးကြည်လှ ၉/ပမန(နိုင်)၁၇၃၃၁၈မှ ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ် ၉၇/၂၀၁၆၊ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် ၄၈/၂၀၁၇၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၄၁၅ (W)နေ ဦးညွှန့်ဆန်း-ဒေါ်ခင်စိန်တို့၏သား မောင်မိုးကိုကို ၉/အမဇ(နိုင်)၀၃၂၁၁၃သည် မိဘတို့၏ ဆုံးမသွန်သင်မှုကိုမနာခံဘဲ မိဘတို့ စိတ်ဆင်းရဲမှုဖြစ်အောင် အစဉ်ပြုမူနေသောကြောင့်ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဖခင်-ဦးညွှန့်ဆန်း ၉/မတန(နိုင်)၀၃၃၅၁၀**


မြန်မာ့အလင်း
Myanma Alinn Daily

ဗိုလ်ချုပ်မှတ်တိုင်း "Yangon Today"
အချပ်ပို (၄) မျက်နှာ ပါဝင်သော မြန်မာ့အလင်းနေ့စဉ်ထုတ်
သတင်းစာများတွင် ကြော်ငြာများထည့်သွင်းနိုင်ပါပြီ.....



တစ်လအတွင်း ကျပ်သိန်း(၅၀)နှင့်အထက် ထည့်သွင်းပါက 5% Discount ပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**နေပြည်တော်**
ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၀၈

**နေပြည်တော်**
နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း) ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၇၃၆၁၂၉

**ရန်ကုန်(မြန်မာ့အလင်းသတင်းစာတိုက်)**
အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၅၈၃၄၊ ၅၅၉၁၀၈

**ရန်ကုန်(ကြေးမုံသတင်းစာတိုက်)**
အမှတ်(၇၇)၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၉၄၂၇၊ ၃၉၇၃၃၀

**ရန်ကုန်(မြန်မာ့အလင်းပုံနှိပ်တိုက်)**
အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၈၃၂၉

**မန္တလေး**
လမ်း(၂၀ × ၂၁)ကြား၊ (၈၂ × ၈၃) လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀

**တောင်ကြီး**
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇

**မကွေး**
နတ်မောက်လမ်း၊ တပ်မ(၈၈)တပ်နယ်ဈေးအနီး၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၇၁၂

**ကျိုင်းတုံ**
မြို့သစ်(၃-ခ)၊ အမှတ်(၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့နယ်၊ ဖုန်း-၀၈၄-၂၂၄၉၂

**ကလေး**
အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၂၁၃၃

**မြစ်ကြီးနား**
အမှတ်(၄၁)၊ ဈေးရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၄၆၂

**စစ်တွေ**
ရမ္မာဝတီလမ်း၊ တပ်ထိန်းဂိတ်အနီး၊ စက်ရုံရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၀၂၃၀၆၈၊ ၂၀၂၄၀၉၀၊ ၂၀၂၄၀၉၁

**လားရှိုး**
ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊ (၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့ အဝေရာလမ်းမ၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၄၀၆၇

**မြိတ်**
မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့၊ ဖုန်း-၀၅၉၄၂၁၈၃

**မော်လမြိုင်**
ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၅၂၅၊ ၂၇၅၂၆

**မုံရွာ**
နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇-၁၂၆၅၃၃

HOTLINE : 09 420114005 mmalygn544@gmail.com

# အလိုတော်ပြည့်

The important thing is not to stop questioning.

www.alodawpyei.org / Email: contact@alodawpyei.org

## ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပါသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းမှ
ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်
တည်ဆောက်ရေးတို့အတွက် အောက်ဖော်ပြပါအတိုင်းလှူဒါန်းခဲ့ကြောင်းသိရှိရပါသည်။

(က) ၂၆.၈.၂၀၁၇ - ရက်နေ့ က ကျဆုံး/ဒဏ်ရာရ ဝန်ထမ်းများအတွက် (၄၇၀)သိန်း

(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့ က ရခိုင်ပြည်နယ် မောင်တောမြို့နယ် - နယ်စပ်ခြံစည်းရိုးကာရန်အတွက် (၃၁၆၉၀)သိန်း

(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့ က ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေးအတွက် (၃၀၀၀)သိန်း

(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့ က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ထံသို့ ပေးအပ်ခြင်း။ (၃၀၀၀၀)သိန်း။

"စုစုပေါင်း ကျပ်သိန်းပေါင်း - ခြောက်သောင်းငါးထောင်တစ်ရာခြောက်ဆယ်(၆၅၁၆၀)သိန်းဖြစ်ပါသည်။"

ယခုကဲ့သို့ နိုင်ငံသူ နိုင်ငံသားများအတွက် လိုအပ်လျှက်ရှိနေသောဒေသများသို့ အမျိုးဘာသာ သာသနာအတွက် ရှေ့တန်းမှ စဉ်ဆက်မပြတ်စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အမြောက်အများ လှူဒါန်းပေးနေသော ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း နှင့် အဖွဲ့သားများ အားလုံး စီးပွားဥစ္စာများ ဒီရေအလားကဲ့သို့ တစ်နေ့တစ်ခြားတိုးတက်ပြီး ကိုယ်စိတ်နှစ်ပါး ကျန်မာချမ်းသာစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကို ဆက်လက်ထမ်းရွက်သယ်ပိုးနိုင်ပါစေ၊ လောကီ လောကုတ္တရာချမ်းသာအဖြာဖြာတို့အား တိုးတက် ရရှိခံစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းပေး၍မေတ္တာပို့သအပ်ပါသည်။

ပြည်တွင်း ပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီးက နိုင်ငံတော်နှင့်ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားများ အားလုံးကိုယ်စား ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုရင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ
အဂ္ဂမဟာပဏ္ဍိတ- နိုင်ငံတော်သမ္မတ၏နိုင်ငံစွမ်းဆောင်ရည်ဆုရ
ပြည်တွင်း ပြည်ပ သာသနာပြု - အလိုတော်ပြည့်ဆရာတော်ကြီး။
တာမွေမြို့နယ်-ရန်ကုန်တိုင်းဒေသကြီး။

# ဗြိတိန်ခွဲထွက်ရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ကောင်းမွန်သည့်အလားအလာကို ဂျာမနီဝန်ကြီးချုပ်ပြသ



**ဘရပ်ဆဲလ် အောက်တိုဘာ ၂၀**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ဥရောပမှ ဗြိတိန်ခွဲထွက်မှုနှင့်ပတ်သက်၍ အကူအညီပေးရန် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက မေတ္တာရပ်ခံခဲ့မှုကို သောကြာနေ့က ဥရောပသမဂ္ဂညီလာခံသို့ အပြုသဘောဆောင်သည့် တုံ့ပြန်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဗြိတိန်နှင့် စကားပြောဆိုဆွေးနွေးမှုကို ရှေ့ဆက်ပြုလုပ်သွားရန်ရှိပြီး ဆွေးနွေးပွဲများ ပျက်ပြယ်သွားဖွယ်ရာမရှိကြောင်း မာကယ်က ပြောကြားခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက ၎င်း၏ဆွေးနွေးဖက်ခေါင်းဆောင်များအား ပြည်တွင်းရေးဆိုင်ရာ နှုတ်ဆိတ်နေမှုများနှင့် ဆွေးနွေးပွဲများ လုံးဝရပ်တန့်နေမှုကို ဖြိုခွဲရန်အတွက် အကူအညီပေးရန် မေတ္တာရပ်ခံခဲ့ပြီးနောက် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဥရောပသမဂ္ဂ ညီလာခံပထမနေ့ပြီးဆုံးခါနီးတွင် ထိုသို့ မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သောကြာနေ့ ဆွေးနွေးပွဲမှ မေထွက်ခွာသွားခဲ့ပြီးနောက် ကျန် ၂၇ ဦးတို့က ဗြိတိန်ခွဲထွက်မှု ပြုလုပ်ပြီးနောက်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် ကြိုတင်စီစဉ်မှုများ ပြုလုပ်ခြင်းဖြင့် အနာဂတ်ဆွေးနွေးပွဲများကို ပိုမိုကျင်းပသွားကြရန် စိတ်ပါလက်ပါရှိသည့် အပြုအမူမျိုး ပြသခဲ့ကြကြောင်း ဖော်ပြထားသည်။

အဖွဲ့ဝင်အားလုံးက စိတ်ဝင်တစားဖြင့် ဆောင်ရွက်ကြလျှင် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာမည်ကို သံသယဖြစ်ဖွယ်မရှိကြောင်း၊ ၎င်းအနေဖြင့် မအောင်မြင်နိုင်သည့် အလားအလာမျိုးမတွေ့ရကြောင်း မာကယ်က ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂသည် ဗြိတိန်က ၎င်း၏ နှုတ်ထွက်မှုနှင့် ဆက်နွှယ်သည့် ငွေကြေးအရတာဝန်ယူဆောင်ရွက်မှုပြုလုပ်ရန် ဗြိတိန်ထံမှ အခိုင်အမာကတိပေးအပ်မှုရရှိအောင် ကြိုးပမ်းလျက်ရှိသည်။ ခေါင်းဆောင်များသည် သောကြာနေ့တွင် ဗြိတိန်နှုတ်ထွက်ပြီးပြန်လည်အခြေချရေးအတွက် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ရန်ရည်ရွယ်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယား နျူကလီးယားအရေးနှင့် ပတ်သက်ပြီး ဂျပန်ကာကွယ်ရေးဝန်ကြီး ဖိလစ်ပိုင်အစည်းအဝေး၌ ဆွေးနွေးမည်

**တိုကျို အောက်တိုဘာ ၂၀**



ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီ အိုနိုဒီရာက လာမည့် ဖိလစ်ပိုင်ခရီးစဉ်အတွင်း မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက်ကပြောကြားခဲ့သည်။

အိုနိုဒီရာသည် လာမည့်တနင်္ဂနွေနေ့မှ ဗုဒ္ဓဟူးနေ့အထိ အာဆီယံနိုင်ငံဆိုင်ရာ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဆောင်ယွန်မိုတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များကို အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နျူကလီးယား၊ ဒုံးလက်နက်နှင့် ပြန်ပေးဆွဲသည့် ကိစ္စရပ်များကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန်မှာ အလွန်အရေးကြီးကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောခဲ့သည်။

ဂျပန် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် များပြားလှသော မရေရာသည့် အခြေအနေများကို အမေရိကန်၊ တောင်ကိုရီးယားတို့နှင့် ပူးပေါင်းဖြေရှင်းရန် အသင့်ပြင်ထားရန် လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ ဂျပန်ကာကွယ်ရေးဝန်ကြီးသည် မြောက်ကိုရီးယား နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ကွမ်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီ ရှိုင်ဂူတို့နှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ဒေဝါလီပွဲတော်ကျင်းပမှုအတွင်း မျက်စိထိခိုက်ဒဏ်ရာရရှိသူ အယောက် ၃၀ကိုဆေးရုံသို့ပို့ဆောင်ခဲ့

**နယူးဒေလီ အောက်တိုဘာ ၂၀**

အိန္ဒိယတောင်ပိုင်း တီလန်ဂါနာ၌ လူ ၃၀ ထက်မနည်း မျက်စိထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားခဲ့သည်။ ကြာသပတေးနေ့ညက ဒေဝါလီအထိမ်းအမှတ် ပွဲတော်ဆင်နွှဲခဲ့စဉ်အတွင်း ၎င်းတို့၏မျက်စိများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား ဆာရိုဂျီနီဒေသ မျက်စိကုဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ပြီးခဲ့သည့်ညကတည်းက ဆာရိုဂျီနီမျက်စိကုဆေးရုံ၌ မျက်စိထိခိုက်ခံစားရသည့်လူနာအယောက်၃၀ကိုလက်ခံခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး စီလက်စမာ ရက်ဒီက ဖော်ပြခဲ့သည်။ ၎င်းတို့အနက် ၁၂ဦးကို အတွင်းလူနာအဖြစ်ကုသလျက်ရှိပြီး ခြောက်ဦးမှာ ခွဲစိတ်ကုသရန်လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူရိုးရာပွဲတော်ဖြစ်သည့် ဒေဝါလီပွဲတော်ကို ကြာသပတေးနေ့က ကျင်းပခဲ့သည်။ ပြည်သူများက အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းပစ်ဖောက်မှုများ ပြုလုပ်ခဲ့ကြသည်။

**(ဆင်ဟွာ)**

# ဝန်ကြီးချုပ် လီရှန်လွန်း အနားယူပြီးလျှင် စင်ကာပူဝန်ကြီးချုပ်သစ်ဖြစ်လာရန် ဟန်ဆွီကီနှင့် ချန်ချွန်ဆင်းတို့ ရေပန်းစားလျက်ရှိ

**စင်ကာပူ အောက်တိုဘာ ၂၀**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက သူ့အနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း ရာထူးမှထွက်ခွာရန် အဆင်သင့်ဖြစ်နေကြောင်း၊ သူ့နေရာတွင် တာဝန်ယူမည့်သူကိုလည်း အစိုးရအဖွဲ့တွင် တွေ့ရကြောင်း၊ သို့သော်လည်း တိကျသော ရွေးချယ်မှုများ မလုပ်ရသေးကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၀ ရက်ကထုတ်လွှင့်ခဲ့သော စီအင်န်ဘီစီနှင့် တွေ့ဆုံမေးမြန်းခန်း၌ စင်ကာပူတည်ထောင်သူဖခင်ကြီး လီကွမ်ယူး၏ သားဖြစ်သူ အသက် ၆၅ နှစ်ရှိ လီရှန်လွန်းက လက်ရှိ ပါလီမန်သက်တမ်းငါးနှစ်ကုန်ဆုံးသွားပြီဖြစ်ရာ လာမည့် ရွေးကောက်ပွဲသစ်တစ်ခုကို ၂၀၂၁ မတိုင်မီ ကျင်းပဖို့လိုလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

"လာမယ့်နှစ်အနည်းငယ်အတွင်း ရာထူးမှထွက်ပေးဖို့ ကျွန်တော်အဆင်သင့်ဖြစ်နေပါပြီ" ဟု လီကပြောခဲ့သည်။ သို့သော်လည်း နောင်လာမည့် ခေါင်းဆောင်သည် တာဝန်ကို လက်ခံနိုင်သူဟုတ် မဟုတ် သေချာအောင် ဆန်းစစ်နေကြောင်း ၎င်းက ဆက်လက် ပြောခဲ့သည်။

"သူကတော့ အစိုးရအဖွဲ့ထဲမှာရှိလိမ့်မယ်။ သို့သော်လည်း ဘယ်သူလဲ မသိသေးတာတစ်ခုပဲ" ဟု လီက ထပ်မံပြောကြားခဲ့သည်။

လာမည့်တနင်္ဂနွေနေ့တွင် အမေရိကန်ပြည်ထောင်စုသို့ စတင်ခရီးမထွက်ခွာခင် လီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါခရီးစဉ်တွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

နောင်လာမည့် စင်ကာပူဝန်ကြီးချုပ် ဖြစ်နိုင်မည့်သူများမှာ ဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီကီနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ယခင်စစ်ဘက်ဆိုင်ရာအကြီးအကဲချုပ် ချန်ချွန်ဆင်းတို့ဖြစ်ကြောင်း ဒေသတွင်းသတင်းမီဒီယာများနှင့် လေ့လာသူများက ဆိုသည်။

ဒုတိယဝန်ကြီးချုပ် သာမန်ရှန်မူဂါရတ်နန်သည်လည်း ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းဖြစ်နိုင်သော်လည်း ဝန်ကြီးချုပ် အလုပ်ကို မလုပ်ချင်ကြောင်း ထပ်တလဲလဲပြောကြားခဲ့ကြောင်းသိရသည်။ ထို့အတူ ယခုကဲ့သို့ ဒုတိယဝန်ကြီးချုပ် ရာထူးကို ရရှိခဲ့သည်မှာ ၎င်းအတွက် အံ့သြဖွယ်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လူနည်းစုမျိုးနွယ်ဖြစ်သည့် အိန္ဒိယအသိုင်းအဝိုင်းမှ ဆင်းသက်လာသူဖြစ်သောကြောင့် ဖြစ်ကြောင်း ပြောခဲ့သည်။

လွတ်လပ်ရေးရပြီးကတည်းက စင်ကာပူခေါင်းဆောင်သည် အမြဲတမ်း လူများစုဖြစ်သည့် တရုတ်အသိုင်းအဝိုင်းမှ ဖြစ်လေ့ရှိကြောင်း သိရသည်။ ၁၉၆၅ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက အရှေ့တောင်အာရှ၏ကြွယ်ဝချမ်းသာသည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံကို ပြည်သူ့လုပ်ရှားမှုပါတီက အုပ်ချုပ်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆိုမာလီယာရှိ ဒုက္ခသည်များကို ကူညီရန် ထောက်ပံ့ပစ္စည်းများပါသော လေယာဉ်တစ်စင်း ကာတာပေးပို့

ဒိုဟာ အောက်တိုဘာ ၂၀

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူး၌ လွန်ခဲ့သော ရက်သတ္တပတ်များက ဖြစ်ပွားခဲ့သော အကြမ်းဖက်နိမ်နင်းရေး တိုက်ခိုက်မှုတွင် ဘေးဒုက္ခရင်ဆိုင်ခံစားခဲ့ရသော ဒုက္ခသည်များကို ကူညီရန် ကာတာလေတပ်က အဆိုပါ နိုင်ငံသို့ စီ-၁၇ အမျိုးအစား လေယာဉ်တစ်စင်း ပေးပို့ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်သည် ဆေးဘက်ဆိုင်ရာပစ္စည်းများကို သယ်ဆောင်ခဲ့ကြောင်းနှင့် အကြမ်းဖက်ပေါက်ကွဲမှုများတွင် ဒဏ်ရာရရှိခဲ့သော လူရာပေါင်းများစွာကို ကူညီရန် ရှေးဦးသူနာပြုစုခြင်း နည်းလမ်းများကို ယူဆောင်ခဲ့ကြောင်း သိရသည်။

ကာတာအပြည်ပြည်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးဘက်ကျွမ်းကျင်အဖွဲ့ကိုလည်း ဒဏ်ရာရရှိသူများကို ကူညီကုသပေးရန်နှင့် လေယာဉ်ဖြင့် ဆိုမာလီယာအပြင်ဘက်တွင် ကုသမှုပြုလုပ်နိုင်ရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

### အကျင့်ပျက်ခြစားမှု ပပျောက်ရေး တရုတ်အရာရှိများကို စုံစမ်းဖော်ထုတ်

ပေကျင်း အောက်တိုဘာ ၂၀

တရုတ်ကွန်မြူနစ်ပါတီသည် ပါတီအတွက် ခြိမ်းခြောက်မှုဖြစ်သော အကျင့်ပျက်ခြစားမှု ပပျောက်ရေး အောင်မြင်မှုရရှိရန် ကတိကဝတ်ပြုခဲ့ပြီးနောက် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြည်နယ်အဆင့် သို့မဟုတ် အုပ်စုဖွဲ့အဆင့် သို့မဟုတ် ယင်းအဆင့် အထက်ရှိ အရာရှိပေါင်း ၄၄၀ ကို အကျင့်ပျက်ခြစားမှုဖြင့် စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်များက စုံစမ်းစစ်ဆေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၉ ရက်တွင် ပြောခဲ့သည်။

အကျင့်ပျက်ခြစားမှု ပပျောက်ရေး အောင်မြင်မှုရရှိရန် ဆောင်ရွက်မှုအတွင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အမြဲတမ်းအဖွဲ့ဝင်နှင့် အလုည့်ကျအဖွဲ့ဝင် ၄၃ ဦးကိုလည်းကောင်း၊ စည်းကမ်းပိုင်ဆိုင်ရာ စစ်ဆေးမှုဗဟိုကော်မတီ၏အဖွဲ့ဝင် ကိုးဦးကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးခဲ့ကြောင်း စည်းကမ်းပိုင်းဆိုင်ရာစစ်ဆေးမှုဗဟိုကော်မတီ ဒုတိယအတွင်းရေးမှူး ရှန်ရှောင်တူက (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်ပြင်ပ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

(ဆင်ဟွာ)

# တိုက်ပွဲသံများကြားမှ မာရဝီ၏ လွတ်မြောက်ရေး

•••••••••• ချိုးစန္ဒီနွေး ••••••••••

**အဘူဆေယက်ဖ်အဖွဲ့၊ မာအူတီအဖွဲ့တို့ အပါအဝင် အိုင်အက်စ်အဖွဲ့ကိုလိုလားသူစစ်သွေးကြွတွေဟာ ၂၀၁၇ ခုနှစ် မေလကစတင်ပြီး ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာရှိတဲ့ မာရဝီမှာ ထကြွသောင်းကျန်းခဲ့ကြပါတယ်။ ဒါကို နှိမ်နင်းနိုင်ဖို့ ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့ဟာ အပြင်းအထန်ကြိုးစားခဲ့ရပါတယ်။ မာအူတီအုပ်စုက စစ်သွေးကြွတွေဟာ မာရဝီမြို့တော်ခန်းမအပါအဝင် အဓိကလမ်းမကြီးတွေ၊ တက္ကသိုလ်၊ ဆေးရုံနဲ့ အကျဉ်းထောင် အစရှိတာတွေကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။**



အချို့သော အကြမ်းဖက်သမားတွေဟာ မာရဝီမှာရှိတဲ့ မာအူတီအုပ်စုကို အကူအညီပေးဖို့အလို့ငှာ တိုင်းပြည်အတွင်း ရောက်ရှိနေတဲ့ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားတွေ ဖြစ်တယ်လို့ ၂၀၁၇ ခုနှစ် မေလ ၂၆ ရက်နေ့မှာ ဖိလစ်ပိုင်တပ်ဖွဲ့က ကြေညာခဲ့ပါတယ်။

သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အိုင်အက်စ်အလံကို လွှင့်ထူနိုင်ဖို့ပဲဖြစ်တယ်။ ဆီးရီးယားနဲ့ အီရတ်တို့မှာ အခြေမလှတော့တဲ့ အိုင်အက်စ်အဖွဲ့ဟာအာရှမှာ ခြေကုပ်ရယူဖို့ ကြိုးပမ်းတာပဲဖြစ်တယ်။ မာရဝီကို ငါးလကြာ အကြမ်းဖက်သမားတွေရဲ့ လက်ထဲမှာ ထားရှိခဲ့ရပေမယ့် အောက်တိုဘာ ၁၇ ရက်နေ့မှာတော့ မာရဝီမြို့ဟာ အကြမ်းဖက်သမားတွေဆီက လွတ်မြောက်ပြီလို့ ဖိလစ်ပိုင်သမ္မတဒူတာတေးက ကြေညာခဲ့ပါတယ်။

သူပုန်ခေါင်းဆောင်အသတ်ခံရပြီးပြီလို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တွေက ကြေညာလို့အပြီးမှာသမ္မတဒူတာတေးဟာမာရဝီကို လာရောက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မြို့ထဲမှာတော့ တိုက်ခိုက်မှုတွေ ရှိနေဆဲပါပဲ။ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားအချို့ပါဝင်တဲ့ စစ်သွေးကြွ ၃၀ ခန့်ဟာ နောက်ဆုံးအချိန်ထိ တိုက်ခိုက်နေတုန်းပါပဲ။ သူတို့ရဲ့လက်ထဲမှာ အရပ်သား ၂၀ ခန့်ကိုလည်းဓားစာခံအဖြစ် ဖမ်းဆီးထားတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ကျန်ရှိနေတဲ့တိုက်ခိုက်ရေးသမားတွေကို ဦးဆောင်နေတဲ့သူကတော့ မလေးရှားအကြမ်းဖက်သမားတစ်ဦးဖြစ်တဲ့ မာမက်ဘင်အာမက်ပဲ ဖြစ်တယ်။

သူဟာ ဖိလစ်ပိုင်တောင်ပိုင်းမှာ ထကြွနေတဲ့ သူပုန်တွေကို ငွေကြေး အဓိက ထောက်ပံ့နေတဲ့ သူလည်း ဖြစ်တယ်။ အာမက်ဟာ အက်ဖ်ဘီအိုင်က အလိုရှိဆုံး စာရင်းထဲမှာပါတဲ့ အသတ်ခံလိုက်ရတဲ့ အစ္စနီလွန် ဟက်ပီလွန်ရဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်လည်း ဖြစ်တယ်။ ဟက်ပီလွန်ဟာ အဘူဆေယက်ဖ်အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်ပြီး အိုင်အက်စ်တွေနဲ့ အဆက်အသွယ်ရှိသူလည်း ဖြစ်တယ်။

မာမက်ဘင်အာမက်ဟာ သေဆုံးသွားပြီဖြစ်တဲ့ ဟက်ပီလွန်လောက် ခေါင်းဆောင်နိုင်မှုစွမ်းရည်ဟာ မကောင်းဘူးလို့ ဖိလစ်ပိုင်တပ်ဖွဲ့ရဲ့ ဗိုလ်ချုပ်ပက်ဒယ်လာက ပြောပါတယ်။ တိုက်ခိုက်ရေးသမားတွေကို ဦးဆောင်နိုင်တဲ့ စွမ်းရည်မရှိဘူးလို့လည်း ဗိုလ်ချုပ်က ဆက်လက်ပြောပါတယ်။

မာမက်ဟာ အသက် ၃၉ နှစ်ရှိပါပြီ။ သူဟာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က ပါကစ္စတန်မှာရှိတဲ့ အစ္စလာမ်မာဘတ်အစ္စလာမ္မစ်တက္ကသိုလ်မှာ ပညာသင်ကြားနေစဉ်မှာပဲအာဖဂန်နစ္စတန်က အယ်ကေးဒါးစခန်းမှာ လေ့ကျင့်သင်ကြားခဲ့သူဖြစ်ပါတယ်။ သူဟာ အရင်တုန်းက ကွာလာလမ်ပူမှာရှိတဲ့ တက္ကသိုလ်မှာ အစ္စလာမ္မစ်သင်ကြားရေးနဲ့ ပတ်သက်ပြီး ကထိကတစ်ဦး ဖြစ်ခဲ့ပါတယ်။အခုအချိန်မှာတော့ အကြမ်းဖက်သမားတွေရဲ့ အဓိကခေါင်းဆောင်ဟာလည်း သေဆုံးသွားခဲ့ပါပြီ။ အစိုးရဟာ အကြမ်းဖက်သမားတွေနဲ့ တိုက်ပွဲတွေရဲ့ဒဏ်ကို ခံစားခဲ့ရတဲ့မြို့မှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ စတင်ဖို့ကြိုးစားရတော့မှာပဲ ဖြစ်တယ်။

ဒေသခံပေါင်း ၂၀၀၀၀၀ ကျော်ဟာ ညစ်ပတ်နေတဲ့ ဒုက္ခသည် စခန်းတွေမှာ နေထိုင်နေရတယ်။ ဒေသခံတွေရဲ့အဓိက မျှော်လင့်ချက်ကတော့ စစ်ဆင် ရေးတွေ ပြီးဆုံးသွားပြီလို့ အစိုးရဘက်က ကြေညာမှာကိုပါပဲ။ အကြမ်းဖက်သမားများရဲ့ အန္တရာယ်ကြောင့် နေအိမ်စွန့်ခွာထွက်ပြေးလာရတဲ့ ဒေသခံတွေကို စိတ်ရှည်ရှည်ထားကြဖို့ ဖိလစ်ပိုင်တပ်ဖွဲ့ရဲ့ ဒေသဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရှိမီရိုဘရောနာက ပြောပါတယ်။

ဒေသခံတွေ သူတို့ရဲ့ နေအိမ်တွေဆီ ပြန်မလာခင် လုံခြုံရေးအရစိတ်ချရအောင် ဒီနယ်မြေမှာ သေချာရှင်းလင်းမှုတွေ လုပ်ဖို့လိုအပ်သေးတယ်လို့ သူကဆိုပါတယ်။ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တွေဟာ ကျန်ရှိနေသေးတဲ့ ဓားစာခံတွေကို ကယ်တင်ဖို့လည်း ကျန်သေးတယ်။

သူပုန်အကြွင်းအကျန်များ၊ ပေါက်ကွဲစေတတ်သော လက်နက်များ ရှိ မရှိကိုလည်း သေချာစိစစ်ဖို့လိုတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ ဖိလစ်ပိုင်သမ္မတဒူတာတေးကတော့ တိုက်ပွဲတွေ စဖြစ်ပွားတဲ့အချိန် မေလကတည်းက မင်ဒါနာအိုပြည်နယ်မှာ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ခဲ့ပါတယ်။ နောက်ထပ်နှစ်လလောက်အကြာမှာတော့ ယခုနှစ်ကုန်ပိုင်းအထိ စစ်အုပ်ချုပ်ရေးအမိန့်ကို ထပ်ထုတ်ခဲ့ပါတယ်။ အခုအခါမှာ သူပုန်ခေါင်းဆောင် သေဆုံးသွားပေမယ့် စစ်အုပ်ချုပ်ရေးအမိန့်ကိုတော့ ဆက်လက်ထုတ်ထားဆဲပဲဆိုတာ အောက်တိုဘာ ၁၇ ရက်က ကြေညာခဲ့ပါတယ်။ အဓိကခေါင်းဆောင်ကို သုတ်သင်လိုက်နိုင်ပေမယ့် ခြိမ်းခြောက်မှုတွေကတော့ ရှိနေဆဲပါပဲ။

အချို့နေရာတွေမှာ စစ်အုပ်ချုပ်ရေး တကယ်ပဲလိုအပ်နေသေးပါတယ်။ အချို့နေရာတွေမှာ အကြမ်းဖက်အုပ်စုတွေနဲ့ ချိတ်ဆက်မှုတွေ ရှိနေပါသေးတယ်။ ဒါကြောင့် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းလို့ မရသေးဘူးလို့ ဆိုပါတယ်။ ဖိလစ်ပိုင်တက္ကသိုလ်က အစ္စလာမ္မစ်သင်ကြားရေး ပါမောက္ခတစ်ဦးဖြစ်သူ Julkipli Wadi က မာရဝီမှာ တိုက်ပွဲတွေ ပြီးဆုံးသွားပေမယ့် တောင်ပိုင်းရဲ့ အခြားနေရာတွေမှာလည်း သတိပြုမိလောက်စရာ အကြမ်းဖက်မှုတွေ ရှိနေပါသေးတယ်လို့ ပြောပါတယ်။

မာရဝီမှာဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်ကိုကြည့်ရင် အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေပါဝင်တဲ့ အဖွဲ့ငယ်လေးတစ်ခုကတောင် ဖိလစ်ပိုင်တပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်ပြီး ဒီနယ်မြေကို လအတန်ကြာ သိမ်းပိုက်ထားနိုင်တာကိုတွေ့ရပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ သူတို့ဟာအစိုးရကို ငါးလကြာအောင် ပုန်ကန်ထားနိုင်တယ်။ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကဆို ဒီအဖွဲ့ကို ဘယ်သူမှသိပ်ပြီး သတိမထားမိသေးပါဘူး။ အစိုးရဘက်ကလည်း မာရဝီကို လွယ်လွယ်နဲ့ ပြန်သိမ်းနိုင်ခဲ့တာ မဟုတ်ပါဘူး။ အစိုးရဘက်က တပ်ဖွဲ့ဝင်ပေါင်း ၁၅၀ ခန့် ကျဆုံးခဲ့ရပါတယ်။ သမ္မတ ဒူတာတေးဆီကနေ မာရဝီမြို့လွတ်မြောက်ပြီလို့ ကြေညာတာ ကြားရပေမယ့် တိုက်ပွဲအချို့ကတော့ ဆက်လက်ဖြစ်ပွားဆဲပါပဲ။

**မာရဝီမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်ကိုကြည့်ရင် အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေ ပါဝင်တဲ့ အဖွဲ့ငယ်လေးတစ်ခုကတောင် ဖိလစ်ပိုင်တပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်ပြီး ဒီနယ်မြေကို လအတန်ကြာ သိမ်းပိုက်ထားနိုင်တာကိုတွေ့ရ**

မာမက်ကိုဟက်ပီလွန်ရဲ့နေရာမှာ အစားထိုးနိုင်ပေမယ့်လည်း မာမက်ဟာ ကျောင်းဆရာသာဖြစ်ပြီး တိုက်ခိုက်ရေးသမားမဟုတ်လို့ ဟက်ပီလွန်တို့လောက် စိုးရိမ်စရာမရှိဘူးလို့ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူတွေက ပြောပါတယ်။ နောက်ထပ် ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အဗ္ဗဒူလာ မာအူတီကတော့ ဩဂုတ်လအတွင်းက လေကြောင်းတိုက်ခိုက်မှုအတွင်းမှာ သေဆုံးသွားပြီလို့ ယူဆရပေမယ့် ၎င်းရဲ့အလောင်းကိုတော့ မတွေ့ရပါဘူး။

မာရဝီစစ်ဆင်ရေးအတွက် ၅ ဘီလီယံပီဆို ကုန်ကျခဲ့တယ်လို့ဆိုတဲ့ ကာကွယ်ရေးဝန်ကြီးကတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို ဇန်နဝါရီလမှာ စတင်မယ်လို့ ပြောပါတယ်။ ဒေသခံတွေရဲ့အဆောက်အအုံတွေဟာလည်း လုံခြုံမှုမရှိသေးပါဘူး။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် အချိန်နည်းနည်းလောက်ထပ်စောင့်ဖို့ လိုပါသေးတယ်။ မာရဝီမှာဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်ဟာ ဖိလစ်ပိုင်တစ်နိုင်ငံလုံးကို သတိပေးလိုက်သလိုပါပဲ။ အမေရိကန်သမ္မတ ထရန့်ဟာလည်း ဖိလစ်ပိုင်သမ္မတဒူတာတေးရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး လူ့အသေအပျောက်များတယ်။ လူ့အခွင့်အရေး ချိုးဖောက်တယ်ဆိုပြီး အဆင်မပြေဖြစ်ကြပေမယ့် ဖိလစ်ပိုင်တောင်ပိုင်းမှာရှိတဲ့ သူပုန်တွေကို နှိမ်နင်းမယ့်အရေးမှာတော့ ဒရုန်းဖြင့် ထောက်လှမ်းခြင်းတွေနဲ့ အခြားသော နည်းပညာရပ်ဆိုင်ရာ အကူအညီတွေ ပေးခဲ့ပါတယ်။

အကြမ်းဖက်သမားတွေကို တစ်ကမ္ဘာလုံးက လက်မခံဘူးဆိုသည့်အတိုင်းပဲ ကမ္ဘာ့နေရာအနှံ့အပြားမှာ အကြမ်းဖက်သမားတွေကို နှိမ်နင်းနေကြပါတယ်။ အခုဆိုရင် အိုင်အက်စ်အဖွဲ့ဟာ အီရတ်နဲ့ ဆီးရီးယားမှာလည်း အခြေမလှတော့ပါဘူး။ နယ်မြေတွေ တစ်ခုပြီးတစ်ခု ဆုံးရှုံးနေပါပြီ။ အရှေ့တောင်အာရှမှာ ခြေကုပ်ယူဖို့ ကြိုးစားရာမှာလည်း အခုဖိလစ်ပိုင်မှာ အစိုးရတပ်ဖွဲ့တွေက အကြမ်းဖက်သမားတွေကို အနိုင်ယူနိုင်လာတော့ ဝမ်းမြောက်စရာလို့ ဆိုရမှာပါပဲ။

အကြမ်းဖက်မှုကွန်ရက်တွေရဲ့ အဓိက အသက်သွေးကြောဖြစ်တဲ့ လူငယ် တိုက်ခိုက်ရေးသမားတွေ နောက်ထပ်စုဆောင်းဖို့ အခွင့်မသာတော့အောင်လည်း လုပ်ထားဖို့လိုအပ်ပါတယ်။ ဒေသခံတွေကလည်း နယ်မြေငြိမ်းချမ်းသွားတဲ့အခါ သူတို့နေထိုင်ရာ ဒေသကို ပြန်လာချင်နေကြမှာ မလွဲပါပဲ။ အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းပြီး မူရင်းနေထိုင်ရာအရပ်မှာပဲ အေးအေးချမ်းချမ်း ပြန်လည်နေထိုင်လိုကြတာဟာ ဒေသခံအားလုံးရဲ့ ဆန္ဒပဲဖြစ်မှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်စ်**

# မသန်စွမ်းသူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးဆွေးနွေး

**မုံရွာ အောက်တိုဘာ ၂၀**
မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို အောက်တိုဘာ ၁၉ ရက်က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ရာ မသန်စွမ်းသူများ လာရောက်လေ့လာ နားထောင်ကြသည်ကို တွေ့ရသည်။

ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်းက တင်သွင်းသော မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် တိုက်တွန်းကြောင်း အဆိုကို အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးခဲ့ကြသည်။

ကောလင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ဒေါ်ဖြူဖြူဝင်း၊ ချောင်းဦးမြို့နယ်မဲဆန္ဒနယ်(၁)မှ ဦးဝင်းမြင့်၊ ဘုတလင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဒေါက်တာကျော်ဇေလင်း၊ ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ်(၁)မှဒေါက်တာသိန်းနိုင်၊ အရာတော်မြို့နယ်မဲဆန္ဒနယ်(၂)မှ ဦးဝဏ္ဏနှင့်ကျွန်းလှမြို့နယ် မဲဆန္ဒနယ်(၁)မှ ဦးကျော်လင်းတို့က မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ပတ်သက်၍ ဆွေးနွေးကာ တိုင်းဒေသကြီးဝန်ကြီးက ထပ်ဆင့်ဆွေးနွေးခဲ့သည်။



ထို့နောက်အဆိုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူကြမည်ဖြစ်ရာစည်းဝေးဆွေးနွေးကြသည်များကို မသန်စွမ်းသူများအနေဖြင့် စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုကြသည်ကို တွေ့ရသည်။ **သံတိုင်ထွန်း**

# ကန်ရေဝင်ကျေးရွာသုံးရွာမှဒေသခံများအတွက် သောက်ရေသန့်နှင့် ထမင်းထုပ်များပေးဝေ

**မိတ္ထီလာ အောက်တိုဘာ ၂၀**
မိတ္ထီလာကန်ရေ မြင့်တက်မှုကြောင့် ကန်ရေဝင်ရောက်သည့်ကျေးရွာသုံးရွာမှ ဒေသခံများအတွက် သောက်ရေသန့်နှင့်ထမင်းထုပ်များပေးဝေခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သည့် အကူအညီများကို အောက်တိုဘာ ၁၉ ရက်က နယ်မြေခံတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီစုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာကန်ရေဝင်ရောက်သော ကျေးရွာသုံးရွာဖြစ်သည့် ဂဠုန်ကုန်းကျေးရွာအုပ်စု ရှင်မြို့ ရွာမကျေးရွာနှင့် ကျောက်ဖြူကုန်းကျေးရွာအုပ်စု အုတ်နဲ့ဘုတ်ကျေးရွာဒေသခံများအတွက် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံစေတနာရှင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အလှည့်ကျထမင်းထုပ်နှင့် သောက်ရေသန့်များပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ပေါက်ချောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးက ထမင်းထုပ်နှင့်သောက်ရေသန့်များပေးဝေခြင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဆေးဝန်ထမ်းတပ်ဖွဲ့၊ဆေးကုသရေးအဖွဲ့မှကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးကျော်သူရအေး ဦးဆောင်သည့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ထမင်းထုပ်များနှင့် သောက်ရေသန့်များပေးဝေခြင်း၊ ရှင်မြို့ကျေးရွာအနီးမှ မုန်တိုင်ချောင်းမှ ကျေးရွာအတွင်းရေဝင်ရောက်မှုမရှိစေရေး ရေတားတာပေါင်များယာယီဆည်ဖို့ပြုပြင်ပေးခြင်း ဆောင်ရွက်ခြင်းတို့ကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြသည်။



မိတ္ထီလာကန်ရေဝင်ရောက်မှုကြောင့် ကျေးရွာအလိုက် ယာယီနေထိုင်စားသောက်ရေး ခက်ခဲမှုကြုံတွေ့ရသည့် အိမ်ထောင်စုနှင့် လူဦးရေမှာ ရှင်မြို့ကျေးရွာတွင် အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၄၁၀ ဦး၊ ရွာမကျေးရွာတွင် အိမ်ထောင်စု ၁၉ စု လူဦးရေ ၉၅ ဦး ၊ အုတ်နဲ့ဘုတ်ကျေး ရွာတွင် အိမ်ထောင်စု ၄၁ စု လူဦးရေ ၂၀၁ ဦးရှိကြောင်း သိရသည်။
**ချမ်းသာ(မိတ္ထီလာ)**

# ဂန့်ဂေါမြို့နယ်၌ ပညာရေးလုပ်ငန်းများ တိုးတက်ရေးဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ ၂၀**
ဂန့်ဂေါမြို့နယ်တွင် ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ချိုဦးနှင့် သင်ကြားရေးဆရာဆရာမများ၊ ပခုက္ကူတက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ဦးစိုးလွင်ဌေးတို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က ဂန့်ဂေါမြို့နယ်အထက ပုံညာခန်းမ၌ ပြုလုပ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် သင်ကြားရေးဆရာ ဆရာမများက နေ့စဉ်တွေ့ကြုံရသည့် ပြဿနာများ၊ လိုအပ်ချက်များ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ (၁၀၁)

# ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကေရိတ်သိမ်း

**မူဆယ် အောက်တိုဘာ ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာ ခရိုင်အဆင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကေ စပါးရိတ်သိမ်းခြင်း အခမ်းအနားကို အောက်တိုဘာလဒုတိယပတ်က တောင်သူဦးအိုက်အောင်လှ၏ ဦးပိုင်အမှတ်(၄၂/၄၄.က)၊ ၁ ဒသမ ၈၂ ဧကရှိ ပုလဲသွယ်မျိုးအမည်ကွင်း၌ စပါးရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပုလဲသွယ်မျိုးအမည် စပါးရိတ်သိမ်းခြင်းအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းလွင်လွင်စိန်က တက်ရောက်လာကြသော တောင်သူများအား စပါးအထွက်တိုးစေရန် တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းစပါးများ မစိုက်ပျိုးမီ ကွင်းဆင်းဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတောင်သူ စုစုပေါင်း ၁၀၀ ခန့်က ယင်းပုလဲသွယ်မျိုးအမည် စပါးရိတ်သိမ်းခြင်းအခြေအနေကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျိုက်ထီးရိုးစေတီတော်သို့ မီးသတ်ယာဉ်နှစ်စီး လှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၂၀**
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် လိုအပ်လျက်ရှိသော မီးသတ်ယာဉ်နှစ်စီးအတွက် ငွေကျပ်သိန်း ၆၀၀ ကို ကေဘယ်ကား တည်ဆောက်လျက်ရှိသော Sky Asia ကုမ္ပဏီမှ တာဝန်ရှိသူများက မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံးခန်းမ၌ ဗိုလ်မှူးကြီး ဝင်းနိုင်ဦးနှင့် မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့မှူး ဦးတင်မောင်နီတို့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မှာ မီးသတ်တပ်ဖွဲ့လည်း အရင်ကမရှိခဲ့ပါဘူး။ အခုစေတီတော်ဂေါပကအဖွဲ့က မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖွဲ့စည်းပြီး Sky Asia ကုမ္ပဏီက ၂၀ တို့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းမီးသတ်တပ်ဖွဲ့တွေကိုလည်း မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့မှ သင်တန်းပေးထားကြောင်း ယင်းကုမ္ပဏီမှ အထူးအကြံပေး ဦးမျိုးဝေက ပြောသည်။

ယင်းမီးသတ်ယာဉ်များ ရောက်ရှိလာပါက ဆံတော်ရှင်ကျိုက်ထီးရိုးတောင်ပေါ်တွင်တစ်စီး၊ တောင်အောက်၌ တစ်စီးထားရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျိုက်ထီးရိုးစေတီတော်တွင် ပထမဦးဆုံးကေဘယ်ကားကိုလည်း ယခုအခါတွင် စမ်းသပ်မောင်းနှင်နေပြီဖြစ်ကြောင်း သိရသည်။
**တင်ထွဋ်(မော်လမြိုင်)**

# ဧရာဝတီတံတား(ပခုက္ကူ)ရထားလမ်းနှင့် ကားလမ်းပေါ်တွင် သောက်စားဝိုင်းဖွဲ့သူများရှိနေ

**ပခုက္ကူ အောက်တိုဘာ ၂၀**
ဧရာဝတီမြစ်ကိုဖြတ်သန်းဆက်သွယ်ဆောက်လုပ်ထားသော ဧရာဝတီတံတား(ပခုက္ကူ)သည် ကားလမ်းနှင့်ရထားလမ်းပူးတွဲပါရှိသည့် တံတားတစ်စင်းဖြစ်သည်။

လူအချို့သည် တံတားကားလမ်းပေါ်တွင် ကား၊ ဆိုင်ကယ်ရပ်၍ဓာတ်ပုံရိုက်ခြင်း၊ စကားပြောခြင်းများမကြာခဏမြင်တွေ့နေရသည်။ အလားတူတံတားပေါ်ရှိ မီးရထားသံလမ်းတွင်လည်း ဝိုင်းဖွဲ့စကားပြောခြင်း၊ သောက်စားကြခြင်းများကြောင့် ညပိုင်းရထားလာချိန်တွင်အချိန်မီ မထနိုင်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။

"နေပြည်တော်နဲ့ ပခုက္ကူပြေးဆွဲနေတဲ့RBE ရထားက ည ၇ နာရီခွဲလောက်မှ တံတားကဖြတ်တယ်၊ တံတားအဝင်အထွက်ဆို လူတွေရှိနေတတ်တော့ အတော်ဂရုစိုက်မောင်းရပါတယ်"ဟု မီးရထားတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရထားစက်ခေါင်းမောင်း မမြင်သည့်အချိန်မျိုးတွင် ရထားလမ်းပေါ်လူရှိနေပါက ထိခိုက်ဒဏ်ရာရခြင်းသာမက အသက်များပါဆုံးရှုံးနိုင်သဖြင့် တံတားပေါ်တွင်ရပ်နားခြင်း၊စားသောက်နေထိုင်ခြင်းများ ရှောင်ကြဉ်သင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။
**ကိုဇော်(ခတု)**

# အမျိုးသားမြေဆီဖွံ့ဖြိုးတိုးတက်မှုနှင့် မြေဆီဩဇာစီမံကွပ်ကဲမှု နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**
United State Agency for International Development (USAID) နှင့် Australian Center for International Agricultural Research(ACIAR)တို့၏ အထောက်အပံ့ဖြင့် အပြည်ပြည်ဆိုင်ရာ မြေဩဇာဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Fertilizer Development Center(IFDC) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ လက်ခံကျင်းပသည့် အမျိုးသားမြေဆီဖွံ့ဖြိုးတိုးတက်မှုနှင့် မြေဆီဩဇာစီမံကွပ်ကဲမှု နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ကာ ပြောင်းလဲလာသည့် သဘာဝပတ်ဝန်းကျင်အားကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်စေရေးအတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး နည်းလမ်းများနှင့် မြေဆီဩဇာထက်သန်စွာ တည်တံ့နေစေရေး၊ ထိန်းသိမ်းနိုင်စေရေးနည်းလမ်းများကို မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာတို့မှ မြေဆီလွှာကျွမ်းကျင်ပညာရှင်များ၊ ပူးပေါင်းပါဝင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားရာတွင် စိုက်ပျိုးမြေများတွင် သဘာဝမြေဆီမြေနှစ်များ ညီမျှခြေပြောင်းလဲလာသည့်အခါ ဖြည့်စွက်မြေဩဇာများ စနစ်တကျစီမံခန့်ခွဲခြင်း အသုံးချခြင်းသည် အလွန်အရေးကြီးကြောင်း၊ မြေဆီလွှာနှင့် မြေဩဇာပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် တောင်သူလယ်သမားများ လိုက်နာသုံးစွဲရမည့် မြေဩဇာထောက်ခံချက်များ ထုတ်ပြန်ပေးစေလိုကြောင်း၊ မြေဩဇာဟုပြောရာ၌ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာဟူ၍ နှစ်မျိုးခွဲခြားနိုင်ကြောင်း၊ မည်သည့်မြေဩဇာကို မဆိုသုံးစွဲရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့လျော့ချစေရေးနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေမည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်သုံးစွဲကြရန် ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ပညာရှင်များက မြေဆီလွှာနှင့် သီးနှံအာဟာရထိန်းသိမ်းခြင်း ဆိုင်ရာနည်းလမ်းများ၊ မြေဩဇာနှုန်းထား ထောက်ခံချက်များနှင့် သက်ဆိုင်သည်များ၊ မြေဩဇာအရည်အသွေးထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့်စာတမ်းပေါင်း ၂၈ စောင်ကို ဖတ်ကြားတင်သွင်းကာ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး ဖလှယ်ခဲ့ကြကြောင်း သိရသည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သဘာဝဘေးလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**လှလှအောင် (မြန်မာနိုင်ငံလျှင်ကော်မတီ)**



သဘာဝဘေးအမျိုးမျိုးနှင့် တွေ့ကြုံထိခိုက်ခံစားနေကြရသည့် လူသားတို့အတွက်အစွမ်းရှိသမျှ ဖြင့် ထိခိုက်မှုလျော့ပါး အောင်လုပ်ဆောင်နိုင်မှသာ အနာဂတ်ဘဝတွင် သဘာဝဘေးမှ လုံခြုံစိတ်ချစေမှာဖြစ်သည်ကို ဆိုလိုသည်။

'ကာကွယ်စေရေး၊ လူပတ်ဝန်းကျင်နှင့် သဘာဝအန္တရာယ် စီမံခန့်ခွဲရေးတို့ပါဝင်သည်။ ဤလုပ်ငန်းများလုပ်ဆောင်ရာတွင် ကျောင်းနေအရွယ်ကလေးများအား သဘာဝဘေးမှ ရှောင်နိုင်ရန် လေ့ကျင့်ပေးခြင်း၊ ပညာပေးခြင်းတို့မှတစ်ဆင့် လူ့အသိုင်း အဝိုင်းထဲရှိ ကျောင်းနေကလေးများ၏ မိဘ များအား လေ့ကျင့်ပေးခြင်း၊ ပညာပေးခြင်း၊ ဤသည်မှတစ်ဖန် အမျိုးသားရေး အဆင့်ထိ တိုင်းပြည်တစ်ပြည်လုံးလေ့ကျင့်ပေးခြင်း၊ ပညာပေး ခြင်းဟု ခေါ်ဆိုသည့် Self- Help, Community help, National help ပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုသည် နားလည်ရုံ၊ သိထားရုံသက်သက် မဟုတ်၊ ကျွန်ုပ်တို့အပါအဝင် ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာကြီးအား ပြောင်းလဲလိုက်ရန်အတွက် ဖြစ်သည်။ မည်သို့ပြောင်းလဲလိုက်ရမည်နည်းဆိုရာတွင် လူသား အားလုံးသည် သဘာဝဘေးဒဏ်ခြောက်လှန့်မှု ခံစားနေရသူ များအဖြစ်မှ မိမိတို့အတွက် စွမ်းဆောင်နိုင်သူများအဖြစ်သို့ ပြောင်းလဲရန်ဖြစ်သည်။

အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ယခုအခါ သဘာဝ ဘေးများ ဖြစ်ပျက်မှုနှုန်း ပိုမိုများလာခြင်း၊ ထိခိုက်မှုပိုမို ကြီးမားခြင်း၊ ပျက်စီးမှုအတိုင်းအတာနယ်ပယ် ပိုမိုကျယ်ဝန်း လာခြင်းဖြစ်ရပ်များကို အားလုံးမြင်တွေ့သိရှိထားပြီးဖြစ်သည်။ မြင်တွေ့နေရသည်။ သဘာဝကို အန်တုနေရဆဲဖြစ်သည်။ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်ပေးခြင်းသည် သဘာဝဘေးကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်နှင့်တကွ နိုင်ငံစီးပွားရေးထိခိုက်မှု ပျက်စီးမှုလျော့ပါးစေရန် အလွန်အရေး ကြီးသော လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် စည်းစနစ်ကျနစွာဆောင်ရွက်မှသာ ထိရောက်မှုရှိပေမည်။

စည်းစနစ်ထိရောက်စွာ ဆောင်ရွက်ကြမည်ဆိုလျှင် သဘာဝဘေးဒဏ်ကို ခံစားနေရသည့် ဘေးသင့်သူများဘဝ အနေအထားမှ သဘာဝဒဏ်ကြံ့ကြံ့ခံစွမ်းဆောင်နိုင်သည့် သူများဘဝသို့ ပြောင်းလဲသွားသည်အထိ ရေရှည်ဆောင်ရွက် ရမည်ဖြစ်သည်။

သဘာဝဘေးအမျိုးမျိုးတို့သည် ယနေ့ကာလ၌ ကမ္ဘာ ကြီး ပူနွေးလာရခြင်း အကျိုးဆက်အနေဖြင့် ယခင်က ထက်ပို၍ ဘေးကျရောက်ခြင်း၊ ဘေးသင့်မှုအကြိမ် ပို၍ကြုံတွေ့ခြင်းတို့ကို ခံစားလာကြရသည်။ သိပ္ပံပညာရှင်များကလည်း သုတေသန ပြုလုပ်ဆောင်ချက်များ ပို၍ကြိုးစားပြုလုပ်နေလျက်ရှိသည်။

ယနေ့ခေတ်ကာလ နိုင်ငံကြီးများစွာသည် ရလဒ်ကောင်း များပေးနိုင်သော အစွမ်းထက်သော ဂြိုဟ်တုပုံရိပ်များကို တွယ်ကျယ်စွာ အသုံးပြုနေကြရုံမက သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက်လည်း အရှိန်အဟုန်မြှင့် အသုံးပြုနေ ကြပြီဖြစ်သည်။

ယခင်က လေယာဉ်ပေါ်တွင် ကင်မရာတပ်ဆင်၍ ကမ္ဘာမြေ ကြီးအား ဓာတ်ပုံရိုက်ယူပြီး ရရှိလာသည့် ကောင်းကင် ဓာတ်ပုံ များကို ယနေ့တိုင်အသုံးပြုဆဲဖြစ်သည်။ အာကာသထဲသို့ လွှတ်၍ အာရုံခံကိရိယာများစွာဆင်ထားသော ဂြိုဟ်တုသည် ကမ္ဘာမြေကို ပိုမိုအသေးစိတ်သော ပုံရိပ်များကို ထုတ်ဖော်ပေး နေသည်။

ကမ္ဘာမြေအတွက် ဘက်စုံထောင့်စုံအဘက်ဘက်တွင် အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံတွင် remote sensing data ခေါ် ဂြိုဟ်တုမှရရှိသည့်အချက်အလက်များအား သဘာဝ ဘေးအန္တရာယ်များ လျော့ပါးရေးအတွက်များစွာ လိုအပ် သည်။

**'ထိတွေ့ဘေးဒဏ်လျှော့ချမှု' ဟုဆိုရာတွင် မည်သို့သော လုပ်ဆောင်ချက်များနှင့် လျှော့ချနိုင်ပါမည်နည်း။ အဓိကမှာ ကြိုတင်ပြင်ဆင်ခြင်း(Preparedness) ပင် ဖြစ်သည်။ မည်သို့ကြိုတင်ပြင်ဆင်မည်နည်း။ ယနေ့နိုင်ငံအသီးသီးတွင် လူဦးရေအလျင်အမြန် တိုးပွားလာခြင်းနှင့်အတူ မြို့ပြအိမ်ရာကလည်း တိုးချဲ့လာနေချိန်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလာ ခြင်းကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပျက်မှုနှုန်းကလည်း တဖြည်းဖြည်းတိုးမြင့်လာနေ**

## အတက်ရောဂါစီမံချက်အကြောင်း အသိပေးရှင်းလင်း

**ညောင်လေးပင် အောက်တိုဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ WHO တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ အတက်ရောဂါစီမံချက် မြို့နယ်အဆင့် အသိပေး ရှင်းလင်းခြင်းကို အောက်တိုဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမာန် အောင်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံ ကြောဆေးကုဌာန စီမံချက်မန်နေဂျာ ဒေါက်တာစမ်းဦးက "လူတစ်ယောက်ရဲ့ဦးနှောက် မှာပုံမှန်မဟုတ်တဲ့ လှိုင်းကလေးတွေ ဖြစ်ပေါ်လာကာ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်း လာပြီး သတိလစ်တာကို တက်တယ်လို့ ခေါ်ပါတယ်။ အတက်ရောဂါဟာ ကုသလို့ရတဲ့ ရောဂါဖြစ်တယ်။ ဒီရောဂါကို မသိတဲ့လူတွေက စုန်း၊ နတ်တွေဝင်ပူးတာ ထင်ပြီး အယူလွဲတတ်လို့ ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ပေးသွားမယ်" ဟု ပြောကြားသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၂၀**



ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အောက်တို ဘာ ၁၇ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဖြူဝင်း ဦးဆောင်သောအဖွဲ့နှင့် ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်တို့က ပူးပေါင်းဆောင်ရွက်စီစဉ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန အင်ဂျင်နီယာမှူးက လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး အသေးစိတ်ရှင်းလင်းဟောပြောပြီး မြို့နယ်လျှပ်စစ်မန်နေဂျာက လျှပ်စစ်ဓာတ်အား ရရှိရေး အသုံးပြုပုံအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကာ လျှပ်စစ် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး တိုင်းဒေသကြီးလျှပ်စစ်စစ်ဆေးရေးအဖွဲ့က လျှပ်စစ်သရုပ်ပြပုံပါ လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား လိုက်လံ ဝေငှခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ကိုယ်ဝန်ဆောင်မိခင်များလိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေး ဌာနများတွင် ကိုယ်ဝန်အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံ တွင် အနည်းဆုံး(၄)ကြိမ်ခံယူပါ။
  - ပထမအကြိမ် - ကိုယ်ဝန်(၄) လအတွင်း (စောနိုင်သမျှစောစော)
  - ဒုတိယအကြိမ် - ကိုယ်ဝန်(၆) လမှ (၇) လအတွင်း
  - တတိယအကြိမ် - ကိုယ်ဝန်(၈) လအတွင်း
  - စတုတ္ထအကြိမ် - ကိုယ်ဝန်(၉) လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များအာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ်အစားပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂) ကြိမ်ထိုးပါ။
- တတ်ကျွမ်းသောကျန်းမာရေးစောင့်ရှောက်မှုပေးသူမှညွှန်ကြားသော ဆေးဝါးများမှအပ အခြားဆေးများမသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု အသင့်အတင့်ပြုလုပ်ပါ။ အိပ်ရေး ဝအောင်အိပ်ပါ။ နေ့လယ်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသော အလုပ်များမလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှစောစော သောက် ပါ။ ကိုယ်ဝန်(၇) လကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံး သောက်ပါ။
- သန့်ရှင်းပေ့ါပါးချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသောအဝတ်အစားများ ကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်အငွေ့အစ ရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှရှောင်ရှားပါ။
- ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် မည်သည့် အချိန်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံးမွေးဖွားအိတ်ငယ်ကို အသုံးပြုပါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့်

- ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း၊
- အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း
- အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက် နံရိုးအောက် အောင့်ခြင်း
- ဝမ်းဗိုက်အလွန်အမင်းဆက်တိုက်နာခြင်း
- မိန်းမကိုယ်မှ ရေဆင်း၊ သွေးဆင်းခြင်း
- ဖျားပြီး အိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
- တက်ခြင်း၊ သတိလစ်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက် ပြသကြပါရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အကြို ပန်းကုံ့ကော် ဒိုင်ယာရီဂီတည ဖျော်ဖြေမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

သမိုင်းဝင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အကြို အထိမ်းအမှတ်အဖြစ် “ပန်းကုံ့ကော် ဒိုင်ယာရီဂီတည”အမည်ဖြင့် ရန်ပုံငွေဖျော်ဖြေပွဲကြီးကို နိုဝင်ဘာ ၁ရက်(စနေနေ့)ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲနှင့် ပတ်သက်ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကျော်က “အခုပွဲကနှစ်တစ်ရာအကြိုပေ့ါနော်။ နှစ်တစ်ရာကတော့ ၂၀၂၀ ပြည့်နှစ်မှ ပြည့်မှာပါ။ နှစ်တစ်ရာပြည့်ကို ကြီးကျယ်ခမ်းနားစွာလုပ်ချင်တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့နှစ်က (၉၆)နှစ်ပြည့်ဆိုပြီးတော့ တက္ကသိုလ်တည်ထောင်တဲ့အထိမ်းအမှတ်အနေနဲ့ ဒီဇင်ဘာ ၁ ရက် ကနေပြီးတော့ ၁၇ ရက်ထိလုပ်ခဲ့ပါတယ်။ အဲဒါက ကျောင်းအနေနဲ့လုပ်တာပေ့ါ။ အခု ပန်းကုံ့ကော် ဒိုင်ယာရီ ဂီတညပွဲကို Loreal Art မှ ဒေါ်သီတာလင်းက ရန်ပုံငွေပွဲလေး လုပ်ချင်ပါတယ်။ဒီပွဲကရတဲ့ ရန်ပုံငွေအားလုံးကို သူ့အနေနဲ့ကလည်း လှူဒါန်းချင်ပါတယ်ဆိုပြီး ပြောလာတာကြောင့် လုပ်ဖြစ်တာပါ။ နောက်တစ်ခုက ကျွန်တော်တို့ (၉၆) နှစ်မြောက်လုပ်သွားတုန်းက တစ်နိုင်ငံလုံးသိချင်မှသိမယ်။ ဒါကြောင့်မို့ နှစ်တစ်ရာ ပြည့်ပွဲလုပ်ဖို့က တစ်နိုင်ငံလုံးသိဖို့လိုတယ်။ ကျောင်းသားဟောင်းတွေ စသည်ဖြင့် လက်မှတ်တစ်စောင်ဝယ်လိုက်တာနဲ့ တစ်ထောင့်တစ်နေရာက ရန်ပုံငွေရတဲ့ သဘောပဲလေ” ဟု ပြောသည်။

ယင်းပွဲတွင် အဆိုတော် ကိုင်ဇာ၊ အောင်နိုင်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊ အောင်ထက်၊ ချိုပြုံး၊ မေဆွိ၊ ဟေမာနေဝင်း၊ နီနီခင်ဇော်၊ ချမ်းချမ်းတို့ပါဝင်မည်ဖြစ်ပြီး လက်မှတ်များကို တစ်စောင်လျှင် ၅၀၀၀၀၊ ၃၀၀၀၀၊ ၂၀၀၀၀ သတ်မှတ်ပြီး အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ရန်ကုန်တက္ကသိုလ် ဒေါ်ဆွေဆွေအောင် စီမံ-ဘဏ္ဍာဌာနမှူး ရန်ကုန်တက္ကသိုလ် ဖုန်း ၀၉-၄၃၀၄၃၁၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုလင်း**

# သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းထဲက ရွှေမှုံရတီ



**ရန်ကုန် အောက်တိုဘာ ၂၀**

Triple Six ရုပ်ရှင်ထုတ်လုပ်ရေးမှ ပထမဆုံးပွဲဦးထွက်ထုတ်လုပ် ရိုက်ကူးပြီး ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် ဖန်တီးရိုက်ကူးမည့် “ဝေးမနေချင်ဘူး” ဇာတ်ကားအပါအဝင်၊ “မော်ဒန်ချစ်သူ”၊ “ဒို့ပိုင်တဲ့မြေ”၊ “ယောယောရှိ”စသည့် ရုပ်ရှင်ဇာတ်ကားများအား မီဒီယာများထံ အပ်နှံမိတ်ဆက်ပွဲပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရုပ်ဆောင်ရွှေမှုံရတီအနေဖြင့် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးမည့် “ဝေးမနေချင်ဘူး”ဆိုသည့် ရုပ်ရှင်ဇာတ်ကားကြီးတွင် ကေတီဗွီတွင် အလုပ်လုပ်နေသော ယနေ့ခေတ် မိန်းကလေးများ၏ဘဝနှင့် အချစ်ကို မည်ကဲ့သို့ ရွေးချယ်သွားမည်ကို ယင်းဇာတ်ကားတွင် ပရိသတ်အတွက် အမြင်ရသတစ်မျိုး ခံစားစေရန် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

“ညီမအနေနဲ့ ဒီဇာတ်ကားလေးက ဒရမ်မာပုံစံလေးပါ၊ နည်းနည်းတော့ဖိအားများတယ်။ ဘာလို့လဲဆိုတော့ ကြိုတင်မပြင်ဆင်ထားရင် ဖိအားဆိုတာ လူတိုင်းမှာရှိတာပဲလေ၊ ကြိုတင်ပြင်ဆင်မှုရှိရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် ယုံယုံကြည်ကြည်နဲ့ ကြိုးစားနိုင်ကြတယ်။ ဒါကြောင့်လည်း ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားပြီးသားပါ။ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ပြင်ဆင်မှုတွေလုပ်ခဲ့တာပါ။ အဓိကကတော့ မိတ်ကပ်ပိုင်းနဲ့ အဝတ်အစားပိုင်းပေ့ါနော်၊ ကိုယ့်ကိုပေးထားတဲ့ ကာရိုက်တာနဲ့လိုက်အောင် သဲက မိတ်ကပ်ဆရာနဲ့ တိုင်ပင်ပြီးလုပ်မှာပါ၊ ကာရိုက်တာကတော့ ကွဲပြားလိမ့်မယ်လို့ ညီမယုံကြည်ပါတယ်”ဟု ပြောသည်။ သရုပ်ဆောင်ရွှေမှုံရတီအနေနှင့် “ဝေးမနေချင်ဘူး” ရုပ်ရှင်ဇာတ်ကားကြီးထဲတွင် သရုပ်ဆောင် လူမင်း၊ နေမင်းတို့နှင့်အတူ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေး ရိုက်ကူးမည်ဖြစ်ပြီး ထပ်မံ၍လည်း ရုပ်ရှင်ဇာတ်ကားကြီးများ ဆက်တိုက်ရိုက်ကူးသွားရန်ရှိသည်ဟု သိရသည်။

**ကိုလင်း**

# မင်းသားနှစ်လက်ဖြင့် “ဂယက်တွေပါဟယ်” သရုပ်ဆောင်သူ ဖူးပွင့်သခင်



**ရန်ကုန် အောက်တိုဘာ ၂၀**

အနုပညာသက်တမ်းငါးနှစ်အတွင်း ဗီဒီယို ဇာတ်ကားပေါင်း ၂၀၀ တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ရိုက်ကူးခဲ့ပြီး “လူးရတနာသိုက်”၊ “သာယာတယ်ကျေနပ်တယ်”၊ သူငယ်ချင်းယောက္ခမ” စသည့်ရုပ်ရှင်ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သူ သရုပ်ဆောင် ဖူးပွင့်သခင်က “သုခုမာလာ” ရုပ်ရှင်ထုတ်လုပ်ရေးကနေ ထုတ်လုပ်ရိုက်ကူးနေသည့် “ဂယက်တွေပါတယ်” ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လူမင်း၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ ပန်းဖြူ၊ စမိုင်း၊ ကြည်လဲ့လဲ့ဦးတို့နှင့်အတူ ရိုက်ကူးနေကြောင်းသိရသည်။ အဆိုပါဇာတ်ကားတွင် သူ့အနေဖြင့် ခေတ်ဆန်သော မိန်းကလေးတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**မေး။ “ဂယက်တွေပါဟယ်”ဇာတ်ကားမှာ ညီမဇာတ်ဝင်ခန်း ဘယ်နှခန်းပါလဲ။ အဲ့ကားထဲက ကာရိုက်တာလေးကို ပြောပေးပါဦး။**

ဖြေ ။ တစ်ကားလုံးက မင်းသားတွေ ဇာတ်မဟုတ်ဘူး။ မိန်းကလေးတွေကို အဓိက အသားပေးထားတဲ့ ဇာတ်ပါ။ ဒီဘက်ခေတ်ကိုလည်း ထင်ဟပ်စေတဲ့ကားလေးပါ၊ အိမ်ထောင်ကျပြီးတဲ့ မိန်းကလေးတွေ အပျိုတုန်းကလို ခန္ဓာကိုယ်ကို မထိန်းသိမ်းနိုင်ဘဲ ဝလာကြတယ်။ အဲ့တော့ ယောကျ်ားတွေက စိတ်ပျက်လာကြပြီး အပြင်မှာအပျော်ရှာကြတယ်။ မခိုင်လေးဆိုလည်းသူ့ကာရိုက်တာနဲ့သူ၊ မကြည်လဲ့လဲ့ဦးဆိုလည်း ဒီလိုပဲ တစ်ယောက်တစ်မျိုးဆီ ခံစားချက်လေးတွေရှိနေကြတာပေ့ါနော်။ သူတို့က မင်းသမီးတွေ ဖြစ်ခဲ့တယ်။ အိမ်ထောင်ပြုပြီးတော့ ဝလာတဲ့အခါ အပြင်ကို ရဲရဲဝံ့ဝံ့ မထွက်ရဲကြတော့ဘူး။ နောက်ဆုံး မစမိုင်းက ပြည်ပကနေ ပြန်ရောက်လာတဲ့အခါမှာ အားလုံး Night Out ထွက်ကြမယ်ဆိုပြီး စီစဉ်ကြတယ်။ ထွက်ကြပြီး ကလပ်တွေမှာမူးကြတယ်။ အဲ့မှာ သူတို့ ယောကျ်ားတွေက ညီမကိုတွေ့သွားပြီး ညီမနောက်ကိုတကောက်ကောက်လိုက်ကြတယ်။ နောက်ဆုံး ရဲဖမ်းခံရပြီး ဂယက်တွေထကုန်ရော။ ရဲစခန်းမှာလည်း ပြဿနာတွေ တက်ကြတယ်။ ဟာသကားလေးတစ်ကားပါ။ ပညာပေးလည်း ပါတာပေ့ါနော်။

**မေး။ အနုပညာသက်တမ်း ငါးနှစ်ရှိပြီ၊ ဇာတ်ကားတွေလည်း တော်တော်များများ သရုပ်ဆောင်ခဲ့ပြီဆိုတော့ အနုပညာ ဝမ်းစာပြည့်ပြီလား။**

ဖြေ ။ ဟုတ် ညီမ ၂၀၁၂ ကစပြီး ဒီလောကထဲကို စဝင်လာခဲ့တယ်။ ညီမအတွက် အနုပညာဝမ်းစာပြည့်တာ မပြည့်တာထက် ကိုယ့်ကိုပေးလာတဲ့ ဇာတ်ရုပ်ပေါ်မှာ အာရုံစိုက်ပြီး အကောင်းဆုံးလုပ်ခဲ့တာပါပဲ။ ဘယ်ကာရိုက်တာဖြစ်ဖြစ် အားလုံးက အနုပညာဝမ်းစာပြည့်မှ လုပ်လို့ရတာလေ။ ဟာသလည်း ဟာသ။ ဒရမ်မာလည်း ဒရမ်မာအလျောက်ပါပဲ။ ပြည့်တယ်လို့ မရှိပါဘူး။ ညီမက ဟာသကားရိုက်ဖြစ်တာနည်းတယ်၊ အဲ့ဒါကြောင့်လည်း ဒီကားလေးကို သရုပ်ဆောင်ချင်ခဲ့တာမို့ ရိုက်ဖြစ်တာပါ။ ဗီဒီယိုကားဆိုလည်း ကား ၂၀၀ဆိုပေမယ့် သုံး၊ လေးကားလောက်ပဲ ဟာသဇာတ်ရှိတာလေ၊ အခုကားကြီးဖြစ်တာလည်းပါတယ်။ ဟာသဇာတ်လည်းဖြစ်လို့ပါ။ ညီမ ရိုက်ဖူးတာဆို ဒရမ်မာတွေများတယ်။ ဟာသက စိမ်းတယ်၊ ပရိသတ်ကို ရယ်အောင်လုပ်ဖို့ အနုပညာ ဝမ်းစာတွေလိုအပ်နေပါသေးတယ်။

**မေး ။ အနုပညာလမ်းကြောင်းကို လျှောက်တဲ့အခါ ယောကျ်ားလေးထက် မိန်းကလေးက ပိုပြီးလွယ်တယ် မထင်ဘူးလား။**

ဖြေ ။ ဈေးကွက်အရဆို ညီမသိသလောက်ပြောရရင်၊ မော်ဒယ်ဆိုရင်တောင် မိန်းကလေးတွေပဲ အဓိကထားပြီး ပွဲတွေက ငှားကြတယ်။ ယောကျ်ားလေးကိုသိပ်မငှားဘူး။ ဥပမာ Mister နဲ့ Miss ပြိုင်ပွဲတွေဆိုရင်တောင် Miss က ပိုစိတ်ဝင်စားမှုခံရတယ်။ ယောကျ်ားလေးတွေက ရုပ်ရှင်လောကမှာလည်း အဲ့လောက်ထိ လူစိတ်ဝင်စားတာမျိုးမရှိဘူး။ ဒါပေမယ့် ယောကျ်ားလေးတွေ မင်းသားဖြစ်ပြီဆို ပြန်ကျဖို့က မလွယ်ဘူး၊ အလွန်ခိုင်မာတယ်။ မင်းသားတစ်ယောက်ဖြစ်ဖို့ခက်သလို တင်ပြီးရင် ပြန်ကျဖို့ဆိုတာခက်ပါတယ်။ မင်းသားက အနုပညာလောကမှာ လက်ချိုးရေလို့ရတယ်လေ။ မော်ဒယ်တစ်ယောက်ကနေ မင်းသားဖြစ်တယ်ဆိုတာ တကယ်ကို ရှားပါးတယ်။ ညီမတို့ အနုပညာသမားတွေတော်တော်များများက နယ်ပရိသတ်ကို ပိုအားကိုးကြတယ်။ ဘာလို့လဲဆို မင်းသားတစ်ယောက်နာမည်ကြီးမှ နယ်က ကြိုက်ကြတာလေ၊ အဲ့မင်းသားနဲ့တွဲပြီး တက်လှမ်းရတဲ့မင်းသမီးငယ်တွေပါ နေရာရလာတာပေ့ါ။ မင်းသား အဟောင်းဆိုသဘောကျကြတယ်။ အသစ်ဆို သဘောမကျဘူး။ အဲ့တာလည်းရှိသေးတယ်။ အဲ့ဒါကြောင့် မိန်း ကလေးတွေက လုပ်ကွက်ရတယ်။ ယောကျ်ားလေးတွေက လုပ်ကွက်နည်းကြတယ်။

**မေး ။ အနုပညာအလုပ်ကို ဖြတ်လမ်းနည်းနဲ့ လျှောက်လှမ်းရင် အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူနဲ့ရနိုင်လား။**

ဖြေ ။ လူတစ်ယောက်နဲ့ တစ်ယောက်ကတော့ မတူကြဘူးလေ။ အချို့က ဖြတ်လမ်းနည်းသုံးပြီး ဒီလောကထဲကို ဝင်ကြတယ်။ ရိုးသားစွာနဲ့ ဝင်ကြသူတွေရှိတယ်၊ မြန်တာနဲ့ နှေးတာပဲရှိမယ် ၊မြန်မြန်ရောက်တဲ့သူက သူမကြိုးစားရင် မကြိုးစားသလိုနေရာရမှာမဟုတ်ဘူး။ တဖြည်းဖြည်းနဲ့တက်တဲ့သူကလည်း သူကြိုးစားမှ သူ့နေရာရမှာလေ။ အတက်လွယ်ပြီး အကျလွယ်တယ်။ အတက်ခက်ပြီး အကျလွယ်တယ်ဆိုတဲ့စကားလည်းရှိတာပဲလေ။ အရင်တုန်းက မအူဝဲတို့၊ မသက်မွန်မြင့်တို့ဆို ဒီအလုပ်ကို စွဲစွဲမြဲမြဲလုပ်ခဲ့ပြီး နာမည်တစ်ခုတည်ဆောက်ရတာလေ။ အခုညီမတို့ခေတ်ကတော့ မီးခဲပြာကျပုံစံပါပဲ၊ အခုမြင် အခုပျောက်သွားတာများတယ်။ ဖြတ်လမ်းနည်းနဲ့ တက်လည်း ကံပါမှ ရမယ်လို့ ညီမက ထင်ပါတယ်။

**မေး ။ အနုပညာသမားဆို ပတ်ဝန်းကျင်က အထင်အမြင်သေးကြတယ်ဆိုတာ ယုံလား။**

ဖြေ ။ အမှန်တိုင်းပြောရရင် ညီမတို့ဆိုတာ သရုပ်ဆောင် အဆင့်ပဲရှိပါသေးတယ်။ အနုပညာရှင်ဆိုတာ မကြီးစိုးတို့ကိုဆိုလိုတာပါ။ အဲ့တော့ သရုပ်ဆောင်အဆင့်မှာတင် ရှုပ်ထွေးစွာ ကိုယ့်အလုပ်ကိုကြိုးစားရမယ်။ ပတ်ဝန်းကျင်ရဲ့တိုက်ခိုက်မှုတွေကို ခံနိုင်ရမယ်။ ဒီလိုဒဏ်တွေခံနိုင်မှသာ စိတ်ဓာတ်တွေက ပိုမာကျောလာမယ် ရှုးသွပ်တယ်ဆိုတာက သာမန်လူတွေ မလုပ်နိုင်တဲ့အရာကို အနုပညာသမားတော်တော်များများကလုပ်နိုင်တာတစ်ခုရှိတယ်။ အဲ့ဒါကတော့ လူတစ်ယောက်က ကိုယ့်ကို ဆဲဆိုနေရင် သာမန်လူကပြန်ဆဲမှာပဲ၊ အနုပညာသမား ကတော့ ပြန်တုံ့ပြန်မှုသိပ်မရှိဘဲ ကိုယ့်အနုပညာကိုထိခိုက်မှာ စိုးလို့၊ ကိုယ်တည်ဆောက်ထားတဲ့ အရာလေးပျက်စီးမှာကြောက်လို့ ပြန်မတုံ့ပြန်ကြဘူးလေ။ ကိုယ့်အတွက်က အားလုံးကိုအပြုံးနဲ့ပဲ တုံ့ပြန်ကြတာဆိုတော့ ဒါဟာ ရှုးသွပ်မှု တစ်ခုကြောင့်လိုပြောချင်ပါတယ်။ ညီမကို တစ်ခါက ဝေဖန်တာမျိုး ခံရဖူးတယ်။ အဲ့တော့ ညီမဒီအလုပ်ကို ငါစွန့်လွှတ်နိုင်မလား။ မလွှတ်နိုင်ရင်တော့ ငါခံရမှာပဲဆိုပြီး ကြံ့ခဲ့ဖူးပါတယ်။

**ကိုလင်း**

# ပန်းချီဆရာကြီး ဒေါက်တာ ဦးလွှန်းကြွယ်၏ မိသားစုဝင်များပါဝင်သည့် The 5th Grand Art Stream 2017 ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀** ပန်းချီဆရာကြီး ဒေါက်တာ ဦးလွှန်းကြွယ်နှင့် မိသားစုများပါဝင်သည့် The 5th Grand Art Stream 2017 ပန်းချီပြပွဲကြီးကို လာမည့် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဟု သိရသည်။ အဆိုပါပြပွဲတွင် ဆရာကြီး၏ ဆီဆေး၊ ရေဆေး၊ အက်ခရိုင်းလစ်၊ ပန်းချီကားပေါင်း ၉၄ ကားကိုလည်းကောင်း၊ ယင်းနှင့်အတူ ဇနီးဖြစ်သူ ဒေါ်လွှန်းမြမြက ၁၆ ကား၊ သားဖြစ်သူ လွှန်းသစ်ကရှစ်ကား၊ သမီးချွေးမက ခြောက်ကား၊ မြေးမလွှန်းပန်းချီက ၁၂ ကား၊ မြေး မောင်လွှန်းမိုးယံမှ ၁၂ ကား စုစုပေါင်း ၁၄၈ ကားကို ရန်ကုန်မြို့ အလုံလမ်း ပြည်သူ့ဥယျာဉ် နက္ခတ်တာရာပြခန်းအနီးရှိ The Yangon Gallery တွင် ပြသသွားမည်ဟု သိရသည်။

“ကျွန်တော်တို့ လွှန်းမိသားစုပန်းချီပြပွဲကို ၂၀၀၇ ခုနှစ်ကစပြီး လုပ်ခဲ့တာ အခုပြမယ့်ပွဲနဲ့ဆို ငါးကြိမ်မြောက်ပြသတဲ့ပွဲဆိုလည်းမမှားပါဘူး၊ ကျွန်တော်တို့ မိသားစုတွေရဲ့ အမှတ်တရပွဲလေးဆိုလည်း မမှားပါဘူး၊ နှစ်ပေါင်းများစွာ ပန်းချီလောကမှာ ရပ်တည်လာခဲ့တယ်။ ဒီအလုပ်နဲ့ပဲ ကျွန်တော့်ဘဝကို ကျွန်တော် မြှင့်တင်ခဲ့တယ်၊ နောင်လူငယ်တွေကိုလည်း ဒီအလုပ်လေးကို လေးလေးစားစားနဲ့ လုပ်ကြပါလို့ပဲ ပြောချင်ပါတယ်”ဟု ဆရာ ဦးလွှန်းကြွယ်က ပြောသည်။

ဆရာကြီး ဦးလွှန်းကြွယ်သည် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားကာ ငယ်ရွယ်စဉ်ကတည်းက ပန်းချီပညာကို လေ့လာစိတ်ဝင်စားမှုရှိခဲ့ပြီး အထက်တန်းအောင်ပြီး နောက်ပိုင်းတွင် ပန်းချီပညာကို ပိုမိုကျွမ်းကျင်စွာရေးဆွဲနိုင်ခဲ့သည်။ ဆရာကြီး ဦးလွှန်းကြွယ်၏ ထူးခြားသည့်လက်ရာများသည် ပန်းချီလောကတွင် ပထမတန်းစားနေရာတွင် ရပ်တည်နေခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် တရုတ်နိုင်ငံမှာ ချီးမြှင့်သော Graduated With Distinction For Eastern Art In The People 's Republic of China ဆုအပြင် ပြည်ပနိုင်ငံများက ချီးမြှင့်သော ဆုများစွာကို ဆွတ်ခူးရရှိခဲ့သူလည်းဖြစ်သည်။

**ကိုလင်း**

## အိမ်အသစ်ရှာဖွေနေတဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်စ်

ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်စ်ရိုဒရီဂုစ်ဟာ သူတို့ရဲ့ချစ်ဇာတ်လမ်း နောက်ထပ်ခြေလှမ်းသစ်တစ်ခုနဲ့အတူ နေထိုင်ဖို့အိမ်ရာ ရှာဖွေနေပြီပဲဖြစ်ပါတယ်။ ဒီစုံတွဲနဲ့ရင်းနှီးတဲ့ အသိုင်းအဝိုင်းဆီကနေ သိရှိခဲ့တာဖြစ်တယ်လို့ ဟယ်လိုမဂ္ဂဇင်းမှာဖော်ပြထားပါတယ်။ ဂျနီဖာလိုပက်ဇ်ဟာ နယူးယောက်မြို့မှာရှိတဲ့ သူ့ရဲ့ဇိမ်ခံတိုက်ခန်းကြီးကို ယူရို သန်း ၂၀ နဲ့ ရောင်းချဖို့ စီစဉ်ထားပါတယ်။ ဒီစုံတွဲဟာ ကလေးတွေကိုယ်စီရှိကြတော့ သူတို့အတွက် နေရာကျယ်ကျယ်နဲ့ အိမ်တစ်လုံးလိုမယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ အဲလက်စ်မှာတော့ အသက် ၁၂နှစ်အရွယ် နာတာရှာနဲ့ အသက်ကိုးနှစ်အရွယ် အီလာဆိုတဲ့ သမီးနှစ်ဦးရှိပါတယ်။ ဂျေလိုကတော့ အသက်ကိုးနှစ်အရွယ် အမြွာနှစ်ဦးရဲ့မိခင်ပဲဖြစ်ပါတယ်။ ယခုနှစ်အစောပိုင်း ဖေဖော်ဝါရီလလောက်ကတည်းက တွဲခဲ့တဲ့ဒီစုံတွဲဟာ အခုအချိန်မှာ သူတို့ အတူတကွနေထိုင်နိုင်ဖို့ အိမ်လိုက်လံရှာဖွေနေပါပြီ။

အဲလက်စ်ရဲ့သမီးနှစ်ဦးနဲ့ ဂျေလိုရဲ့ဆက်ဆံရေးဟာလည်း အဆင်ပြေနေတယ်လို့ အင်တာဗျူးတစ်ခုမှာ အဲလက်စ်ကဖြေပါတယ်။ သူ့သမီးနှစ်ယောက်ဟာ ဂျေလိုကို ချစ်မြတ်နိုးကြတယ်။ ဂျေလိုသီချင်းဆိုတာကိုလည်း နှစ်သက်ကြပြီး အဲလက်စ်ရဲ့သမီးဖြစ်သူ အီလာကို ဂျေလိုက သီချင်းဆိုသင်ပေးခဲ့ကြောင်းလည်း အဲလက်စ်ကပြောပြပါတယ်။

ဂျေလိုနဲ့အဲလက်စ်တို့ဟာ နှစ်ယောက်ပေါင်းပြီး ပရဟိတလုပ်ငန်းလည်း ပြုလုပ်ထားပါသေးတယ်။ ဟာရီကိန်း မုန်တိုင်းဒဏ်ခံ ပြည်သူတွေအတွက် ထောက်ပံ့လှူဒါန်းမှုတွေ ပြုလုပ်ဖို့အတွက်ရည်ရွယ်ပြီး ကျင်းပတဲ့ ဂီတဖျော်ဖြေပွဲမှာလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီပွဲကနေ အလှူငွေစုစုပေါင်း ဒေါ်လာ ၃၅ သန်း လှူဒါန်းနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။ အဲလက်စ်ဟာ မုန်တိုင်းနဲ့ သဘာဝဘေးဒဏ်ခံပြည်သူတွေကို အကူအညီပေးနိုင်ဖို့ရာ ကျွန်မကို အများကြီး အထောက်အကူပြုခဲ့တယ်လို့ ဂျေလိုကပြောပါတယ်။ **(ဟယ်လို)**

**ခြူး**



## ဟယ်ရီပေါ်တာဝတ္ထုထဲမှ အမှတ်တရများကို ပြခန်းဖြင့်ပြသ

ပထမဦးဆုံးဟယ်ရီပေါ်တာ စာအုပ်ပုံနှိပ်ထုတ်ဝေသည့် နှစ် ၂၀ ပြည့် အထိမ်းအမှတ် အမှတ်တရပစ္စည်းများပြပွဲကို ကျင်းပခဲ့ရာ ဟယ်ရီပေါ်တာဝတ္ထုတွဲများတွင် ပါဝင်ခဲ့သော ရှားပါးသည့် အမှတ်တရပစ္စည်းများကို ပြသခဲ့သည်။ လန်ဒန်မြို့ရှိ စာကြည့်တိုက်တွင် ကျင်းပသော "A History of Magic" ပြပွဲတွင် စာရေးဆရာမ ဂျေကေရိုးလင်း၏ ဟော့ခ်ဝပ်မှော်ကျောင်းပုံကြမ်းနှင့် မှော်ကျောင်းတွင် သင်ကြားမည့်ဆရာများနှင့် ဘာသာရပ်များစာရင်းကို ရေးသားထားသည့်လက်ရေးမူကြမ်းကိုလည်းပြသထားသည်။ ဟယ်ရီပေါ်တာဝတ္ထုများ၏ နောက်ကွယ်မှ သမိုင်း၊ ဒဏ္ဍာရီနှင့် ရှေးရိုးစဉ်လာပုံပြင်များကို ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြတိုက်မှူးက ရိုက်တာသို့ ပြောသည်။

ဟယ်ရီပေါ်တာဝတ္ထုခုနစ်အုပ်လုံးမှာ ဘာသာစကားပေါင်း ၆၈ မျိုးသို့ ပြန်ဆိုခြင်းခံရပြီး ကမ္ဘာအနှံ့စာအုပ်ပေါင်းသန်း ၄၀၀ ကျော် ပုံနှိပ်ရောင်းချရကြောင်း စာရေးဆရာမ ဂျေကေရိုးလင်း၏ထုတ်ဝေသူကပြောသည်။ ဟယ်ရီပေါ်တာဝတ္ထုများ၏ နောက်ဆုံးဝတ္ထုကို ၂၀၀၇ ခုနှစ်တွင် ပုံနှိပ်ခဲ့သည်။ ဟယ်ရီပေါ်တာဝတ္ထုမှာ သမိုင်းတွင်အရောင်းရဆုံးသော စာအုပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စာရေးဆရာမ ဂျေကေရိုးလင်းကိုယ်တိုင်လည်း ဟယ်ရီပေါ်တာဝတ္ထုများ၏အောင်မြင်မှုကြောင့် ဗြိတိန်ရှိ သက်ရှိထင်ရှားစာရေးဆရာများတွင် စာအုပ်အရောင်းရဆုံးသော စာရေးဆရာမအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ စိတ်ကူးယဉ်ကမ္ဘာထဲမှ ဇာတ်ကောင်များအား ပြပွဲတွင် ပြသခြင်းကို နှစ်ခြိုက်နေပုံရသည်။ အဆိုပါပြပွဲကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ပြသပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

**ခြူး**




## လမ်းမတော် ၁၃ လမ်း (အောက်လမ်း) တန်ဆောင်တိုင်မီးထွန်းပွဲတော်၌ ကာတွန်းပြိုင်ပွဲပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

လမ်းမတော်မြို့နယ် (၆)ရပ်ကွက် အလင်္ကာကျော်စွာကာတွန်းဦးဘဂျမ်းလမ်း (အောက် ၁၃ လမ်း)တန်ဆောင်တိုင် (၇၄) ကြိမ်မြောက် ကာတွန်းမီးထွန်းပွဲတော်ကျင်းပရေးကော်မတီမှ ယခုနှစ်တွင် "တို့ပြည် တို့မြေ"ခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါလမ်းနေ ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးလင်းထွဋ်ဖြိုးက ပြောသည်။

ကာတွန်းများကို အောက်တိုဘာ ၂၉ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်ကာတွန်းများကို တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ချိတ်ဆွဲပြသထားကာ ဆုရရှိသူများကို ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ ကာတွန်းဆရာကြီး ဦးဘဂျမ်းရေးဆွဲခဲ့သည့် ကာတွန်းလက်ရာများကိုလည်း အမှတ်တရ ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီအလွန် ရန်ကုန်မြို့တွင်း၌ သီတင်းကျွတ်ပွဲတော်အဖြစ် ပုဇွန်တောင်ရေကျော်၌ မီးထွန်းပွဲတော်ပြုလုပ်ပြီး တန်ဆောင်တိုင်တွင်မူ လမ်းမတော်မြို့နယ်အတွင်း အနော်ရထာလမ်းတစ်လျှောက် ဝါးတန်းလမ်းထိပ်မှ လမ်းမတော်လမ်းထိပ်အတွင်း ညနေ ၅ နာရီမှစ၍ ညပိုင်းတန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ဈေးပွဲတော်ကျင်းပလေ့ရှိကြောင်း လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနေ ဦးမျိုးက ပြောသည်။

ယင်းဈေးရောင်းပွဲတော်နှင့် တစ်ဆက်တစ်စပ်တည်း ၁၃ လမ်း အောက်လမ်း ဦးဘဂျမ်း ကာတွန်းမီးထွန်းပွဲတော်ကို လာရောက်ကြည့်ရှုသူ များပြားလေ့ရှိကြောင်း၊ ပုံမှန်အားဖြင့် သီတင်းကျွတ်ကာလထက် တန်ဆောင်တိုင်တွင် မိုးလေကင်းစင်တတ်သော်လည်း ယခုနှစ်ဝန်းကျင်များတွင်မူ မိုးရွာသွန်းသည့်နှစ်ရှိတတ်ရာ မီးထွန်းပွဲနှင့် ကာတွန်းပွဲတော်များ၊ ဈေးပွဲတော်များတွင် လာရောက်ကြည့်ရှုသူများသာမက ပွဲဈေးရောင်းချမည့် ဈေးသည်များကပါ တန်ဆောင်တိုင်ပွဲတော်ရက်အတွင်း ရာသီဥတု သာယာရန် မျှော်လင့်နေကြကြောင်း သိရသည်။ **ခင်ဆိုင်**

## မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၌ အခမဲ့ဆေးဝါးကုသပေး

**မိုးညှင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ရွာမရပ်ကွက်ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၇ ရက်က ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးခက်ထိန်နန် ဦးစီးသည့်အဖွဲ့မှ အဖွဲ့ဝင် ၂၄ ဦး ပါဝင်သောအဖွဲ့တို့က ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးပြောကြားခဲ့သည်။



ထို့နောက် ဆေးဝါးကုသမှုကို ညနေ ၅ နာရီ အချိန်အထိ ဒေါက်တာ ခင်ကျော်ညို (လက်ထောက်ဆရာဝန်) နှင့် အဖွဲ့၊ ဒေါက်တာ မောင်မောင်အေး (သွား ဆရာဝန်) အဖွဲ့မှ ကျား ၂၁၆ ဦး၊ မ ၄၆၀ စုစုပေါင်း ၆၇၆ ဦးတို့ကို အခမဲ့ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ အခမဲ့ကုသမှုအား မော်ဟန်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ၊ ဆယ်မိုင်ကျေးရွာ၊ ပင်လုံကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများက ဆေးဝါးကုသမှုများကို ခံယူခဲ့ကြောင်း သိရသည် ။

"ဒီကနေ့ ကျွန်တော့်အနေနဲ့ အဓိကထားကုသပေးတာကတော့ သွေးစစ်ပြီး ရောဂါရှာဖွေကုသမှု၊ မျက်စိရောဂါ၊ အသေးစားခွဲစိတ်ကုသမှုနဲ့ အထွေထွေရောဂါတွေကို ကုသဆောင်ရွက်ပေးပါတယ်။ ကချင်ပြည်နယ်မှာ မြို့နယ် ၁၂ မြို့နယ်နဲ့ တရုတ်ပြည် နယ်စပ်အထိကို သွားရောက်ပြီး အခမဲ့ဆေးဝါးကုသဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အရေးပေါ် ဆေးရုံ တက်ရောက်ကုသရမယ့် လူနာ ၁၅၀ ခန့်ကို ဗန်းမော်၊ မြစ်ကြီးနား၊ ရန်ကုန် စတဲ့ မြို့ကြီးတွေအထိ သွားရောက်ပြီး ပျောက်ကင်းတဲ့အထိ တာဝန်ယူ ဆောင်ရွက်ကုသပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြောသည် ။

အဆိုပါအခမဲ့ ဆေးဝါးကုသရာ၌ မော်ဟန်ရွာမကျောင်းတိုက်ဆရာတော် ဦးဝိဇယ၊ မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့်အဖွဲ့၊ ရပ်မိရပ်ဖများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြကြောင်း သိရသည်။ **နီတိုး**

## ရော်ဘာအစေးခြစ်သင်တန်းဖွင့်

**မုဒုံ အောက်တိုဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ မုဒုံမြို့၏ ရော်ဘာအစေးခြစ်လုပ်သားအလုပ်အကိုင်ကျွမ်းကျင်မှု အဆင့် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က နည်းပညာဖွံ့ဖြိုးရေးခြံ မုဒုံ၌ ကျင်းပရာ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဋ္ဌေးက အမှာစကားပြောကြားသည်။

သင်တန်းတွင် ရော်ဘာအစေးရည်ကောင်းမှသာလျှင် အရည်အသွေးပြည့်မီသည့် ရော်ဘာပြားကို ထုတ်လုပ်နိုင်မည်ဖြစ်၍ ရော်ဘာအစေးခြစ်ခြင်းနှင့် ပတ်သက်သည့် နည်းလမ်းများ၊ ရော်ဘာပင်အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ အစေးလှီးပြီးလျှင် အစေးရည် ကျ၊ မကျ စစ်ဆေးခြင်း၊ အစေးရည်တွင် အမှိုက်မဝင်အောင်ထားရှိခြင်း စသည့် ရော်ဘာအစေးရည်များ ထိန်းသိမ်းနည်းများ စသည်တို့ကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းရော်ဘာအစေးခြစ်လုပ်သားအလုပ်အကိုင်ကျွမ်းကျင်မှု အဆင့် (၁) သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ ကရင်ပြည်နယ်မှ ခုနစ်ဦး၊ မွန်ပြည်နယ်မှ ၂၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ခြောက်ဦး စုစုပေါင်း ၄၁ ဦးတို့ကို အောက်တိုဘာ ၁၆ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

## အင်္ဂလိပ်စကားပြော သင်တန်းဖွင့်

**ပြည် အောက်တိုဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အင်္ဂလိပ်စကားပြောသင်တန်းဖွင့်လှစ်ခြင်းကို အောက်တိုဘာလ ဒုတိယပတ်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင် (ရွှေတောင်)**



## ဆွမ်ပရာဘွမ်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်ဘန်ရခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ထွန်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်း၌ ကျေးရွာများမှ လူငယ်များနှင့် မြို့ပေါ် ရပ်ကွက်သုံးခုမှ လူငယ်များ မည်သူမဆို လာရောက်တက်ရောက်နိုင်ကြောင်း၊ သင်တန်းအချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်ပြီး ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျူးရှူးတက္ကသိုလ်သို့ လေ့လာရေးခရီး

ဒေါက်တာမျိုးကြွယ် (AUAA)

ကျိုတိုတက္ကသိုလ်လေ့လာရေးခရီးပြီးတော့ ကျူးရှူးတက္ကသိုလ်သို့ ဆက်လက်လေ့လာရေးထွက်ခဲ့ရပါသည်။ ကျူးရှူးတက္ကသိုလ်မှာ ၂၀၁၆ ခုနှစ် စာရင်းဇယားအရ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူပေါင်း ၁၈၆၅၉ ဦးရှိပြီး ပါမောက္ခ၊ ဆရာ ဆရာမပေါင်း ၂၀၃၆ ဦး ရှိသည်။ ဂျပန်တက္ကသိုလ်အများစုမှာ ဘာသာရပ်ပေါင်းစုံ သင်ကြား၊ သုတေသနပေးသောစနစ် (Comprehensive University System)ဖြစ်သည်။ ဤစနစ်၏ကောင်းကျိုးကတော့ (Semester Credit System) သင်ရိုးအခြေပြု အမှတ်ပေးစနစ်သဘောအရ တက်ရောက် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိရွေးချယ်လိုသော၊ မိမိဘာသာရပ်နှင့်ကိုက်ညီသော သက်ဆိုင်သည့် မည်သည့်ဘာသာရပ်ကိုမဆို အဓိက(Major)နှင့် တွဲဖက်သို့မဟုတ် သာမညဘာသာများ(Minor or Supporting Subjects)အဖြစ် လွတ်လပ်စွာ ရွေးချယ်သင်ယူနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။

ကျွန်တော် ၁၉၈၆ ခုနှစ်တုံးက ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်တွင် မဟာစိုက်ပျိုးရေးသိပ္ပံဘာသာရပ် သင်ကြားနေစဉ် ရူပဗေဒ(Physics)အထူးပြုယူသော ကျောင်းသားတစ်ယောက်နှင့် တွေ့ပါသည်။ သူက အထောက်အကူပြုဘာသာ၌ သမိုင်း(History) ကို ရွေးချယ်ရာ ကျွန်တော်က ‘မင်း သိပ္ပံ(Science)နှင့် ဝိဇ္ဇာ(Art) ဘာသာရပ်တွဲယူလို့ရသလားကွ’ ဆိုတော့ သူက ‘ငါ ရူပဗေဒရဲ့သမိုင်းကြောင်း (History of Physics)ကို သုတေသနပြုမှာဖြစ်တယ်။ ဒါကြောင့်သမိုင်းဌာနက သက်ဆိုင်တဲ့ဘာသာခွဲတွေကိုအထောက်အကူပြုဘာသာအနေနဲ့ယူမှာဖြစ်တယ်’ဟု ပြန်ပြောပါသည်။

တစ်ဆက်တည်း ကျွန်တော့်တက္ကသိုလ်တွင် အလုပ်ခန့်ထားရေး ရာထူးတိုးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နေသော ဝန်ထမ်းငယ်လေးများကို ‘မင်းတို့ အထူးပြုယူနေတဲ့ မြန်မာစာ၊ ပထဝီ၊ သမိုင်းသင်ယူနေတဲ့ အထူးပြုဘာသာရပ်တွေက ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်တွေမှာ ဘာသာခွဲနာမည်တွေကို ပြောစမ်းပါ’ ဆိုတော့ အများစုမှာ မပြောနိုင်ကြတာကို မေးမြန်းရင်း သတိထားမိလာပါသည်။

ဂျပန်တက္ကသိုလ်များ၏ စနစ်အရ ကျူးရှူးတက္ကသိုလ်မှာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ သင်ကြားပို့ချဖို့ ဘာသာရပ်အလိုက် မဟာဌာန(Faculty)များစွာ ရှိပါသည်။ မဟာ၊ ပါရဂူဘွဲ့စသည်တို့ကို ပို့ချသုတေသနပြုစေဖို့ ဘာသာရပ်အလိုက် ဘွဲ့လွန်သင်တန်းကျောင်း(Graduate School) များစွာရှိပါသည်။ ဘွဲ့ကြိုကျောင်းသား ကျောင်းသူပေါင်း ၁၁၇၅၈ ဦးအပြင် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၆၉၀၁ ဦး ရှိနေသည်ကိုက သုတေသနအခြေပြုတက္ကသိုလ် (Research-based University) ဖြစ်နေသည်မှာ ထင်ရှားနေပါသည်။ မဟာဌာန (Faculty) ပေါင်း ၁၆ ခုနှင့် ဘာသာရပ်ဆိုင်ရာ ကျောင်း (School) ၁၁ ခုက ဘွဲ့ကြိုသင်တန်းများကို တာဝန်ယူသင်ကြားပေးပါသည်။ ဥပမာ-စိုက်ပျိုးမွေးမြူရေး အထူးပြုကျောင်းသား ကျောင်းသူများအတွက် (School of Agriculture) နှင့် (Faculty of Agriculture)အောက်မှာ ဌာနခွဲ (Division) ငါးခုရှိပါသည်။ ဇီဝအရင်းအမြစ်သိပ္ပံ(Bioresources Science) ဌာနခွဲအောက်တွင် စိုက်ပျိုးဇီဝသိပ္ပံ (Agrobiological Science)နှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းဇီဝသိပ္ပံ(Animal and Marine Bio-resource Science) ဌာနများ ထပ်မံခွဲထုတ်ထားပါသည်။

ထိုဌာနများအောက်တွင်မှ သုတေသနများကို ဦးစားပေးထားသော ဓာတ်ခွဲခန်းအခြေပြု သင်ကြားရေးနည်းစနစ်များ (Laboratory-based Teaching) ကျောင်းသား ကျောင်းသူဦးရေ နည်းနည်းနှင့် လက်တွေ့အခြေခံသင်ကြားရေး နည်းစနစ်များ သင်ယူနေသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ခဲ့ရပါသည်။

**စိုက်ပျိုးဇီဝသိပ္ပံဌာနအောက်တွင်**

၁။ အပင်မျိုးမွေးမြူရေးဓာတ်ခွဲခန်း(Plant Breeding Laboratory)
၂။ သီးနှံသိပ္ပံဓာတ်ခွဲခန်း (Crop Science Laboratory)
၃။ သီးနှံ ထုတ်လုပ်ရေး ဆိုင်ရာဇီဝကမ္မဗေဒ(Plant Production Physiology)
၄။ အပင်ရောဂါဗေဒ(Plant Pathology)


စိုက်ပျိုးရေးမဟာဌာနမှူးမှ သင်ကြားရေးကိစ္စရပ်များ ရှင်းလင်းနေပုံ

၅။ ဥယျာဉ်ခြံသီးနှံသိပ္ပံ(Horticultural Science)
၆။ သတ္တဗေဒ(Zoology)
၇။ အင်းဆက်ဇီဇသိပ္ပံ(Insect Genome Science)
၈။ ကိမိလဗေဒ(Entomology)
၉။ အင်းဆက်ရောဂါဗေဒနှင့် မိုက်ကရုတ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း(Insect Pathology and Microbial Control)
၁၀။ အင်းဆက်ပိုး၏သဘာဝရန်သူများ(Insect Natural Enemies)
၁၁။ ဇီဝအရင်းအမြစ်များ စီမံခန့်ခွဲခြင်း(Bioresources Management)
၁၂။ လယ်ယာသီးနှံဂေဟဗေဒ(Agroecology)
၁၃။ အပင်အလင်းပြုဇီဝကမ္မဗေဒ(Plant Photophysiology)

စသည်ဖြင့် ဓာတ်ခွဲခန်းများတွင် ပါမောက္ခနှင့် တွဲဖက်ပါမောက္ခများက ကြီးကြပ်သင်ကြားပေး၍ သုတေသနပြုလုပ်လျက်ရှိသည်။ ထိုဓာတ်ခွဲခန်းများ၏ အုပ်ချုပ်စီမံခန့်ခွဲမှုစနစ်အရ ကြီးကြပ်ရသော ဌာနမှူး (Head of Department)ကို ပါမောက္ခများက နှစ်နှစ်တစ်ကြိမ် အလှည့်ကျ လုပ်ဆောင်ရသည်။ ဂျပန်တက္ကသိုလ်များတွင် ဌာနမှူးကို ဘယ်သူမှ မလုပ်ချင်ကြပါ။ မိမိ၏ ကိုယ်ပိုင်သုတေသနနှင့် သင်ကြားရေးစနစ်အတွက် များစွာအရှိန်လျော့သွားမည်ကို စိုးရိမ်၍ဖြစ်ပါသည်။

ဤသည်မှာ မြန်မာနိုင်ငံတက္ကသိုလ်များတွင် ကျင့်သုံးနေသော ဌာနမှူးဖြစ်သွားလျှင် အငြိမ်းစားမယူမချင်း ဌာနမှူး ဆက်တိုက်လုပ်နေရသောစနစ်နှင့် အလွန်ကွာခြားသွားပါသည်။ အမြဲတမ်း စီမံခန့်ခွဲနေရသဖြင့် ဥပမာ-အာဏာရှင်ဆန်သော စနစ်၊ ဌာနမှူးနှင့်ရင်းနှီးအောင်ပေါင်းပြီး အခွင့်အရေးယူသောစနစ်များကို ဂျပန်တက္ကသိုလ်များတွင် မတွေ့နိုင်တော့ပါ။

ဓာတ်ခွဲခန်းသင်ကြား သုတေသနပြုသည့် စနစ်များဖြစ်၍ ခေတ်နှင့်အညီပြောင်းလဲလာသော နည်းပညာအသစ်အဆန်းများ၊ ဘာသာရပ်အသစ်အဆန်းများကို ထပ်မံတိုးချဲ့သင်ကြားသုတေသနပြုရသည်မှာ အလွန်လွယ်ကူသွားပါတော့သည်။ ကျောင်းသား ကျောင်းသူများကိုလည်း ပထမနှစ်၊ ဒုတိယနှစ်လောက်မှစတင်၍ စိတ်ဝင်စားရာ ဘာသာရပ်၊ ဘာသာခွဲ၊ ဓာတ်ခွဲခန်းများအလိုက် ခွဲထုတ်သင်ကြားပေး၍ ဓာတ်ခွဲခန်းတစ်ခုလျှင် အများဆုံး ၁၀ ဦးသာရှိပြီး သင်ကြားရေးသုတေသနစနစ်မှာ အလွန်ထိရောက်သည်မှာ အတုခိုးဖွယ်ကောင်းလှပါသည်။

ဂျပန်နိုင်ငံသည် စက်မှုထွန်းကားသည့် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေး(Agriculture)နှင့် အစားအစာ ဘေးကင်းလုံခြုံရေး(Food Safety)ကို နောက်ချန်မထားရစ်ခဲ့ပါ။ ပြည်နယ်တိုင်းနီးပါး၊ တက္ကသိုလ်တိုင်းနီးပါးတွင် စိုက်ပျိုးမွေးမြူရေး သို့မဟုတ် အစားအစာနှင့်ပတ်သက်သော ဘာသာရပ်များကို သင်ကြားသုတေသနပြုပေးနေပါသည်။ ဂျပန်နိုင်ငံတစ်ခုလုံးတွင် စိုက်ပျိုးရေးမွေးမြူရေး မဟာဌာနရှိသော သို့မဟုတ် ဘာသာရပ်သင်သော တက္ကသိုလ်ပေါင်း ၅၉ ခု ရှိပါသည်။

**မြန်မာနိုင်ငံတော်တွင် တက္ကသိုလ်ပေါင်း ၁၀၀ ကျော်ရှိသော်လည်း စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူဆေးကုသရေး တက္ကသိုလ်များမှာ တစ်ခုစီသာရှိနေသေး၍ နိုင်ငံတကာများနည်းတူ ခေတ်နှင့်အညီပြောင်းလဲလာသော အသုံးချစိုက်ပျိုးမွေးမြူရေးဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လျက်ရှိ**

စိုက်ပျိုးရေးနိုင်ငံဖြစ်သော ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တက္ကသိုလ်ပေါင်း ၁၀၀ ကျော်ရှိသော်လည်း စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူဆေးကုသရေး တက္ကသိုလ်များမှာ တစ်ခုစီသာရှိနေသေး၍ နိုင်ငံတကာများနည်းတူ ခေတ်နှင့်အညီပြောင်းလဲလာသော အသုံးချစိုက်ပျိုးမွေးမြူရေးဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လျက်ရှိနေပါသေးသည်။ ။


ကျူးရှူးတက္ကသိုလ်ရှိ မြန်မာနိုင်ငံမှ ဘွဲ့လွန်စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများ

## ဒလတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်း မလွတ်ကင်းသည့် အဆောက်အအုံများ ဖယ်ရှားနိုင်ရေး တိုင်းတာမှုများပြုလုပ်

**ဒလ အောက်တိုဘာ ၂၀**

မကြာမီဆောက်လုပ်တော့မည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလတံတား) ဆောက်လုပ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းခွင် ဧရိယာအတွင်းရှိ မလွတ်ကင်းသည့် အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တိုင်းတာမှုများအား ဒလမြို့ဘက်ခြမ်း တံတားတည်ဆောက်မည့် ဧရိယာအနီးတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ဒလတံတား ဆောက်လုပ်နိုင်ရေးအတွက် မလွတ်ကင်းသည့် အဆောက်အအုံများအား တိုင်းတာစစ်ဆေး၍ လျော်ကြေးငွေများ ပေးချေပြီးဖြစ်သော်လည်း ယခုတိုင်းတာစစ်ဆေးသည့် အဆောက်အအုံများမှာ ယခင်က တိုင်းတာစစ်ဆေးပြီး လျော်ကြေးငွေပေးရာတွင် မပါဝင်ကြောင်း၊ တိုင်းတာစစ်ဆေးမှုများပြီးစီးပါက ဖျက်သိမ်းကြေး၊ ပြောင်းရွှေ့ကြေးများ ပေးချေနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၉ ရက်က တိုင်းတာစစ်ဆေးသည့် အဆောက်အအုံများမှာ ဒလမြို့ဘက်ခြမ်း မြစ်ကမ်းနံဘေးတွင် အများဆုံးဖြစ်ပြီး အဆောက်အအုံ ၉၆ လုံး၊ လူနေရပ်ကွက်ဘက်ခြမ်းတွင် အဆောက်အအုံ ၂၀ ရှိကြောင်း၊ ကမာကဆစ်ကူးတို့ သမဝါယမအသင်း၊ မြို့နယ် နာရေးကူညီမှု အဆောက်အအုံ၊ အာဇာနည်ကျောက်တိုင်နှင့် ကမာကဆစ်ရပ်ကွက် အနောက်ဘုန်းတော်ကြီးကျောင်းရှေ့ရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာနတည်ဆောက်ရေး အထူးအဖွဲ့ (၁၀)မှ တာဝန်ယူရွှေ့ပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းတာမှုများပြီးစီးပါက အဆိုပါနေရာအား စီမံကိန်းလုပ်ငန်းခွင် ဧရိယာအဖြစ် ခြံစည်းရိုးကာရံခြင်းကို ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ပြီး မြေပြင် တိုင်းတာစစ်ဆေးမှုများအား တည်ဆောက်ရေးအထူးအဖွဲ့ (၁၀)မှ AE ဦးတင်အောင်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်အောင်၊ မြို့နယ်ဒေသဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက စနစ်တကျ တိုင်းတာစစ်ဆေးမှတ်တမ်းများ ရယူခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

## ဂန့်ဂေါမြို့နယ်မှ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်လျက်ရှိ

**ဂန့်ဂေါ အောက်တိုဘာ ၂၀**

ပြီးခဲ့သည့် စက်တင်ဘာလလယ်ခန့်မှစတင်၍ ဂန့်ဂေါမြို့နယ်တွင် မိုးများ အဆက်မပြတ် ရွာသွန်းခဲ့ရာ အဆိုပါမိုးရေဖြင့် စောစီးစွာစိုက်ပျိုးခဲ့သော ဆောင်းမြေပဲခင်းများမှာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိ ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် ယခု အောက်တိုဘာလထဲတွင်လည်း မိုးရွာသွန်းမှုများရှိနေသဖြင့် ဆောင်းမြေပဲများကို ဆက်လက်စိုက်ပျိုးမှုများရှိနေကြောင်းနှင့် မြို့နယ်အတွင်း ဆောင်းမြေပဲလျာထားဧက ၄၃၀၆ ဧကအနက် အောက်တိုဘာ ၁၈ ရက်အထိ ၂၉၉၇ ဧက စိုက်ပျိုးထားခဲ့ပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်က ပြောသည်။

အဆိုပါ ဆောင်းသီးနှံစိုက်ခင်းများတွင် ပေါင်းမြက်များ အချိန်မီရှင်းလင်းရေး၊ စိုက်ခင်းများသို့ ပိုးမွှားများ မကျရေး၊ အထူးသဖြင့် စိုက်ခင်းအတွင်းသာမက ပိုးမွှားရောဂါနှင့် ကြွက်များ ခိုအောင်းနေနိုင်သော ကန်သင်းပေါ်နှင့် ကန်သင်းစပ်မှ ပေါင်းမြက်များကိုပါ ရှင်းလင်းပေးရေး၊ ရရှိသောအစိုဓာတ်ကို အရအမိယူကာ စိုက်ချိန်မီအမြန်စိုက်ပျိုးကြရေးနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအရောက် ကွင်းဆင်းကြကာ တောင်သူများနှင့်တွေ့ဆုံ၍ ပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်ပေးနေကြကြောင်း သိရသည်။ (၁၀၁)

# ချမ်းသာရဆုတောင်းပြည့်ဘုရားတွင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်ရှိ သမိုင်းဝင် ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား တတိယအကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည်။



ဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဒေါက်တာစိုးသန်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စေတီတော်ရင်ပြင်တော်ပေါ်၌ ရေကြည်ပေါက်အသင်း၊ အုန်းတောအသင်းနှင့် ကိုးလုံးတကာအသင်းတို့၏ မသိုးရွှေကြာသင်္ကန်းမြတ်ရက်လုပ်ပူဇော်ရန် ဝါဆွတ်ခြင်း၊ ဝါဖန့်ခြင်း၊ ဗိုင်းငင်ခြင်း၊ ရက်ကန်းရက်ခတ်ခြင်းစသည့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မသိုးသင်္ကန်းတော်မြတ်ကို အောက်တိုဘာ ၁၈ ရက် တစ်နေကုန် နေ့မကူးစေဘဲ ရက်လုပ်၍ နောက်တစ်နေ့ နံနက်အရုဏ်တက်ချိန် နံနက် ၄ နာရီတွင် စေတီတော်ပရိဝုဏ်အတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်ငါးဆူကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကာ မသိုးသင်္ကန်းလှူဒါန်းပွဲနှင့်အတူ ဘုရားဖူးလာပြည်သူများအား ကုသိုလ်ရှင်စေတနာရှင်များက စတုဒိသာများ ကျွေးမွေးကြပြီး တေးဂီတအဖွဲ့များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**အိန္ဒိယနိုင်ငံသားများ၏ ပွဲတော်ရက်များနှင့် ဟိန္ဒူဘာသာဝင် များ၏ ဒီပါဝလီပွဲတော်ရက်များ ရှိနေသည့်အတွက် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဖွင့်လှစ်ထားသည့် နယ်စပ်နန်းဖာလုံဈေး၌ ယခုရက်ပိုင်းအတွင်း ကုန်စည်များ အရောင်းအဝယ်သွက်လျက်ရှိသည်ကို တွေ့ရစဉ်**

ချင်းတွင်းသား

# မသန်စွမ်းသူများ တေးဂီတဖျော်ဖြေပွဲနှင့် ရန်ပုံငွေဈေးရောင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

မသန်စွမ်းသူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေနိုင်ရန် ရည်ရွယ်၍ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်အနောက်ရပ်ကွက်ရှိ မသန်စွမ်းသူများအကျိုးဝင် စီးပွားရေးလုပ်ငန်း ရှေ့ဆောင်အဖွဲ့ (DIBI)မှ မသန်စွမ်း မျက်မမြင်မောင်မယ်များ၏ တေးဂီတ ဖြေဖျော်ပွဲနှင့် ရန်ပုံငွေ ဈေးရောင်းပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ကျိုက်ဝိုင်းဘောလုံးအားကစားကွင်းအတွင်း၌ အောက်တိုဘာ ၁၉ ရက်ညပိုင်းက စတင်ကျင်းပသည်။



တေးဂီတဖျော်ဖြေပွဲတွင် မသန်စွမ်း မျက်မမြင်မောင်မယ်များက ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖြေဖျော်ခဲ့ကြပြီး မသန်စွမ်းသူ လူငယ်များကိုယ်တိုင်ချုပ်ထားသော တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကိုယ်တိုင်ထုတ်လုပ်သော အလှကုန်၊ လူ့အသုံးအဆောင်ပစ္စည်းများကို မသန်စွမ်းသူများအတွက် ရန်ပုံငွေအဖြစ် ရောင်းချခဲ့သည်။ အဆိုပါ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၅ ရက် ညပိုင်းအထိ ညစဉ် ကျင်းပသွားမည်ဖြစ်ကြောင်း DIBI မှ မားကတ်တင်းအရာရှိ ဦးချမ်းမြေ့အောင်က ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဖြူး အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူ စာပေဝါသနာရှင်များက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သုတ၊ ရသ၊ သမိုင်းစသည့် စာအုပ်များကို စုံလင်အောင်ထားရှိရေးနှင့် အခြား စာကြည့်တိုက်လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယဦးစီးမှူးက ပေးအပ်သောအကြံဉာဏ်များကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကာ စာအုပ်၊ စာစောင်များ ယခုထက်စုံလင်အောင် ထားရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**ဖြူးမြင့်ဦး**

# ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၀**

စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှနှင့် ကျောင်းဆောင်သစ်မတည်အလှူရှင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း) ဦးသာအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် အချက်အလက်များကို အလှူရှင်များကိုယ်စား မတည်အလှူရှင် ဦးသာအောင်ကျော်က စစ်တွေမြို့နယ်ပညာရေးမှူး ဦးသန်းကျော်ထံပေးအပ်သည်။

အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း) ဦးသာအောင်ကျော်မိသားစုက ငွေကျပ်သိန်း ၁၀၀ မတည်၍ အခြား အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြေပဲများ သိမ်းဆည်းချိန်တွင် မိုးအဆက်မပြတ်ရွာ၍ တောင်သူများအခက်ကြုံနေ

**ငါ့သရောက် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့အတွင်းရှိ အညာကျေးလက်ဒေသများတွင် တောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးထားရှိသည့် မိုးဦး ပင်ပြန့်မြေပဲစိုက်ခင်းများမှာ ယခုအခါ သိမ်းဆည်းရမည့်အချိန်သို့ ရောက်ရှိလာဖြစ်သဖြင့် တောင်သူများအနေဖြင့် မြေပဲခင်းများကိုသိမ်းဆည်းရန် ဆန္ဒရှိနေသော်လည်း ယခုရက်ပိုင်းအတွင်း မိုးများအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် မိုးဦးပင်ပြန့်မြေပဲခင်းများကို သိမ်းဆည်းရန် အခက်ကြုံနေကြကြောင်းနှင့် မြေပဲစိုက်ခင်းများ ပျက်စီးဆုံးရှုံးမည်ကိုလည်း စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

ငါ့သရောက်မြို့ ဖြူကြီးကျေးရွာမှ မိုးဦးပင်ပြန့်မြေပဲစိုက်ပျိုးထားခဲ့သော တောင်သူ ဦးအောင်ဝင်းက "ကျွန်တော်တို့ ငါ့သရောက်မြို့မှာ အခုအချိန်က တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ ပင်ပြန့်မြေပဲစိုက်ခင်းတွေ သိမ်းဆည်းရမယ့်အချိန် ရောက်ရှိနေပါပြီ။ ဒါပေမယ့် အခုရက်ပိုင်း မိုးကအဆက်မပြတ်ကို ရွာသွန်းနေတာကြောင့် သိမ်းဆည်းလို့မရ ဖြစ်နေကြပါတယ်။ မိုးဦးပင်ပြန့်မြေပဲစိုက်ခင်းတွေက ဒီလို မိုးရွာသွန်းမှုများရင်မကောင်းပါဘူး။ မိုးရွာသွန်းမှုများနေရင် မြေပဲပင်တွေကို ခူးခုတ်လိုက်တဲ့အခါမှာ မြေပဲဥတွေက အပင်မှာမပါတော့ဘဲ မြေကြီးထဲမှာပဲ ကျန်ခဲ့တာများပါတယ်။ အဲဒီလိုဖြစ်သွားရင် တောင်သူတွေအနေနဲ့ နေ့စားအငှားလိုက် အမျိုးသမီးတွေကို ငှားရမ်းပြီး မြေပဲဥတွေကို ပြန်ကောက်ရပါတယ်။ အဲဒီအတွက် အမျိုးသမီးတစ်ဦးကို ငှားရမ်းခ ကျပ် ၃၀၀၀ ခန့် ပေးရပါတယ်။ ကုန်ကျစရိတ်တွေ ပိုများပါတယ်"ဟု ပြောသည်။

ဒါ့အပြင် မိုးဦးပင်ပြန့်မြေပဲစိုက်ခင်းတွေ သိမ်းဆည်းရမည့်အချိန်မှာ မိုးရွာသွန်းမှုများတာဟာ တောင်သူတွေအတွက် ဝင်ငွေအကျိုးအမြတ် နည်းပါးသွားစေပါတယ်။ ဒီနှစ်က မြေပဲစိုက်ခင်းတွေက မိုးလေဝသကောင်းမွန်တာကြောင့် မြေပဲဥနှုန်းလဲ ကောင်းကြပါတယ်။ ဒါကြောင့်လည်း မြေပဲစိုက်တောင်သူအများစုက ပင်ပြန့်မြေပဲစိုက်ခင်းတွေကို သိမ်းဆည်းချင်နေကြပါတယ်။ ဒါပေမယ့် မိုးကရွာနေပြန်တော့ မြေပဲခင်းတွေက အစိုဓာတ်များပြီး ခူးခုတ်လို့လည်းမရ၊ မြေပဲပုပ်လို့လည်းမရ ဖြစ်နေတော့ တောင်သူတွေအတွက် လုပ်ကိုင်ရတာ အခက်ကြုံနေကြပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဆိုလာမီးလင်းရေး ဖွင့်ပွဲကျင်းပ

**သံတွဲ အောက်တိုဘာ ၂၀**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် (NEP) စီမံကိန်းဆိုလာမီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာလ ဒုတိယပတ်က သံတွဲမြို့နယ် ဘုရားမော်ကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သံတွဲမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် (NEP) စီမံကိန်းဆိုလာမီးတပ်ဆင်ပြီးစီးခဲ့သည့် ကျေးရွာ ၂၂ ရွာအနက် ယခုဖွင့်လှစ်သည့် ဘုရားမော်ကျေးရွာ၌ အိမ်ခြေ ၁၄၅ အိမ်ရှိပြီး ဆိုလာမီး ၇၄ ယူနစ်ကို တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)


# ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ်စားသောက်အသုံးပြုသောကြောင့် လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ❏ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါ ရောဂါ
- ❏ ပိုလီယိုရောဂါ
- ❏ သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ
- ❏ အရေပြားသန့်ရှင်းမှုမရှိသောကြောင့်ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက် ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများ ကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျ စင်ကြယ်အောင်ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း မိမိလက်ကို ဆပ်ပြာနှင့်စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကြက်မောက်တောင်ဆည်တွင် ရေဝင်ရောက်မှုကောင်းသဖြင့် နွေစပါးနှင့် နွေသီးနှံများအတွက် ဆည်ရေအပြည့်အဝ ပေးနိုင်မည်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်တွင် မိုးနှောင်းကာလ ယခုရက်များအတွင်း မိုးရေဝင်ရောက်မှု အားကောင်းနေသဖြင့် ဆည်ရေပြည့်မှတ်ရောက်ရန် သုံးပေနီးပါးခန့်သာလိုသော အခြေအနေအထိ ရောက်ရှိနေပြီး လာမည့် နွေရာသီကာလတွင် စိုက်ပျိုးမည့် နွေစပါးနှင့် အခြားသီးနှံများအတွက် ဆည်ရေ လုံလောက်စွာဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်မောက်တောင်ဆည်ကြီးကို ၁၉၆၁-၁၉၆၂ ခုနှစ်က စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ဆည်တည်ဆောက်ရေးလုပ်ငန်းပြီးစီး၍ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ကျောက်ပန်းတောင်းမြို့နယ်သည် အပူပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သဖြင့် ဆည်တည်ဆောက်ပြီးစီးခဲ့သည်မှ ယနေ့အချိန်အထိ ရေပိုလွှဲမှ ရေကျော်ခဲ့ဖူးခြင်းမရှိသေးကြောင်း သိရသည်။

“ကျွန်တော် သိသလောက် ဆည်ကြီးစတင်ဖွင့်လှစ်ခဲ့ချိန်ကစပြီး နှစ်ပေါင်း ၅၀ အတွင်း တစ်ခါမှ ရေပြည့်မှတ်မရောက်ခဲ့ဘူးလို့ သိရတယ်။ ၂၀၀၆ ခုနှစ်တုန်းကတော့ ရေပြည့်မှတ်ရောက်ဖို့ နှစ်ပေလောက်အလိုအထိ ရောက်အောင် ရေဝင်ခဲ့ဖူးတယ်။ အဲဒါ ထူးထူးခြားခြား မိုးများတဲ့နှစ်ပေါ့။ ဆည်ရေပြည့်မှတ် ၉၃၇ ပေကို အဲဒီနှစ်က ၉၃၅ ပေလောက် ဝင်ခဲ့တာပေါ့။ ဒါပေမယ့် ရေအဝင်ရှိသလို ရေထိန်းတံခါးတွေကလည်း ထိန်းညှိပြီး လွှတ်ပေးနေတာဆိုတော့ ရေပိုလွှဲအထိကို မရောက်ခဲ့ပါဘူး။ ဒီနှစ်လည်း ရေအဝင်များပေမယ့် စိုးရိမ်စရာမရှိပါဘူး။ အခုအထိက ရေပြည့် မှတ်ရောက်ဖို့ သုံးပေလောက်(၂ ဒသမ ၈ ပေ)လိုပါသေးတယ်။ ပြီးတော့ အဓိကမြောင်းမကြီးတွေက ရေတံခါးတွေကိုလည်း နည်းနည်းစီ ဖွင့်ပေးထားပါတယ်။ ဘာပဲပြောပြော လာမယ့် နွေရာသီ စိုက်ပျိုးသီးနှံတွေအတွက်ကတော့ ဆည်ရေ လုံလုံလောက်လောက် ဖြန့်ဝေပေးသွားနိုင်မှာပါ”ဟု ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလ ပထမပတ်အတွင်း မိုးရွာသွန်းမှု ထူးထူးခြားခြား များပြားခဲ့ရာ ကြက်မောက်တောင်ဆည်တွင် စက်တင်ဘာလအတွင်း မိုးရွာရက် ကိုးရက်ရှိ၍ စုစုပေါင်းမိုးရေချိန် ၈ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ အောက်တိုဘာလထဲတွင် ၁ ရက်နေ့မှ ၁၈ ရက်အထိအတွင်း မိုးရွာရက် ရှစ်ရက်ရှိ၍ မိုးရေချိန် ၅ ဒသမ ၉၅ လက်မ ရှိခဲ့ကြောင်း သိရသည်။ ကြက်မောက်တောင်ဆည်၏ ရေပြည့်မှတ်မှာ ၉၃၇ ပေဖြစ်ပြီး အများဆုံးရေလှောင်ပမာဏမှာ ဧကပေ ၇၃၁၀၀ ဖြစ်ရာ ယနေ့အချိန်အထိ ရေဝင်ရောက်မှုမှာ ၉၃၄ ဒသမ ၂ ပေဖြစ်ပြီး ရေဧကပေ ၆၇၃၈၀ ဝင်ရောက်နေပြီဖြစ်သည်။ ကြက်မောက်တောင်ဆည်၏ အဓိကမြောင်းမကြီးနှစ်ခုဖြစ်သော လက်ဝဲမြောင်းမကြီး၏ ရေထိန်းတံခါးကို ၄ ပေ ၈ လက်မ ဖွင့်လှစ်ထားရှိပြီး လက်ယာမြောင်းမကြီး၏ ရေထိန်းတံခါးကိုလည်း သုံးပေဖွင့်လှစ်ထားရှိသဖြင့် ရေပြည့်မှတ်သို့ ရောက်ရှိနိုင်မည်မဟုတ်ကြောင်း သိရသည်။



သို့ရာတွင် မြို့နယ်အတွင်းရှိ ပင်းချောင်းဆည်တွင်မူ ရေဝင်ရောက်မှုများသဖြင့် အများဆုံးရေလှောင်ပမာဏ ဧက ၁၈၉၀၀ ထက် ကျော်လွန်၍ ဧကပေ ၁၉၆၇၀ အထိ ရေဝင်ရောက်ကာ ရေပိုလွှဲမှ ၁ ဒသမ ၃ ပေ ရေကျော်လျက်ရှိကြောင်း သိရသည်။ ကျောက်တံခါးဆည်တွင်လည်း ရေပြည့်အမှတ် ၁၀၁၅ ပေနှင့် အများဆုံးရေလှောင်ပမာဏ ဧကပေ ၄၁၁၃၀ ရှိသည့်အနက် လက်ရှိရေဝင်ရောက်မှုမှာ ၁၀၁၆ ပေသို့ ရောက်ရှိနေပြီး ရေဝင်ပမာဏမှာ ဧကပေ ၄၄၀၂၅ သို့ ရောက်ရှိနေကာ ရေပိုလွှဲမှ ၁ ဒသမ ၅ ပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆည်များမှ ရေဝင်ရောက်မှုအခြေအနေနှင့် ဆည်ကြံ့ခိုင်မှုအခြေအနေများ၊ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု အခြေအနေများကို မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်လွင်၏ ကြီးကြပ်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မြင့်အောင်နှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဒယ်အိုးဆရာတော် ဦးဆောင်သော ပရဟိတအဖွဲ့များ စုပေါင်း၍ ပုဂံဘုရားများတွင် သန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၂၀**

ဒယ်အိုးဆရာတော် ဥူးသုမင်္ဂလ ဦးဆောင်သော ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတ စုပေါင်းအဖွဲ့က ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ပြီး ပုဂံနှင့် ညောင်ဦးမြို့ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများ၊ ပတ်ဝန်းကျင်နေရာများတွင် ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ လူအင်အား ၂၀၀ ခန့်နှင့် အမှိုက်သိမ်းယာဉ်များအသုံးပြု၍ လာရောက်ဆောင်ရွက်ပေးခဲ့သည်။

“ဆရာတော် ဥူးသုမင်္ဂလ ဦးဆောင်တဲ့ ရှင်းသန့်မြင့်စေ - ပုဂံမြေ ပရဟိတ စုပေါင်းအဖွဲ့က ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာရှိတဲ့ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာရာမှာ စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ဖို့ ရည်ရွယ်ပြီး ပထမတစ်ကြိမ်ကလည်း လူအင်အား ၁၅၀ နဲ့ ပုဂံမြို့မြင်းကပါကျေးရွာ မနူဟာဘုရားကနေ ပုဂံမြို့သစ်သွားလမ်းတစ်လျှောက်က ဘုရားစေတီ၊ ပုထိုးတွေကို စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု လာရောက်ဆောင်ရွက်တာကတော့ ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်။ ဒုတိယအကြိမ်ကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ ဆောင်ရွက်ပေးခဲ့တာဖြစ်ပြီး သန့်ရှင်းရေးဆောင်ရွက်ပေးတဲ့ နေရာတွေကတော့ အာနန္ဒာဘုရားအနီးကနေ ပုဂံမြို့ဟောင်းသွားလမ်းတစ်လျှောက်ရှိ ဘုရား၊ စေတီပုထိုးများကို သွားတဲ့လမ်းတွေနဲ့ ဘုရားဝန်းကျင်က ချုံနွယ်ပိတ်ပေါင်းတွေ၊ ပေါင်းမြက်တွေနဲ့ ပလတ်စတစ်အမှိုက်သရိုက်တွေကို လူအင်အား ၂၀၀ ခန့်နဲ့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်”ဟု ပုဂံမြို့မြင်းကပါကျေးရွာ(ရေ/သွေး)ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဇော်ပွေးက ပြောသည်။

ယခု ဒုတိယအကြိမ် သန့်ရှင်းရေးဆောင်ရွက်သည့်ရှင်းသန့်မြင့်စေ-ပုဂံမြေ ပရဟိတ စုပေါင်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့များမှာ ရန်ကုန်မြို့ သစ္စာမဏ္ဍိုင် ပရဟိတအဖွဲ့က အဖွဲ့ဝင် ၇၀၊ ပခုက္ကူမြို့ ဦးစန္ဒောဘာသ ရွှေသိမ်တော်ဓမ္မရိပ်သာ ပရဟိတအဖွဲ့က အဖွဲ့ဝင် ၇၀၊ ပခုက္ကူမြို့ကမ္မပရဟိတအဖွဲ့မှ အဖွဲ့ဝင် ကိုရင်လေးများနှင့် သီလရှင်ဆရာလေးများ၊ ပုဂံနှင့် ညောင်ဦးမြို့ပေါ်ရှိ ပရဟိတအသင်းအဖွဲ့များမှ အဖွဲ့သားများဖြစ်ကြပြီး အဖွဲ့အားလုံး စည်းစည်းလုံးလုံးဖြင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီ၊ ပုထိုးများ သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# သာစည်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ထိုးနှံပေးသွားမည်

**သာစည် အောက်တိုဘာ ၂၀**

သာစည်မြို့နယ်တွင် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပေးရာတွင် ရပ်ရွာအခြေပြု၍ အသက် ငါးနှစ်မှ ၁၅ နှစ်အရွယ်အထိ ကလေးများအား နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ပထမအကြိမ် ထိုးပေးမည်ဖြစ်ကာ အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များအား ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်နေ့အထိ ဒုတိယအကြိမ်အဖြစ် ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သာစည်မြို့နယ်တွင် ကျေးရွာအုပ်စု ၈၁ အုပ်စု၊ ကျေးရွာပေါင်း ၂၄၉ ရွာနှင့် မြို့ပေါ်ရပ်ကွက်ကြီး (၇)ရပ်ကွက်ရှိရာ အဆိုပါကျေးရွာ/ရပ်ကွက်များသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သတ်မှတ်ရက်များအတွင်း အစုအဖွဲ့များဖြင့် ကွင်းဆင်း၍ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားကြမည်ဟု သိရသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါပိုးမှာ ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပြီး ရောဂါပိုးရှိသည့်ခြင် အကိုက်ခံရပြီးနောက် အကိုက်ခံရသူသည် ရက်ပေါင်း ၄-၁၅ ရက်ခန့်အတွင်း ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချမ်းတုန်ခြင်း၊ ပျို့အန်ခြင်း၊ ကြွက်သားများနာခြင်း၊ လည်ပင်းတောင့်တင်းခြင်း၊ အားယုတ်ခြင်းနှင့် စိတ်မတည်ငြိမ်မှုဖြစ်ခြင်း၊ တက်ခြင်းစသည့် ဝေဒနာများကို ခံစားရနိုင်ကာ ဆေးဝါးကုသမှု အချိန်နောက်ကျပါက အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# စနစ်ကျလယ်ယာမြေဖြင့် လုပ်သားရှားပါးမှု အခက်အခဲကို လျှော့နည်းစေနိုင်

**ဖျာပုံ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ တောင်သူအများစု၏ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားရှားပါးမှုများနှင့် ရေထိန်းသိမ်းနိုင်မှု အားနည်းခြင်းကြောင့် ရေပို၊ရေလိုခြင်းများကို ကြုံတွေ့နေရကြောင်း သိရသည်။ လက်ရှိအချိန်တွင် မိုးလွန်သည့်အခါမှ အချိန်အခါမဲ့ မိုးရွာသွန်းမှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသဖြင့် တောင်သူများ၏ လယ်မြေများရှိ စိုက်ပျိုးထားပြီးသော စပါးများကို ရိတ်သိမ်းရန် အခက်အခဲ ကြုံတွေ့နေကြရကြောင်းလည်း သိရသည်။



ဖျာပုံမြို့နှင့်ငါးမိုင်အကွာ ဖျာပုံ-ဘိုကလေးကားလမ်း ငါးမိုင်ရေတံခါးအနီးရှိ တောင်သူ ဦးသိန်းလှိုင် ပိုင်ဆိုင်သော လယ်မြေဧက ၄၀၀ ခန့်တွင် စနစ်တကျလယ်ယာမြေစနစ်ဖြင့် ထိုကဲ့သို့သော အခက်အခဲများဖြစ်ပေါ်နေမှုကို အထိုက်အလျောက် ဖြေရှင်းဆောင်ရွက်နိုင်လျက်ရှိကြောင်း သိရသည်။ တောင်သူဦးသိန်းလှိုင်၏ လယ်မြေဧက ၄၀၀ ခန့်တွင် မိုးစပါးဧက ၂၀၀ ခန့် စိုက်ပျိုးထားပြီး ထိုသို့ စိုက်ပျိုးရာတွင် ရေကိုလိုအပ်သလို ထိန်းသိမ်းနိုင်ရန်အတွက် ရေသွယ်မြောင်းများတူးပြီး စိုက်ပျိုးမြေဧက ၂၀၀ ကို စက်ယန္တရားများ အသုံးပြု၍ တာပတ်၊ တာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားခဲ့သည်။ တာပေါင်ပေါ်တွင် နှစ်ရှည်သီးပင်များ စိုက်ပျိုးထားခဲ့သဖြင့် ယခုအခါ နှစ်ရှည်သီးပင်များမှ ရရှိလာသောသစ်များဖြင့် လူနေတဲများ၊ စပါးဂိုဒေါင်များ၊ စက်ယန္တရားများကို အမိုးအကာအောက် ထားရှိရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့တွင် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

တာပတ်၊ တာပေါင်ဖို့၍ စိုက်ပျိုးထားသော လယ်မြေများတွင် ရင့်မှည့်နေသောစပါးများကို ရိတ်သိမ်းရန်အသင့်ဖြစ်နေသည်ကို တွေ့ရသည်။ စပါးများရိတ်သိမ်းရန်အတွက် ရေများကို ရေနုတ်မြောင်းများမှတစ်ဆင့် ရိုးချောင်းအတွင်းသို့ ရေထုတ်ထားပြီးဖြစ်သောကြောင့် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ထိုလယ်မြေများအတွင်းမှ စပါးများရိတ်သိမ်းပြီးပါက တာပတ်ထားသည့် ကုန်ထုတ်လမ်းအတိုင်း အမိုးအကာအောက် ထည့်သွင်းသိမ်းဆည်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တောင်သူဦးသိန်းလှိုင်အနေဖြင့် ကျန်လယ်ဧက ၂၀၀ တွင်လည်း နိုဝင်ဘာလမှစတင်၍ နွေစပါးများစတင်စိုက်ပျိုးမည်ဖြစ်ပြီး မိုးစပါးရိတ်သိမ်းထားသော လယ်မြေများကိုပါ နွေစပါး ထပ်မံစိုက်ပျိုးခြင်းဖြင့် မိမိ၏လယ်ယာလုပ်သားများကို လုပ်ငန်းခွင်မပြတ်စေဘဲ လုပ်သားများ၏ မိသားစုစားဝတ်နေရေးကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ကြောင်း သိရသည်။ တောင်သူဦးသိန်းလှိုင်က စနစ်ကျလယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်ထားခြင်းကြောင့် လုပ်သားရှားပါးမှု အခက်အခဲများကို အထိုက်အလျောက် ဖြေရှင်းနိုင်ပြီး မိမိပိုင် လယ်မြေဧက ၄၀၀ တွင် ရာသီမရွေး သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း ပြောသည်။

ဖျာပုံမြို့နယ်အတွင်း ရေနက်ကွင်းလယ်မြေများရှိ တောင်သူလယ်သမားများသည် ရာသီမရွေး သီးထပ်စပါးစိုက်ပျိုးနိုင်ရန်အတွက် မိမိတို့လယ်မြေများကို ရေသွင်း၊ ရေထုတ်ပြုလုပ်နိုင်ရန် ရေသွယ်တူးမြောင်းတူးခြင်း၊ တာပတ်၊ တာပေါင်ဖို့ခြင်း လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ထားကြခြင်းဖြင့် လုပ်သားရှားပါးမှု အခက်အခဲကို ပြေလည်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ ထိုသို့ လုပ်ကိုင်နိုင်ရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကူညီ၍ ဆောင်ရွက်ပေးကြရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် သီးထပ်စပါးများကို ရာသီမရွေး စိုက်ပျိုးနိုင်ခြင်းဖြင့် မိုးကာလလုပ်ငန်းခွင်ဝင်နေသော လုပ်သားများအတွက် နွေရာသီကာလတွင်လည်း အလုပ်အကိုင် အခွင့်အလမ်းများ မပြတ်ရရှိစေနိုင်သောကြောင့် သီးခြားလုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ ရေခြား၊မြေခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းများ နည်းပါးလာစေပြီး လယ်ယာမြေများတွင် လုပ်သားရှားပါးမှုများကို အတန်အသင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ကဇောင်းကွင်းရှိ တောင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင်မူ ဖျာပုံမြို့နယ်အတွင်းရှိ လယ်ပိုင်ရှင်တောင်သူအများစုမှာ မိမိတို့လယ်ယာမြေအတွက် နိုင်ငံတော်မှ ထုတ်ချေးသော ချေးငွေများကို အကျိုးရှိစွာ အသုံးမပြုနိုင်ခြင်း၊ မိမိတို့စိုက်ပျိုးထားသော စပါးအမျိုးအစားအလိုက် လိုအပ်သော ဓာတ်မြေဩဇာ၊ အမျိုးအစားများကို နားလည်သိရှိမှုမရှိခြင်း၊ ပိုးကျပါက လိုအပ်သောပိုးသတ်ဆေးအမျိုးအစားများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုမရှိခြင်း စသည့် အဆင်မပြေမှုများ ရှိနေကြကာ ထိုအဆင်မပြေမှုများကို ကူညီဆောင်ရွက်ပေးရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ၏ ကူညီမှုများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# ပျော်ရွှင်ဆင်နွဲ တန်ဆောင်မုန်းပွဲ

ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ အလှူမှာကထိန်ဟူသည့် ဆိုရိုးအတိုင်း ဤအလှူသုံးမျိုးကို မြန်မာဗုဒ္ဓဘာသာဝင်တိုင်း အမွန်မြတ်ဆုံး တန်ဖိုးထားကာ ကုသိုလ်ကောင်းမှုပြု၍ လှူဒါန်းကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလရာသီသည် စုပေါင်း၍ ပျော်ရွှင်စွာလှူဒါန်းကြသည့် ပွဲတစ်ခုဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

တန်ဆောင်မုန်းလတွင် မသိုးသင်္ကန်းရက်ပွဲ၊ ကထိန်ခင်းပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲ၊ စတုဒိသာ နိဗ္ဗာန်ဈေးပွဲတော် စသည့် ပွဲများကို မြန်မာတစ်နိုင်ငံလုံး၌ သီတင်းကျွတ်လပြည့်ကျော်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ရိုးရာဓလေ့အရ ကျင်းပဆင်နွှဲကြသည်။ ကထိန်ပွဲဆိုသည်မှာ ရဟန်းသံဃာများအတွက် သင်္ကန်းများဆက်ကပ်လှူဒါန်းသော ပွဲဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဟောကြားချက်အရ ကထိန်ဒါနကို တစ်နှစ်မှာတစ်ကြိမ်သာ လှူဒါန်းခွင့်ရပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရခြင်းဖြစ်၍ ကျောင်းတိုက်တစ်တိုက်လျှင် တစ်ရက်တည်းသာ လှူဒါန်းခွင့်ရသော မွန်မြတ်သည့် ဒါနလည်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရဟန်းသံဃာတော်တို့သည် ကထိန်အလှူနှင့်ပတ်သက်၍ ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ အလိုဆန္ဒဖြင့် နှုတ်မှထုတ်ဖော်၍လည်းကောင်း၊ အရိပ်အယောင်ပြ၍လည်းကောင်း ဖွင့်ဟပြောဆိုခွင့်မရှိသောကြောင့် ဖြစ်သည်။

ကထိန်ခင်းခြင်းအကြောင်းနှင့် သံဃာတော်တို့ကျင့်သုံးရမည့် ဝိနည်းကို သိရှိထားသော အလှူရှင်များသည် တန်ဆောင်မုန်းလ၏ ကထိန်အလှူပွဲတော်ရာသီသို့ မရောက်ခင်ကပင် ကြိုတင်လျှောက်ထားပြီး ကထိန်ဒါယကာ၊ ဒါယိကာမအဖြစ် အဦးဆုံးရအောင် ရယူကြရသည်။ အကယ်၍ မိမိကနောက်ကျ၍ အခြားသူတစ်ဦးက စောသွားပါက အလှူရှင်ဖြစ်ခွင့်မရတော့ပေ။ တစ်ခါတလေ ကံအားလျော်စွာ ကထိန်အလှူရှင်မရှိသေးသော ကျောင်းတိုက်ဆရာတော်နှင့် အကြောင်းအကျိုးတိုက်ဆိုင်ပြီး စကားပြောရာမှ ကထိန်ခင်းခွင့်ရရှိကြသည့် အလှူရှင်များလည်း ရှိသည်။

ကထိန်လျာမြတ်သင်္ကန်း လှူဒါန်းရခြင်းကြောင့် လွန်စွာမှပင် ကုသိုလ်ထူးများရရှိပေသည်။ (၁)ခရီးသွားရာတွင် အနှောင့်အယှက်ကင်းစွာသွားရခြင်း၊ (၂) မိမိဥစ္စာများ တည်မြဲ၍ မပျက်ပြားခြင်း၊ (၃)အစားအသောက်စားသောက်ရာတွင် ဘေးဥပဒ်ကင်းခြင်း စသည်ဖြင့် ထူးကဲစွာသော အကျိုးတရားများ ရရှိပေသည်။

ကထိန်ခင်းရာတွင် သင်္ကန်းကိုသာမက ရဟန်းသံဃာတော်တို့နှင့် စပ်ဟပ်သော လှူဖွယ်ပစ္စည်းမျိုးစုံကို ပဒေသာပင်သီး၍ စီတန်းလှည့်လည်ကာ ကျောင်းသို့ပို့ဆောင်ရသည်မှာ ရင်ဝယ်ပီတိဖြစ်စရာပေသည်။ ကထိန်အလှူရှင်တို့သည် ကထိန်ခင်းသည့်နေ့တွင် ကျောင်းတိုက်၌ ဆရာတော်သံဃာတော်များနှင့် ကြွရောက်လာသော ပရိသတ်များကို မွန်မြတ်သော စားသောက်ဖွယ်ရာများဖြင့် လှူဒါန်းကျွေးမွေးကြသည်။ အလှူမှာ ကထိန်ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကထိန်ခင်းရခြင်းအလုပ်ကို လွန်စွာပင် မြတ်နိုးကြပြီး ကထိန်ရာသီရောက်သည်နှင့် မြန်မာနိုင်ငံ နေရာအနှံ့၌ ကထိန်ခင်း၍ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ဒါနအမှုဆင်နွှဲကြသည်မှာ ကမ္ဘာကပင် အံ့မခန်းဖြစ်ပေသည်။

တန်ဆောင်မုန်းလ၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် ပြုလုပ်ရခြင်းအကြောင်းရင်းသည်ကား ကြတ္တိကာနက္ခတ်ကို ပူဇော်သည့် မီးထွန်းပွဲဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညသည် ကြယ်၊ လ၊ နက္ခတ်တာရာစုံညီသည့် ညဖြစ်ပြီး ထိုညတွင် အထွန်းတောက်ဆုံးဖြစ်သော ကြတ္တိကာနက္ခတ်ကြီးအား ပူဇော်ကြ မီးထွန်းပူဇော်ကြသည်။

ရှေးပညာရှင်များ အဆိုအရ ထိုညမှာ ဆေးပေါင်းခသည့် ညလည်းဖြစ်၍ နွယ်မြက်သစ်ပင်များ ဆေးဖက်ဝင်ကြောင်း ယုံကြည်ကြသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်ညတွင် မြန်မာဗုဒ္ဓဘာသာဝင်တိုင်း ကလေးသူငယ်မှ သက်ကြီးရွယ်အိုမကျန် စုပေါင်း၍ မဲဇလီဖူးသုပ်ကို တပျော်တပါး ကျန်းမာစေကြောင်း စားသုံးကြသည်။

မြူတိမ်ကင်းသည့် တန်ဆောင်မုန်း၊ နက္ခတ်တာရာစုံသည့် တန်ဆောင်မုန်းလ။ ထိုလသည် နက္ခတ်သဘင်ပွဲ သက်သက်မဟုတ်ဘဲ ဘုရားရှင်၏သာသနာတော်ကို စောင့်ရှောက်ကြကုန်သော ရဟန်းသံဃာတော်တို့အား ကထိန်သင်္ကန်းကပ်လှူပွဲများ၊ မီးပုံးပျံလွှတ်ပွဲများနှင့် စတုဒိသာ နိဗ္ဗာန်ဈေးပွဲတော်များဖြင့် ကုသိုလ်လည်းရကာ ကြည်နူးသာယာ ပျော်ရွှင်စေသော ပွဲတော်တစ်ခုလည်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

---

# ဆူးလေလူကူးခုံးကျော်တံတား မြို့ပြအလှနှင့်လိုက်ဖက်ညီစေရန် ဆေးရောင်များခြယ်သ

**ရန်ကုန် အောက်တိုဘာ ၂၀**

မဟာရန်ကုန်မြို့၏ မြို့တွင်းလူစည်ကားရာ ဆူးလေစေတီတော်အနီးရှိ ဆူးလေလူကူးခုံးကျော်တံတားကို မြို့ပြအလှနှင့် လိုက်ဖက်ညီစေရန် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဆေးရောင်များပြန်လည်ခြယ်သလျက်ရှိသည်။



"ကျွန်တော်တို့နှစ်ရက်နဲ့အပြီး ဆေးသုတ်နေတာပါ။ အလုပ်သမား ၁၄ ဦးနဲ့ လုပ်ဆောင်နေတာပါ။ အပြာနုရောင်ဆေးပဲသုံးပါတယ်။ ဆူးလေစကွဲယားဟိုတယ်နားက တံတားအဟောင်းကတော့ နှစ်စဉ်ဆေးသုတ်ရပါတယ်။ အဲ့ဒါနဲ့တစ်ဆက်တည်းရှိတဲ့ လူကူးခုံးကျော်တံတားကတော့ ဒီနှစ်မှ ဆေးသုတ်တာပါ။ ဒီတံတားက လာပြီးလည်ပတ်တဲ့သူများတယ်။ မေးမှိန်နေတဲ့အတွက် အခုလိုဆေးခြယ်သတာဟာ မြို့ပြအလှနဲ့လည်း လိုက်ဖက်ညီစေပါတယ်"ဟု ဆူးလေလူကူးခုံးကျော်တံတား ဆေးသုတ်ခြင်းလုပ်ငန်းကို ကြီးကြပ်နေသော ဦးညီနိုင်က ပြောသည်။

ရန်ကုန်မြို့၏ လူအစည်ကားဆုံးနှင့် ခရီးသွားဖြတ်သန်းမှုများသော မြို့လယ် ဆူးလေခုံးကျော်တံတားပေါ်မှကြည့်ပါက ဆူးလေစေတီတော်နှင့် မြို့လယ်ဟိုတယ်ကြီးများ၏အလှကို အနီးကပ် တွေ့မြင်ရသည့်အတွက် ထိုတံတားပေါ်သို့ နိုင်ငံခြားသား ဧည့်သည်များ လာရောက်ဓာတ်ပုံရိုက်ကြသော နေရာတစ်ခုဖြစ်သည်။ တံတားကိုဆေးသုတ်ခြင်းအတွက် အများစုက ကျေနပ်ကြသော်လည်း ဆေးသုတ်ရာတွင် အလုပ်သမားများ အနေဖြင့် စိတ်ချရသော လုပ်ငန်းခွင်လုံခြုံရေး အခြေအနေမရှိဘဲ ကားများသွားလာနေသည့်အပေါ်တွင် သိုင်းကြိုးများမပါဘဲ အလုပ်လုပ်နေကြသဖြင့် မတော်တဆ ပြုတ်ကျပါက ယာဉ်မတော်တဆမှုများပါ ဖြစ်ပွားနိုင်သည်ဟု ဝေဖန်ပြောဆိုမှုများကိုလည်း ကြားသိရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**

---

# မင်းလှကန်ရေကျော်မှု သတင်းနှင့်ပတ်သက်၍ မြို့နယ်ဆည်မြောင်းဦးစီးဌာနက ပြန်လည်ရှင်းလင်း

**သာစည် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၇ ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြပါရှိသည့် မင်းလှကန်ရေကျော်မှုကြောင့် ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ယာယီရပ်ဆိုင်း ခေါင်းစဉ်ပါ သတင်းနှင့်ပတ်သက်၍ ကားလမ်းရေကျော်သည့်ကိစ္စ ဖြစ်ရပ်မှန်ကို အများပြည်သူတို့ သိရှိနိုင်ရန်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဦးက မြို့နယ်သတင်းထောက်ကို အောက်တိုဘာ ၁၈ ရက်က ခေါ်ယူတွေ့ဆုံ၍ သတင်းအမှန်ကို ရှင်းလင်းပြောကြားခဲ့သည်။

သာစည်မြို့အနောက်ဘက်ရှိ မင်းလှကန်တာပေါင်နှင့်ယှဉ်လျက်ရှိသော မိတ္ထီလာ-သာစည်-တောင်ကြီး အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရေကျော်ရခြင်း ဖြစ်စဉ်အမှန်မှာ မင်းလှကန်မှ ရေကျော်ခြင်းမဟုတ်ကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ရာတွင် ကားလမ်း၏မြောက်ဘက် အထက်ပိုင်းတွင်ရှိသော ကုန်းတောင်းကန်၊ မင်းကန်(၂)(ခေါ်) ကရိုးကန်၊ ကန်လျားရှည်နှင့် ဆည်ကြီးသောက်ရေကန်တို့မှ ပိုလျှံရေများနှင့် ကုန်းစီးရေများ ပူးပေါင်းစီးဆင်းလာပြီး မိတ္ထီလာ-သာစည်-တောင်ကြီးကားလမ်းမကြီးပေါ်တွင် ရေကျော်ကာ မင်းလှကန်ထဲသို့ စီးဝင်ခြင်းသာဖြစ်ကြောင်း၊ မင်းလှကန်မှရေများမှာ ကားလမ်းပေါ်သို့ ကျော်နင်းမှုမရှိကြောင်း၊ ကားလမ်းမှာ မင်းလှကန်ရေပြည့်အမှတ်ထက် နှစ်ပေခန့်ပိုမြင့်သောကြောင့် မင်းလှကန်မှရေသည် ကားလမ်းပေါ်သို့ ကျော်နိုင်ဖွယ်မရှိပါကြောင်း၊ ယခု ကားလမ်းရေကျော်သည့်ဖြစ်ရပ်မှာ မင်းလှကန်ရေလျှံ၍ ရေကျော်ခြင်းမဟုတ်ဘဲ အထက်ဘက်မှ ကုန်းစီးရေ၊ ကန်ရေများက ကားလမ်းကိုကျော်၍ မင်းလှကန်ထဲသို့ စီးဆင်းခြင်းသာဖြစ်ကြောင်းနှင့် ယခုဖြစ်ရပ်မှန်သတင်းနှင့်ပတ်သက်၍ အများပြည်သူတို့သိရှိနိုင်ရန် မြို့နယ်သတင်းအဖွဲ့က ပြန်လည်ရှင်းလင်းဖော်ပြပေးရန် မေတ္တာရပ်ခံပါကြောင်း ရှင်းလင်းပြောကြားသွားသည်။

ယနေ့ အောက်တိုဘာ ၁၈ ရက်တွင် မိတ္ထီလာ-သာစည်-တောင်ကြီး ကားလမ်းမကြီးပေါ်၌ ရေကျော်ခြင်းမရှိတော့ဘဲ ယာဉ်ကြီး ယာဉ်ငယ်များအားလုံး ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်း မောင်းနှင်နေကြပြီဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

---

# မိဘမဲ့ကလေးငယ်များ စားဝတ်နေရေးနှင့် အဆောက်အအုံအတွက် အလှူရှင်များလိုအပ်နေ

**ဘားအံ အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ပြည်ထောင်စုကွင်းတွင် ဖွင့်လှစ်ထားရှိသော အကြင်နာမီးအိမ် ပညာဒါနဂေဟာရှိ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေးငယ်များအတွက် အဆောက်အအုံနှင့် စားဝတ်နေရေး အခက်အခဲများ ဖြစ်နေပြီး အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အကြင်နာမီးအိမ် ပညာဒါနဂေဟာမှာ အဓိကလိုအပ်နေတာက အဆောက်အအုံပါ။ အဆောက်အအုံ မလုံလောက်တဲ့အတွက်ကြောင့် ဒီမှာလာရောက်နေထိုင်ပြီး ပညာသင်ကြားနေတဲ့ ကလေးငယ်တွေဟာ နှစ်ယောက်နေရမယ့်အခန်းမှာ လေးယောက်လောက် ကျပ်ပိတ်ပြီးအိပ်နေကြရတဲ့အတွက် အခက်အခဲအလွန်ဖြစ်နေပါတယ်"ဟု အကြင်နာမီးအိမ် ပညာဒါနဂေဟာမှ တာဝန်ခံ ဦးစောကျော်နိုင်ဦးက ပြောသည်။

လက်ရှိတွင် ကလေးများနေထိုင်ရန် အဆောက်အအုံနှစ်လုံးသာရှိပြီး အဆိုပါ အဆောက်အအုံများကိုလည်း လစဉ် ကျပ် ၂၅၀၀၀၀ ပေးပြီး ငှားရမ်းကာ ကလေးများအတွက် နေရာချထားပေးရခြင်းဖြစ်ကြောင်း၊ စာသင်ဆောင်နှစ်ဆောင်နှင့် မီးဖိုဆောင်တစ်ဆောင်တို့ကိုလည်း ကျဉ်းမြောင်းသောမြေနေရာတွင် ဆောက်လုပ်ပြီး အသုံးပြုနေရသည့်အတွက်လည်း အခက်အခဲများရှိနေကြောင်း ၎င်းက ဆက်ပြောသည်။




အကြင်နာမီးအိမ် ပညာဒါနဂေဟာတွင် မိဘမဲ့ကလေးငယ် ၁၀ ဦးနှင့် ဆင်းရဲနွမ်းပါးသူ ၁၁၃ ဦးနေထိုင် ပညာသင်လျက်ရှိကာ နေထိုင်သူများမှာ အသက် ၁၁ နှစ်မှ ၂၃ နှစ်အရွယ်အထိရှိကြောင်း၊ ဂေဟာတွင် နေထိုင်ကြသည့် ကျောင်းသား ကျောင်းသူများမှာ စတုတ္ထတန်းမှ တက္ကသိုလ်အထိ ကျောင်းသား ကျောင်းသူများဖြစ်ကြပြီး တက္ကသိုလ်ဝင်တန်း တက်နေသူ ၃၄ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၁၅ ဦးရှိကြောင်း သိရသည်။

"ကလေးငယ်များအတွက် နေ့စဉ်စားသောက်ဖို့ တစ်နေ့ကို ဆန်တစ်အိတ်နီးပါးနဲ့ ဟင်းအတွက် ချက်ပြုတ်ငွေက သုံးသောင်းဝန်းကျင်လောက်ကုန်တယ်။ ကလေးတွေကို အသားငါး နေ့စဉ် ဝယ်မကျွေးနိုင်ဘူး။ ဟင်းသီးဟင်းရွက်နဲ့ တစ်ခါတလေ ကြက်ဥသာ ဝယ်ကျွေးနေရတယ်။ အလှူရှင်မရှိတဲ့အချိန်ဆို အခက်အခဲဖြစ်တယ် ။ အဲဒီအချိန်ဆို ကော်မတီဝင်တွေက အလှူလိုက်ခံပြီး ရရှိတဲ့ငွေကြေးနဲ့ ကျွေးမွေးနေရတယ်"ဟု ဦးစောကျော်နိုင်ဦးက ဆက်ပြောသည်။

အဆိုပါ ပညာဒါနဂေဟာတွင် အဆောက်အအုံနှင့် စားဝတ်နေရေးအတွက်အပြင် ကျန်းမာရေး၊ ပညာရေးတို့အတွက်လည်း အကူအညီများ၊ အထောက်အကူပြုပစ္စည်းများ လိုအပ်နေကြောင်း သိရသည်။ ဂေဟာကို ၂၀၁၂ ခုနှစ်ကစ၍ ကျောင်းသား ၁၂ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ကရင်ပြည်နယ် မွန်ပြည်နယ်တို့မှ ကလေးငယ်များ လာရောက်နေထိုင်ခဲ့ရာ လက်ရှိ ဂေဟာတွင် လာရောက်နေထိုင်နေကြသည့် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် ကလေးငယ်အရေအတွက်မှာ ကျား ၅၁ ဦး၊ မ ၇၂ ဦးရှိကြောင်း၊ လာရောက်နေထိုင်သော ကျောင်းသား ကျောင်းသူများကို စေတနာရှင်လုပ်အားပေး ဆရာ ဆရာမများဖြင့် အခမဲ့ စာသင်ကြားပေးခဲ့ရာ ယနေ့အထိ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၇ ဦးကိုမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မင်းက အဆိုပါ ဂေဟာကို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ခံနှင့်သွားရောက်တွေ့ဆုံပြီး အခက်အခဲများကိုမေးမြန်းကာ ကူညီပေးနိုင်ရန်အတွက် ဂေဟာကို တရားဝင်ဖြစ်အောင် မှတ်ပုံတင်လာရောက်လျှောက်ထားရန်နှင့် ယာယီမှတ်ပုံတင်ပြီးပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်ပြပေးပြီး ခွင့်ပြုချက်ရရှိပါက လစဉ် စားဝတ်နေရေးအတွက် လာရောက်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

---

# တရုတ်နိုင်ငံ မျက်စိအထူးကုဆရာဝန်အဖွဲ့က မျက်စိအတွင်းတိမ်ရောဂါ အခမဲ့ခွဲစိတ်ကုသပေး

**တောင်ကြီး အောက်တိုဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှု၊ လေးကျွန်းသူဖောင်ဒေးရှင်းအဖွဲ့၏ ဦးဆောင်မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တရုတ်သံရုံးနှင့် အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်တို့၏ ကူညီပံ့ပိုးမှုဖြင့် တရုတ်နိုင်ငံ Henan Provincal People’s Hospital မှ မျက်စိအထူးကု ဆရာဝန်၊ ဆရာမများပါဝင်သော အဖွဲ့က တောင်ကြီးမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ အောက်တိုဘာ ၁၉ ရက်မှစ၍ အခမဲ့ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိကုဆရာဝန်ကြီးများအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အထိတောင်ကြီးမြို့ စဝ်စံထွန်းအထွေထွေရောဂါကု ဆေးရုံကြီးတွင် အခြေပြု၍ ဒေသခံမျက်စိအထူးကုဆရာဝန်ကြီးများနှင့်အတူ မျက်စိဝေဒနာ(အတွင်းတိမ်)ခံစားနေရသော တိုင်းရင်းသားပြည်သူများအား လူမျိုးဘာသာမရွေးဘဲ မျက်စိအခမဲ့စစ်ဆေးပေးခြင်း၊ နောက်ဆုံးပေါ်နည်းစနစ်ဖြင့် မျက်စိ(အတွင်းတိမ်) အခမဲ့ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ ဆေးဝါးကုသပေးရာတွင် ဒေသခံအဖွဲ့အစည်းများဖြစ်ကြသော နမ့်ခုံးရှမ်းများပရဟိတအသင်း၊ ပအိုဝ်းလူငယ်ကွန်ရက်အဖွဲ့၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များကလည်း ပူးပေါင်းကူညီကြမည်ဖြစ်ကြောင်း သိရသည်။

အခမဲ့ မျက်စိကုသပေးသည့် ၂၀၁၇ မျက်စိအလင်းပြခရီးစဉ် ကုသိုလ်ပြုပွဲကြီးကို ပထမအကြိမ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် မျက်စိဝေဒနာရှင် ၇၀ နှုန်းဖြင့် မျက်စိဝေဒနာရှင် ၃၀၀ ခန့်ကို ကုသမှုပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုကိုယ်စား ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောကြားသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ရောဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ်ခုနစ်ခုတွင် အူရီဒူး၏ 4G ကွန်ရက် ထပ်မံတိုးချဲ့

**ရန်ကုန် အောက်တိုဘာ ၂၀**
ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်ခုတွင် အူရီဒူးမြန်မာ၏ 4G ကွန်ရက် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါမြို့နယ်များမှ မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် အူရီဒူး၏ 4G အင်တာနက်ကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ အောက်တိုဘာ ၁၉ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး 4G အင်တာနက် ဝန်ဆောင်မှုကို ပေးအပ်ခဲ့သည့် အူရီဒူးအနေဖြင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော ဟင်္သာတ၊ ပုသိမ်၊ အင်္ဂပူ၊ မအူပင်၊ မြောင်းမြ၊ ငပုတောနှင့် ညောင်တုန်းမြို့နယ်တို့တွင် 4G ကွန်ရက် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါမြို့နယ်များမှ အူရီဒူးဖုန်းသုံးစွဲသူများအားလုံးအနေဖြင့် အူရီဒူး၏ 4G ကွန်ရက်ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ 4G ကွန်ရက် အသုံးပြုရန်အတွက် ဆင်းကတ်များကို လဲလှယ်ရန်မလိုဘဲ လက်ရှိအသုံးပြုနေသော ဆင်းကတ်များဖြင့်ပင် 4G ကွန်ရက်ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် သုံးစွဲသူများအတွက် 4G အင်တာနက် အသုံးပြုခကို ၁ မီဂါဘိုက်လျှင် ငါးကျပ်နှုန်းဖြင့် ဝန်ဆောင်မှုပေးထားပြီး ပို၍ ဈေးသက်သာစွာ အသုံးပြုနိုင်သော အင်တာနက်ပလန်များလည်း ရှိသည်။ သုံးစွဲသူများအား ဝန်ဆောင်မှုများ တိုက်ရိုက်ပေးအပ်နိုင်ရန်အတွက် အူရီဒူး၏ ကိုယ်ပိုင်အမှတ်တံဆိပ် အရောင်းဆိုင်များကို မြောင်းမြ၊ ဟင်္သာတ၊ ပုသိမ်၊ ဘိုကလေးနှင့် မြန်အောင်မြို့တို့တွင်လည်းကောင်း၊ ကျေးလက်ဒေသအရောင်းဆိုင်များကို ချောင်းသာ၊ ရေကြည်၊ အသုတ်၊ ကန်ကြီးထောင့်နှင့် ကျောင်းကုန်းတို့တွင်လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်းသာမက အခြားမြို့နယ်များ၌လည်း ကွန်ရက်ကို ဆက်လက်တိုးချဲ့နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms. Charity Safford က "ကျွန်မတို့အနေနဲ့ ရောဝတီတိုင်းဒေသကြီးမှာ 4G ကွန်ရက် အဆင့်မြှင့်တင် လွှမ်းခြုံပေးနိုင်ပြီဖြစ်တဲ့အတွက် ကျေနပ်ဝမ်းသာပါတယ်။ အူရီဒူးအနေနဲ့ မြန်မာနိုင်ငံအနှံ့အပြားမှာ ကွန်ရက်ကို စဉ်ဆက်မပြတ်ချဲ့ထွင်ပြီး အဆင့်မြှင့်တင်လျက်ရှိပါတယ်။ ကျွန်မတို့အနေနဲ့ လိုင်းအတည်ငြိမ်ဆုံးနဲ့ အမြန်ဆန်ဆုံး မိုဘိုင်းကွန်ရက်တင် မကပါဘူး။ အဆင့်မြင့်ဝန်ဆောင်မှုတွေကိုလည်း သုံးစွဲသူတွေ အလွယ်တကူ ရရှိနိုင်အောင် ကမ်းလှမ်းပေးလျက်ရှိပါတယ်"ဟု ပြောသည်။

အူရီဒူးမြန်မာသည် ရောဝတီတိုင်းဒေသကြီးတွင် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်တစ်ခုအဖြစ် ဒေသခံ သုံးစွဲသူများထံမှရရှိသော ဖုန်းပြောခငွေထဲမှ တစ်မိနစ်လျှင် တစ်ကျပ်နှုန်းကို ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်လှူဒါန်းပေးသည့် အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရဖြိုး**

# တယ်လီနောမြန်မာ၏ 4G အင်တာနက် ဝန်ဆောင်မှုကို မြို့ကြီးသုံးမြို့တွင် ထပ်မံတိုးချဲ့

**ရန်ကုန် အောက်တိုဘာ ၂၀**
တယ်လီနောမြန်မာအနေဖြင့် 4G အင်တာနက်ကွန်ရက်ကို အောက်တိုဘာလဆန်းတွင် ကချင်ပြည်နယ် ဖားကန့်မြို့၌ တိုးချဲ့ခဲ့ပြီး စက်တင်ဘာလအတွင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကလေးနှင့် တမူးမြို့တို့တွင် တိုးချဲ့၍ ဝန်ဆောင်မှုပေးထားခဲ့ရာ ယခုအချိန်တွင် အဆိုပါမြို့သုံးမြို့ အပါအဝင် ပြည်တွင်းရှိ မြို့ကြီးပေါင်း ၂၉ မြို့၌ တယ်လီနော၏ 4G ကွန်ရက် လွှမ်းခြုံထားပြီးဖြစ်ကြောင်း သိရသည်။

"ဖားကန့်မှာ ကျွန်တော်တို့ရဲ့ 4G/LTE ကွန်ရက်ကို အခုလအတွင်း တိုးချဲ့နိုင်ခဲ့ရာမှာ ဝန်ဆောင်မှုတွေကိုမိတ်ဆက်ပြီးနောက် ဖားကန့်မြို့သူမြို့သားတွေရဲ့ ဒေတာသုံးစွဲမှုတွေ တိုးတက်လာတာကို ကျွန်တော်တို့ သတိထားမိပါတယ်။ ဒီအခြေအနေက ကျွန်ဒေသတွေကိုပါ ကွန်ရက်ဆက်လက်တိုးချဲ့ဖို့ တွန်းအားဖြစ်ခဲ့ပြီး နိုင်ငံတစ်ဝန်းက မြို့ကြီးတွေမှာရှိတဲ့ တယ်လီနောသုံးစွဲသူတွေအနေနဲ့ သာလွန်ကောင်းမွန်တဲ့ 4G/LTE ဝန်ဆောင်မှုတွေကို ဒီနှစ်အတွင်းမှာ ရရှိသုံးစွဲနိုင်ကြဖို့ ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တယ်လီနောသုံးစွဲသူ ၁၉ သန်းရဲ့ ၆၅ ရာခိုင်နှုန်းဟာ အင်တာနက်ဒေတာသုံးစွဲကြသူတွေဖြစ်တာမို့ ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေအကြား တိုးတက်များပြားလာနေတဲ့ ဒေတာသုံးစွဲမှုတွေကို ဖြည့်ဆည်းနိုင်ဖို့ ကွန်ရက်အရည်အသွေးမြှင့်တင်မှုကို ဆက်လက်ဆောင်ရွက်နေမှာလည်း ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောကြားသည်။




ဖားကန့်မြို့နယ်မှ ဒေသခံများအား တယ်လီနော၏ဝန်ဆောင်မှုများကို မိတ်ဆက်နေစဉ်

တယ်လီနောမြန်မာအနေဖြင့် ပြည်တွင်း မြို့ကြီးများ၌ 4G ကွန်ရက် တိုးချဲ့ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှလွဲ၍ နေပြည်တော်အပါအဝင် ကျန်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မြို့ကြီး ၂၉ မြို့တွင် 4G ဝန်ဆောင်မှုများကို ပေးအပ်နေပြီဖြစ်ကြောင်း သိရသည်။
**သူရဖြိုး**

# အင်တာနက်ကို လုံခြုံစိတ်ချစွာသုံးနိုင်ရေး ပညာပေးမည့် Mobile Seminar များ MPT က ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**
မိုဘိုင်းဖုန်းနှင့် အင်တာနက်ကို အသုံးပြုရာတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်စေရေးအတွက် အသိပညာပေးမည့် Mobile Seminar ပွဲများကို MPT ၏ စီစဉ်မှုဖြင့် အောက်တိုဘာလအတွင်းမှစတင်၍ ၂၀၁၈ ခုနှစ် မတ်လအထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် MPT အနေဖြင့် ဘေးကင်းပြီးလုံခြုံသည့် မိုဘိုင်းအင်တာနက် အသုံးပြုမှုများနှင့် စပ်လျဉ်း၍ Mobile Seminar ပွဲပေါင်း ၁၁၀ ကို နိုင်ငံတစ်ဝန်းတွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘေးကင်းလုံခြုံသော အင်တာနက်အသုံးပြုမှုဆိုင်ရာ သိကောင်းစရာများကို အခမဲ့တက်ရောက်၍ သိရှိစေနိုင်မည့် အဆိုပါဆွေးနွေးပွဲများကို မြို့နယ်ပေါင်း ၁၀၀ ကျော်ရှိ ကျောင်းများ၊ တက္ကသိုလ်များနှင့် အခြားသောနေရာများတွင် MPT က စီစဉ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲများတွင် သင့်လျော်သော မိုဘိုင်းဖုန်းအသုံးပြုပုံနှင့် အင်တာနက်အသုံးပြုရာတွင် သိရှိသင့်သည့် ကျင့်ဝတ်များ၊ အင်တာနက်လုံခြုံရေးနှင့် အွန်လိုင်းအသုံးပြုခြင်းတို့တွင် မည်ကဲ့သို့ လုံခြုံစွာအသုံးပြုရမည်ဟူသောအချက်များ၊ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့် နှောင့်ယှက်ခြင်းတို့ကို မည်သို့ ကာကွယ်တားဆီးရမည်ဆိုသော အချက်အလက်များအပြင် မိမိတို့၏ကိုယ်ပိုင် အချက်အလက်များကို ကာကွယ်ခြင်း အစရှိသော အရေးကြီးသည့် ခေါင်းစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆွေးနွေးပွဲတက်ရောက်သူများအား ၎င်းတို့၏ မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုများကို အပြည့်အဝ အသုံးချတတ်လာနိုင်စေရန်အပြင် စမတ်ဖုန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ကုန်ကျစရိတ်သက်သာစွာ အသုံးပြုနိုင်စေရန်အတွက် လမ်းညွှန်ချက်များ၊ လေ့ကျင့်ပေးမှုများကိုလည်း MPT အဖွဲ့သားများက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT အနေဖြင့် ဆွေးနွေးပွဲများပြုလုပ်၍ လုံခြုံသောအင်တာနက်သုံးစွဲမှုအကြောင်း ပညာပေးခြင်းကို ပြီးခဲ့သည့်နှစ်အတွင်းကလည်း နိုင်ငံတစ်ဝန်းရှိ မြို့နယ်အများအပြား၌ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ Mobile Seminar ပွဲပေါင်း ၁၉၅ ပွဲကို ကျောင်းများ၊ တက္ကသိုလ်များနှင့် စက်မှုဇုန်များတွင် ပြုလုပ်နိုင်ခဲ့ကာ အဆိုပါ ပညာပေးအစီအစဉ်များမှာ ယခုအချိန်အထိ အောင်မြင်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပညာပေးအစီအစဉ်များကို ထပ်မံပြုလုပ်ခြင်းဖြစ်သည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr.Reizo Umeda က "ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့အကြိမ်တွေတုန်းက ပါဝင်တက်ရောက်သူများစွာနဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာ အခုအချိန်အထိ အောင်မြင်မှုရရှိနေခဲ့တဲ့ Mobile Seminar ပွဲတွေကို အခုလို တစ်ကျော့ပြန် ပြန်လည်စတင်နိုင်ခြင်းအတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ တစ်နိုင်ငံလုံးရဲ့ မိုဘိုင်းအင်တာနက်အသုံးပြုမှုနှုန်း တိုးတက်လာပေမယ့် ဆိုက်ဘာအလွဲသုံးစားလုပ်မှုတွေ၊ ဘေးကင်းတဲ့ အင်တာနက်အသုံးပြုနည်းလမ်းတွေစတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး နားလည်သိရှိမှုအပိုင်းတွေမှာ ကွာဟချက်တွေ ရှိနေပါသေးတယ်။ အသုံးပြုသူတွေရဲ့ နားလည်တတ်သိမှုဟာ နိုင်ငံအတွင်း ဆက်သွယ်မှုတိုးမြင့်လာတာနဲ့အမျှ လိုက်လျောညီထွေ လိုက်လံတိုးတက်လာဖို့အတွက် MPT အနေနဲ့ ရှေးရှုလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ မိုဘိုင်းအင်တာနက်ဆက်သွယ်ရေး တိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတို့၏ နေထိုင်မှုအဆင့်အတန်းများကို သိသိသာသာ တိုးမြင့်လာစေနိုင်ခဲ့သော်လည်း အသုံးပြုသူများအတွက် ဖြစ်လာနိုင်ခြေရှိသည့် အန္တရာယ်များကိုလည်း အလေးပေးဖော်ပြရန် လိုအပ်လျက်ရှိသဖြင့် MPT အနေဖြင့် အင်တာနက်ဝန်ဆောင်မှုများမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း သိရှိလာနိုင်စေရန် အားပေးမြှင့်တင်ခြင်းအပြင် ဘေးမကင်းသော အွန်လိုင်းအသုံးပြုမှုများ၊ အွန်လိုင်းကို လုံခြုံစွာအသုံးပြုခြင်းနှင့် မလိုအပ်ဘဲ ဒေတာများကုန်ဆုံးသွားခြင်းတို့မှကာကွယ်ရန် စသည်တို့နှင့် ပတ်သက်၍လည်း အသုံးပြုသူများ အသိပညာတိုးပွားစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။
**သူရဖြိုး**

**ဖခင်အမည်မှန်**
တန့်ဆည်မြို့၊ အထက(၁)အဋ္ဌမတန်း(A)မှ မအိမွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၅/တဆန(နိုင်)၀၈၉၇၇၉ ဖြစ်ပါကြောင်း။
ဦးစန်းလွင်

## အများသိစေရန်

မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်ရှိ သီရိမင်္ဂလာအိမ်ရာ တိုက်ခန်းအမှတ်(F)၊ အခန်းအမှတ်(၀၀၈)၊ မြေညီထပ်လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မွန်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ ရုံးခန်းဖွင့်လှစ်နိုင်ရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထင်အောင်ခိုင် ၈/ပခန(နိုင်)၀၀၀၆၇၈ က ယင်းတိုက်ခန်း၏ လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဦးညီညီထံမှ ဝယ်ယူသွားမည် ဖြစ်ပါသည်။

အကယ်၍ ယင်းတိုက်ခန်းနှင့် စပ်လျဉ်း၍ပိုင်ရေးဆိုင်ခွင့်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဉာဏ်
LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ
စဉ်-၅၇၄၂ (၃၁-၇-၁၉၉၁)
အမှတ်(၇၁၅)အောက်လမ်းမကြီး
မောင်ငံရပ်၊ မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) (ယခုအရှေ့ပိုင်းမြို့နယ်) မြေတိုင်းရပ်ကွက်၊ အမှတ်(၅)တော်ဝင်လမ်း၊ မြေကွက်အမှတ် (၉၉၄)၊ အမည်ပေါက်ဦးမောင်မောင်စန်း၊ မှတ်ပုံတင်အမှတ် ISN - 198344ထံမှ အရပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်သူ ဦးလွင်ဦး ၁၂/ကမတ(နိုင်)၀၃၀၃၀၄ထံမှ မြေကွက်၏ခေါင်းရင်းဘက် ပေ(၂၀ × ၆၀)မြေနှင့်မြေပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင်ကို ဒေါ်ခင်ယုလွင် ၁၂/ဒပန(နိုင်) ၀၂၆၉၂၆ကဝယ်ယူရန် စရံပေးစာချုပ်ဖြင့် မြေကွက်၏တန်ဖိုးတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါမြေကွက်နှင့် ပတ်သက်ရန်သက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားအပြည့်အစုံနှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဒေါ်ခင်ယုလွင် (၁၂/ဒပန(နိုင်)၀၂၆၉၂၆)
အမှတ်(၉၈၇)၊ တော်ဝင်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် (၄၆)ရှိ ဧရိယာ ၂၃. ၉ × ၅၈ ပေရှိ တိုက်ခန်းအား အမှန်တကယ်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးအောင်ထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်မြခင်စိုး (၁၄/ပသန(နိုင်)၁၄၈၄၆၉)
ဖုန်း-၀၉ ၄၃၀၈၉၇၀၆

အလုပ်အကိုင်အတွက် စီးပွားဖက်၊ အချစ်ရေးအတွက် အိမ်ထောင်ဖက်၊ အောင်မြင်ရေးအတွက် အဆောင်လိုအပ်နေသူများ တစ်နှစ်တာအတွင်း ဆောင်ထားသင့်သည့်စာအုပ် -
၂၀၁၈-ခုနှစ်
ဝံ-ဏ-ဏ-ဝိ
၁၂-ရာသီဖောက်ခန်း
City Mart, Ocean, City Express, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၅၀၄၄၅၇၉၊ ၀၉-၄၂၈၆၁၀၄၈၈
ထွက်ပြီ
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၂၂၃၈၊ Honda Wave 110 S/ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိထွေးကလျာ ၁၀/ရမန(နိုင်)၁၃၆၆၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ ပညာပန်းတိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေနဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ဆန်း ၁၂/လမန(နိုင်) ၀၁၇၃၀၄ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လွင်သိန်း ၁၀/မလမ(နိုင်)၂၂၃၁၉၀ ၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

မောင်ဆွမ်ဖူ ၁၃/လရန(နိုင်) ၁၁၇၀၁၉၏ Passport. No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၉၀၃၄၅၇၈**

## ပျောက်ဆုံးကြောင်း

HKAWNG TSE ၏ Passport. No MB-208017သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။


အချိန်နေရာမရွေး
ချက်ချင်းမြန်မြန်ငွေလွှဲရန်
M-ပိုက်ဆံနဲ့ ငွေဖြည့်ပြီး
ဖုန်းငွေ ၂၀ ရယူပါ
M-ပိုက်ဆံ
*999#
ကို ခေါ်ဆို
စာရင်းသွင်းပြီး
App ကို
ဒေါင်းလုတ်ရယူပါ
ooredoo
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ

## ညောင်ကန်အေးသာသနာ့ရိပ်သာ (၃၇)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဝါကပ်တော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့အား (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၉-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကထိန်လျာသင်္ကန်းကို ရေစက်ချ လှူဒါန်းမည်ဖြစ်ပါ၍ အလှူရှင်အပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ညောင်ကန်အေးသာသနာ့ရိပ်သာ**
**ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့**

## ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် (စနေထောင့်) ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း မဟာဘုံကထိန် ဖိတ်ကြားလွှာ

ရွှေတိဂုံစေတီတော် စနေထောင့်ရှိ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို ၂၈-၁၀-၂၀၁၇ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် (စနေထောင့်ရှိ) ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း တန်ဆောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**၂၈-၁၀-၂၀၁၇ ရက် (စနေနေ့)**

**အမှုဆောင်အဖွဲ့**

## မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။

အိမ်အရောက်ငွေချေခနစ်၊ ပွဲခပေးရန်မလို

Ph: 01-2339310, 01-2339355, 01-578044

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

(၃၉)ကြိမ်မြောက် အကောက်ခွန်မိသားစု ဘုံကထိန်နှင့်သက်ကြီးပူဇော်ပွဲကို မင်းကွန်းတောရကျောင်း အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံပုဂ္ဂိုလ်များ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်နေ့ရက်** - ၂၄-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

၁။ ပဒေသာပင်အတွက် လှူဖွယ်ပစ္စည်းများကို ဝန်ထမ်းဟောင်းများအသင်းသို့ ၂၃-၁၀-၂၀၁၇ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ လာရောက်လှူဒါန်းနိုင်ပါသည်။
၂။ အသင်းတိုက်မှ ကြို/ပို့ယာဉ်များ ၂၄-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၈း၀၀ နာရီတွင် ထွက်ခွာပါမည်။

**(သီးခြားဖိတ်စာမပို့ပါ)** **အလုပ်အမှုဆောင်အဖွဲ့**

## တောင်ကြီးမြို့ အထက(၃) တတိယအကြိမ် မြတ်ဆရာပူဇော်ကြမည်

တောင်ကြီးမြို့၊ ယခင်စိန့်အင်းန်ကွန်ဗင့်ကျောင်းနှင့် အမျိုးသမီးအခြေခံပညာအထက်တန်းကျောင်း ယခုအမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းကြီး၏ (၁၉၂၉ခုနှစ်မှ ၂၀၁၀ခုနှစ်)အထိ ပညာသင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက တတိယအကြိမ်မြောက် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ကြွရောက် ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(၁) ၂၉-၁၂-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
(၂) ၃၀-၁၂-၂၀၁၇ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အသက်(၇၅)နှစ်နှင့်အထက် ဆရာ ဆရာမများကို ခန်းမဆောင်ကြီးတွင် တစ်နေရာလည်းကောင်း၊ အသက်(၇၅)နှစ်အောက် ဆရာ ဆရာမများအား လိပ်ခုံးခန်းမတွင်လည်းကောင်း နှစ်နေရာတွင် တစ်ပြိုင်နက်တည်း ကန်တော့ကြပါမည်။
(၃) ၃၀-၁၂-၂၀၁၇ ရက် ညနေ ၅ နာရီတွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ မိတ်ဆုံညစာစားကြပါမည်။

ကန်တော့ခံဆရာ ဆရာမများစာရင်းကို ၁-၁၂-၂၀၁၇ ရက် နောက်ဆုံးထား စာရင်းသွင်းကြပါမည်။ ဆရာ ဆရာမစာရင်းများကို ကျောင်းဖုန်း-၀၈၁-၂၁၂၁၂၂၆ နှင့် ၀၉-၇၉၅၃၃၀၃၂၇၊ ၀၉-၄၂၈၃၃၀၈၇၈ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် ၀၀၁-၃၀၄-၀၀၁၀၄၃၆၆၉၀၁ နှင့် ဖုန်း-၀၉-၄၂၈၃၃၈၄၂၇၊ ၀၉-၃၆၃၄၃၈၆၀၊ ၀၉-၄၂၈၃၂၄၃၄၄၊ ၀၉-၄၄၈၅၃၄၁၉၆၊ ၀၉-၅၁၂၅၄၆၉၊ ၀၉-၂၅၁၁၅၆၃၈၃ (တောင်ကြီးမြို့)၊ ၀၉-၇၃၀၃၉၄၈၇၊ ၀၉-၈၆၁၃၁၅၇ (ရန်ကုန်မြို့)၊ ၀၉-၉၇၅၀၃၂၂၅၃၊ ၀၂-၃၆၂၅၆ (မန္တလေးမြို့)၊ ၀၉-၅၀၆၅၆၀၆ (နေပြည်တော်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်း(PA-OH)အမျိုးသားဓမ္မာရုံ (၂၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဓာန နာယကဆရာတော်ကြီးများအား အမှူးထား၍ အမှတ် ၃၈၊ ဗဟန်း ၁ လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုဝ်း(PA-OH) အမျိုးသားဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၉-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးခွန်လှကျော် ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၉-၃၁၀၅၅၇၆၇၊ ပအိုဝ်း(PA-OH)အမျိုးသားဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပအိုဝ်း(PA-OH)အမျိုးသားဓမ္မာရုံ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**ဖုန်း-၀၁-၃၈၀၈၉၇**

## ခေတ္တရာအသင်း(ရန်ကုန်မြို့) (ပြည်ရွှေတောင်ပန်းတောင်း ပေါက်ခေါင်းသဲကုန်းပေါင်းတည်) ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ

ခေတ္တရာအသင်း(ရန်ကုန်)၏ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၉-၁၀-၂၀၁၇ (၁၃၇၉)တန်ဆောင်မုန်းလဆန်း(၁၀) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင်အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးကိုကိုဇော် ဖုန်း-၀၉-၅၄၀၅၇၇၉၊ ဦးရဲထွဋ်ဝင်း ဖုန်း-၀၉-၅၁၉၇၅၃၁၊ ဒုတိယဗိုလ်မှူးကြီး သက်ဦးမောင်(ငြိမ်း) ဖုန်း-၀၉-၅၁၇၈၄၂၀၊ ဒေါ်စုစုလွင် ဖုန်း ၀၉-၄၅၀၀၆၃၆၃၇၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၃၀၁၉၅၇၊ ဒေါ်ဥမ္မာသန်း ဖုန်း-၀၉-၅၀၀၄၂၃၁၊ ဦးမျိုးအောင် ဖုန်း-၀၉-၇၃၁၆၆၄၅၆ တို့အားဆက်သွယ်၍ ၄င်းခေတ္တရာအသင်း ကမ္ဘောဇဘဏ် ကျွန်းတောလမ်း ငွေစာရင်းအမှတ်- ၀၅၇-၃၀၄-၀၉၇၀၂၄၃၄၇၀၁ ပေးသွင်း၍လည်းကောင်း လှူဒါန်းနိုင်ပါသည်။ **အမှုဆောင်အဖွဲ့**

## မြတ်မဟာဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့ အထူး Promotion ခရီးစဉ်

၈ ရက်ခရီး - ဥသိန်း ၆သောင်းကျပ် - သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ-နီပေါ)
(Dec-3) (Feb-10) (Mar-3) (Apr-11)

၁၁ ရက်ခရီး - ၁၀သိန်း ၂သောင်းကျပ် - သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၄)ဌာန (သင်္ကဿနဂိုရ်)၊
(Dec-17)(Dec-31) (Jan-21)(Feb-18)(Apr-1) ဘုရားဌာန အားလုံး။(အိန္ဒိယ-နီပေါ) အထူးခရီးစဉ်

၁၅ ရက်ခရီး - ၁၁သိန်း ၅သောင်းကျပ်- (Hotel-၂ည) သံဝေဇနီယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ(တပ်ချပ်မဟာ)၊ နယူးဒေလီနေရာစုံ (အိန္ဒိယ-နီပေါ)
(Nov-1,18) (Dec-16,31) (Jan-24) (Feb-10,25) (Mar-17) (Apr-8)

၁၈ ရက်ခရီး - (Dec-31) ၁၁သိန်း ၅သောင်း -(Hotel-၂ည)၊ အထူး Promotion ခရီးစဉ် နေရာစုံ

(၁၀) ဦး တစ်စု (၁) ဦးလက်ဆောင်ပေးသည်။ နယ်မှ ခရီးသည်များ ကြို/ပို့ တည်းခိုရေး အခမဲ့ပေးသည်။ ယာနာနိုဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Servcie ဘုရားဌာန (၄)ဌာနတွင် စုပေါင်းကြာသယ်နီး (၁၁) ထည် မွေ့ဒါနပေးသည်။ ဒေလီနှင့် အာဂရာတွင် ဟိုတယ် (၂)ညအိပ်၍ နံနက်/ နေ့လည်/ ညစာဖြင့် ဧည့်ခံကျွေးမွေးမည်။ ကားညမောင်း (လုံး၀) မပါပါ။

အောက်တိုဘာလ စရံပေးသူ ၂၀၀၀၀ိ/ နှင့် Passport ကြေး ၃၀၀၀၀ိ/ လျှော့ပေးသည်။ ခရီးစဉ်အားလုံး စရိတ်ငြိမ်း။

မြတ်မဟာဓိရုံးခန်းတွင် (DVD) အခွေနှင့် ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်။

